ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ကုသိုလ်ကောင်းမှုလျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှန့်နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင်ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၁ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၈ ရက်၊ စနေနေ့။ Saturday, 21 September 2019 ၉၇၇၉

# ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်ထောင်စုအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ပြည်ထောင်စုအဆင့် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်)အား ဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ (သိပ္ပံဘာသာတွဲ) တွင် ရမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်လင်းသန်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ပြည်ထောင်စုအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သော သိပ္ပံဘာသာတွဲ၊ သိပ္ပံနှင့် ဝိဇ္ဇာ ပေါင်းစည်းဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲမှ ထူးချွန်ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်သည့် အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်၍ ဂုဏ်ပြုဆုများ

**တက္ကသိုလ်ဝင်စာမေးပွဲတွေရဲ့အရေးပါမှုဟာ လူမှုရေးသာမက၊ စီးပွားရေး၊ နိုင်ငံရေးတို့နဲ့လည်း ဆက်နွှယ်နေပါတယ်။ ကလေးများ အသက်(၅) နှစ်မှစပြီး ကျောင်းတက်ပညာရှာကြရတဲ့ အကြောင်းရင်းကတော့ နောင်အနာဂတ် လူကြီးဖြစ်လာတဲ့အခါ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကိုရပ်တည်နိုင်ဖို့ပါပဲ**

ပေးအပ်ချီးမြှင့်ကြသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာဖေမြင့်၊ ဦးမင်းသူ၊ သူရဦးအောင်ကို၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



ကြေးမုံ

# အတ္တဟိတ ပရဟိတ ချိန်ခွင်လျှာညီမျှ

လူမှုဘဝနယ်ပယ်တွင် အတ္တဟိတ ပရဟိတ ဤနှစ်ခု အားပြိုင်မှုဖြင့် ကောင်းခြင်း၊ ဆိုးခြင်း အကျိုးအနည်း၊ အများ ဖြစ်ပေါ်ပါသည်။ အတ္တနှင့်ပရတည်းဟူသော အမှုကိုဆောင်ကြဉ်းကြရာတွင် မိမိအတွက်လား၊ အများအတွက်လား မည်သည့်အမှုအား ပို၍ရှေ့တန်းတင်ကြသည်ကို ဆန်းစစ်ကြည့်ရမည်ဖြစ်သည်။ လူ့ဘောင်လောကတွင် အတ္တကိုသာရှေ့တန်းတင်ကြသည်က များသည်ဟု ဆိုချင်သည်။ အကယ်၍ ပရကိုရှေ့တန်းတင်၍ အတ္တလျှော့ပါးလျှားအောင်လုပ်မည်ဆိုပါက လုပသောလူ့ဘောင်လောကတည်ဆောက်နိုင်ပေလိမ့်မည်။

ပရအတ္တနှင့်စပ်လျဉ်း၍ ၂၀၁၉ ခုနှစ် အပြည်ပြည်ဆိုင်ရာဒီမိုကရေစီနေ့အခမ်းအနားတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က "ဒီမိုကရေစီကို တန်ဖိုးထားပြီး ရှင်သန်စေချင်တယ်ဆိုရင် ပရဟိတ အတ္တဟိတ ဒီနှစ်ခုကို ချိန်ခွင်လျှာညီမျှအောင် လုပ်ရမှာဖြစ်ပါတယ်"ဟု ပြောကြားထားသည်။ လူတို့သည် အတ္တကိုယ်ကျိုးစီးပွားအတွက် ရှင်သန်နေသူများရှိသလို အများအကျိုးအတွက် လှုပ်ရှားနေသူများလည်းရှိသည်။ ယခုအခါ အများအကျိုး သယ်ပိုးကြသူများကို ဒေသအနှံ့တွင် မြင်တွေ့လာရသည်မှာ ဝမ်းမြောက်စရာဖြစ်သည်။ မိမိအကျိုးကိုမငဲ့ဘဲ အများအကျိုးအတွက် စွန့်လွှတ်စွန့်စားလုပ်ကိုင်ကြသည်မှာ ဂုဏ်ယူစရာဖြစ်သည်။

သို့သော် အချို့သောကဏ္ဍတို့တွင် အများအကျိုးကိုရှေ့တန်းမတင်ဘဲ ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်နေကြသောကြောင့် မပြေလည်မှုများ၊ မအောင်မြင်မှုများ ဖြစ်နေသည်ကိုတွေ့ရသည်။ သတင်းစာပညာတွင် အများပြည်သူအား အသိပေးတင်ပြရာ၌ လူအများအကျိုးကို ရှေးရှုရသည်။ လူအများအကျိုးနှင့် အများပြည်သူအကျိုးစီးပွားယှဉ်လျှင် အများပြည်သူအကျိုးစီးပွားကိုရှေးရှုရသည်။ အများပြည်သူအကျိုးစီးပွားနှင့် နိုင်ငံ့အကျိုးစီးပွားယှဉ်လျှင် နိုင်ငံ့အကျိုးစီးပွားကို ရှေးရှုရသကဲ့သို့ ပိုမိုအရေးကြီးသော၊ ပိုမိုတန်ဖိုးများသော အရေးကိစ္စများကို ပိုမိုအလေးထားရသည်။

ပုထုဇဉ်လူတို့သည် ကိုယ်ကျိုးစီးပွား အတ္တနှင့်မကင်းနိုင်သည်မှာမှန်သော်လည်း တစ်ဦးချင်း အနည်းမှအများဆီသို့ ဦးတည်ရမည်ဖြစ်သည်။ တစ်ဦးချင်းအခွင့်အရေး၊ တစ်ဦးချင်းရပိုင်ခွင့်မှ ကိုယ့်မိသားစုအခွင့်အရေး၊ ရပိုင်ခွင့်ဆီသို့လည်းကောင်း၊ ကိုယ့်မိသားစုအခွင့်အရေးမှ ကိုယ့်ရပ်ရွာအခွင့်အရေး၊ ကိုယ့်မိသားစုရပိုင်ခွင့်မှ ကိုယ့်ရပ်ရွာရပိုင်ခွင့်။ ထိုမှ ကိုယ့်မြို့နယ်အခွင့်အရေး၊ ထိုမှ ကိုယ့်တိုင်းကိုယ့်ပြည်နယ်အခွင့်အရေး၊ ရပိုင်ခွင့်။ ကိုယ့်လူမျိုးအခွင့်အရေး၊ ရပိုင်ခွင့်။ ထိုမှတစ်ဆင့် ကိုယ်နိုင်ငံအခွင့်အရေး၊ ရပိုင်ခွင့်။ ထိုမှတစ်ဆင့် ကိုယ့်ကမ္ဘာအခွင့်အရေး စသည်ဖြင့် တစ်ဆင့်ချင်း တစ်ဆင့်ချင်း ဆောင်ကြဉ်းယူရမည် ဖြစ်သည်။

ထိုသို့ အများအခွင့်အရေး၊ ရပိုင်ခွင့်များကို တစ်ဆင့်ချင်းတစ်ဆင့်ချင်း တိုးတက်ရယူနိုင်ကြရန်အတွက် မိမိတို့ကိုယ်ပိုင်အရေးကိစ္စမှစ၍ အတ္တမာနများကို လျှော့ချကြရမည်ဖြစ်သည်။ ပြည်သူအများ၏ဆန္ဒ၊ ယုံကြည်ချက်၊ မျှော်လင့်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် စဉ်းစားတွေးတောထားရမည်ဖြစ်သည်။ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ အစွမ်းကုန်ကြိုးစားနိုင်ရန် ပြင်ဆင်ထားရမည်ဖြစ်သည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် မကြာခဏမှာကြားလေ့ရှိသည့် "ကိုယ်ဘာရနိုင်မလဲဆိုတာထက် ကိုယ်ဘာပေးနိုင်မလဲဆိုတာကို စဉ်းစားလုပ်ဆောင်ရန်"အလေးထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ အတ္တဟိတ ပရဟိတ အားပြိုင်လျက်ရှိသည့် လူမှုဘဝ၊ စီးပွားရေးဘဝ၊ နိုင်ငံရေးဘဝ နယ်ပယ်အသီးသီးတွင် အတ္တဟိတ ပရဟိတ ဤနှစ်ခုကို ချိန်ခွင်လျှာညီမျှအောင် အားထုတ်မှုပြုရာ၌ အတ္တဟိတကို အလေးမပေးဘဲ အများအကျိုး၊ နိုင်ငံ့အကျိုးကိုရှေးရှု၍ လူ့ဘောင်လောက သာယာမှုဖြစ်အောင် အလေးထားဆောင်ရွက်စေလိုပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## (၇၂) ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော (၇၂) ကြိမ်မြောက် တိပိဋကဓရ၊ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ အာဂုံပြန်ဆိုနှင့် သဘောရေးဖြေပွဲကို ၁၃၈၁ ခုနှစ်၊ ပြာသိုလဆန်း ၃ ရက်(စနေနေ့)မှ ၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၅ ရက်(ဗုဒ္ဓဟူးနေ့)အထိ (ဒီဇင်ဘာ ၂၈ ရက်မှ ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီ ၂၉ ရက်အထိ) ကျင်းပမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုမည့် သံဃာတော်အရှင်သူမြတ်များသည် ၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်(အောက်တိုဘာ ၃၀ ရက်) နောက်ဆုံးထား၍ ဝင်ခွင့်တောင်းခံလွှာများကို ဓာတ်ပုံ ၂ ပုံနှင့်အတူ ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ စာမေးပွဲဌာနခွဲ၊ တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးအဖွဲ့သို့ ပေးပို့ရန်ဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးတင်သွင်းပြီးနောက် အကြောင်းမညီညွတ်၍ ပြန်ဆို၊ ဖြေဆိုရန် ပျက်ကွက်ပါက ပျက်ကွက်သည့်အကြောင်းကို ၁၃၈၁ ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်ကျော် ၄ ရက် (နိုဝင်ဘာ ၁၅ ရက်) နောက်ဆုံးထား၍ အကြောင်းပြန်ကြားရန် ဖြစ်သည်။

စာမေးပွဲဝင်ခွင့်တောင်းခံလွှာများကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ အဆိုပါရုံးများတွင် ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၄၀/၂၀၁၉**

၁၃၈၁ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်
(၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်)

**တိုင်းဒေသကြီးဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၆၂၊ ပုဒ်မခွဲ (စ)၊ ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၉၊ ပုဒ်မခွဲ (ဂ) နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ ဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဒေါက်တာစိုးဝင်းကို ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီးဌာန ဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ ကျင်းပမည်

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက နှစ်စဉ်ကျင်းပမြဲဖြစ်သော အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲကို (၁၃၈၁ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၉၊ ၁၀၊ ၁၁ ရက် ဒီဇင်ဘာ ၂၀၊ ၂၁၊ ၂၂ ရက်) တို့တွင် ခွင့်ပြုထားသော စာဖြေဌာနတို့၌ တစ်ပြိုင်နက်တည်း ကျင်းပမည်ဖြစ်သည်။

အဘိဓမ္မာ(ရိုးရိုး)နှင့် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲများကို အစိုးရပထမငယ်တန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲအောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာ ဖြေဆိုခွင့်ရှိသည်။ အဘိဓမ္မာ (ရိုးရိုး) အောင်မြင်ပြီးသူများသည် အဘိဓမ္မာ(ဂုဏ်ထူးဆောင်) စာမေးပွဲကိုဖြစ်စေ၊ ဝိသုဒ္ဓိမဂ် စာမေးပွဲကိုဖြစ်စေ ဖြေဆိုနိုင်သည်။

ဝိသုဒ္ဓိမဂ်စာမေးပွဲကို အစိုးရပထမကြီးတန်း၊ ဓမ္မာစရိယတန်း (သို့မဟုတ်) ၎င်းနှင့်အလားတူ စာမေးပွဲများ အောင်မြင်ခြင်းမရှိသေးသော သီလရှင်များနှင့် လူပုဂ္ဂိုလ်များသာဖြေဆိုခွင့်ရှိသည်။

အဘိဓမ္မာ ဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ် စာမေးပွဲများတွင် တစ်ဆင့်ဖြစ်စေ၊ နှစ်ဆင့်ဖြစ်စေ၊ သုံးဆင့်ဖြစ်စေ နှစ်ချင်းပေါက် ဖြေဆိုခွင့်ရှိသည်။ ယခင်က သုံးဆင့်လုံး အပြည့်အစုံ မအောင်မြင်သေးသူများအနေဖြင့် သုံးဆင့်လုံးကို နှစ်ချင်းပေါက် ထပ်မံဖြေဆိုခွင့်ရှိသည်။

စာမေးပွဲဝင်ခွင့် တောင်းခံလွှာများကို သက်ဆိုင်ရာ စာဖြေဌာနများတည်ရှိရာ တိုင်းဒေသကြီး/ပြည်နယ်ရှိ မြို့နယ် သံဃနာယကအဖွဲ့ရုံးများ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများသို့ ပေးပို့ထားပြီးဖြစ်၍ အဆိုပါရုံးများတွင် ဖြေဆိုလိုသည့် ပုံစံများကို ထုတ်ယူနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၂၀**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအား အနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။ **မိုး/ဇလ**

## နောက်(၂)ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများတွင် ထစ်ချုန်းမည့် အခြေအနေများ ဆက်လက်ဖြစ်ပေါ်နေမည်။ **မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၀-၉-၂၀၁၉)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၂,၀၀၀ | ၁၂,၀၀၀ | ၁,၂၈၈ | ၁၅,၂၅၃,၀၀၀ |
| MTSH | ၄,၅၀၀ | ၄,၅၀၀ | ၃,၉၈၅ | ၁၇,၇၇၂,၅၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၁၈၁ | ၁,၅၀၀,၄၀၀ |
| FPB | ၂၆,၀၀၀ | ၂၆,၀၀၀ | ၁,၁၉၄ | ၃၀,၁၄၇,၅၀၀ |
| TMH | ၃,၁၀၀ | ၃,၀၅၀ | ၆၁၁ | ၁,၉၂၅,၄၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် စက်တင်ဘာ ၂၀**

ရန်ကုန်(ရွှေဈေး) ၁၂၃၁၅၀၀ မန္တလေး(ရွှေဈေး) ၁၂၃၁၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၁၀/၉၁၅ ကျပ် | ၉၆၀/၉၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၀၀/၉၄၅ ကျပ် | ၉၉၅/၁၀၀၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၁၀/၈၇၀ ကျပ် | ၈၈၅/၉၀၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၂၀/၉၆၅ ကျပ် | ၉၇၅/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၈၀/၈၉၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၉၅/၉၀၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၀၀/၈၁၀ ကျပ်

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၅၃၄.၂ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၅.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၆.၄၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၀.၃၄၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၆၇.၃၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁.၅၈၀ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၄၂၁.၃ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၉.၁၀ |
| (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၂.၀ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၁၁၅.၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဦးကိုမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်နေဇာဇာထွန်း၊ ဦးအေးမင်းသူ
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ မြန်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ပြည်ထောင်စုအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သော သိပ္ပံဘာသာတွဲ၊ သိပ္ပံနှင့် ဝိဇ္ဇာ ပေါင်းစည်းဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်နှင့် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်စဉ်။

❖ ရွှေဖုံးမှ

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးဝင်းသိမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသာဦး၊ ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင် ဦးတင်ထွန်း၊ ပြည်သူ့လွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်အောင်၊ အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌ ဒေါ်နော်မြစေ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယပါမောက္ခချုပ်များ၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်ပညာရေးမှူးများ၊ ထူးချွန်ဆုရရှိသောကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများ၊ ထူးချွန်ဆုရရှိသော ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများ တက်ရောက်ကြသည်။

အခမ်းအနားကို ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် သီဆိုဖျော်ဖြေဖွင့်လှစ်ကြသည်။

### ရင်ဆိုင်ကျော်လွှားနိုင်တဲ့စွမ်းအား

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က မိန့်ခွန်းပြောကြားရာတွင် "ယခု ခန်းမအတွင်းမှာ ပညာကိုတန်ဖိုးထားသူများနဲ့အတူ ရောက်ရှိနေရတဲ့အတွက် အင်မတန် ဝမ်းသာဂုဏ်ယူမိပါတယ်။ ပညာကို တန်ဖိုးထားတယ်ဆိုတာ၊ လူသားတွေရဲ့ ဆင်ခြင်တုံတရား၊ လူသားတွေရဲ့ မိမိတို့ဘဝပတ်ဝန်းကျင်ရဲ့ အခက်အခဲ စိန်ခေါ်မှုတွေ၊ မိမိတို့ရဲ့စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာအားနည်းမှု၊ ချွတ်ယွင်းချက်တွေကို ရင်ဆိုင်ကျော်လွှားနိုင်တဲ့စွမ်းအားကို ယုံကြည်လေးစားတာပဲဖြစ်ပါတယ်။ ယနေ့ တက္ကသိုလ်ဝင်စာမေးပွဲများက ထွက်ပေါ်လာတဲ့ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများနဲ့ ထူးချွန်ကျောင်းများကို နိုင်ငံတော်က ဆုများချီးမြှင့်တာဟာ ဒီစွမ်းအားကို ဂုဏ်ပြုတာပဲဖြစ်ပါတယ်။

"ကျွန်မတို့အစိုးရဟာ ပြည်သူတွေရဲ့စွမ်းအားကို ယုံကြည်အားကိုးပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်သာယာဖို့ ကြိုးပမ်းနေပါတယ်။ အနာဂတ်အတွက် အထိရောက်ဆုံးအာမခံဖြစ်တဲ့ ပညာရေးကို အထူးအလေးထားရာမှာ အောင်ချက်၊ အောင်မှတ်တွေကိုသာ အာရုံစိုက်ဖို့ ကျဉ်းမြောင်းတဲ့အမြင်နဲ့ မဟုတ်ဘဲ၊ နိုင်ငံအတွက် ရေရှည်မျှော်မှန်းချက်တွေကို အကောင်အထည်ဖော်တဲ့နေရာမှာ တကယ့်ကို အထောက်အကူဖြစ်စေမယ့် အရည်အချင်းတွေ မွေးထုတ်ပေးဖို့ ဦးတည်ပါတယ်။ ဒီလိုဆို ဒီကနေ့ ဘာကြောင့် ထူးချွန်ကျောင်းသူ၊ ကျောင်းသားများ၊ ထူးချွန်ကျောင်းများကို ဆုတွေချီးမြှင့်ပြီး ဂုဏ်ပြုကြတာလဲလို့ မေးနိုင်ပါတယ်။

### ပညာရေးတိုးတက်မှု ညွှန်းကိန်းတစ်ရပ်ဖြစ်

"ပညာရေးတိုးတက်မှုကို သုံးသပ်တဲ့အခါမှာ အောင်ချက်တွေ၊ အောင်မှတ်တွေဟာ ထင်ရှားတဲ့ အတိုင်းအထွာတစ်ခုပဲ ဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံ ပညာရေးထွန်းတောက်ဖို့အတွက် ကျောင်းတွေရဲ့ အားထုတ်မှု၊ ကျောင်းသူ၊ ကျောင်းသားတွေရဲ့စိတ်ပါဝင်စားတက်ကြွမှု အရေးပါခြင်းကို အသိအမှတ်ပြုခြင်းပဲဖြစ်ပါတယ်။ ကျောင်းများနဲ့ ကျောင်းသူ၊ ကျောင်းသားများ အရည်အချင်းမြင့်လာခြင်းဟာ နိုင်ငံရဲ့တိုးတက်ဖွံ့ဖြိုးမှုကိုလည်း ရောင်ပြန်ဟပ်တဲ့သဘောလည်း ရှိပါတယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ပညာရေးတိုးတက်မှု ညွှန်းကိန်းတစ်ရပ်ဖြစ်ပါတယ်။

"တက္ကသိုလ်ဝင်စာမေးပွဲများမှာ ဝင်ဖြေခဲ့ကြတဲ့ ကျောင်းသူ၊ ကျောင်းသားအရေအတွက်၊ အောင်ချက်၊ အောင်နှုန်း၊ ဂုဏ်ထူးအဆင့်နဲ့ အောင်မြင်ခဲ့ကြတဲ့အတိုင်းအတာ၊ ဒါတွေအားလုံးကို လေ့လာပြီး ကျွန်မတို့နိုင်ငံ လျှောက်လှမ်းနေတဲ့ ပညာလမ်းအခြေအနေကို သုံးသပ်ကြပါတယ်။ ဒါသာမက ဘယ်ဘာသာရပ်တွေမှာ ကျွန်မတို့လူငယ်တွေ ဘယ်ဘက်မှာ အားသန်သလဲ၊ ဘယ်ဘက်မှာ အားနည်းသလဲ။ အမျိုးသားလေးတွေနဲ့ အမျိုးသမီးလေးတွေ၊ ဘယ်သူတွေ အောင်နှုန်း၊ ဂုဏ်ထူးရနှုန်းတွေပိုများသလဲ။ ထူးချွန် ကျောင်းသူ၊ ကျောင်းသားတွေက ဘယ်လိုကျောင်းတွေကလဲ စတဲ့ အချက်အလက်တွေကိုလေ့လာပြီး ကျွန်မတို့နိုင်ငံရဲ့ လူမှုရေးအခြေအနေတွေကို မှန်းဆလို့ရပါတယ်။ ကျွန်မမကြာခဏပြောပါတယ်။ ယောကျ်ားလေးများဟာ မိန်းကလေးများလောက် ကျောင်းမှာ မထူးချွန်ခဲ့တာဟာ နည်းနည်းကြာလာပါပြီ။ ဒါဟာ ကျွန်မတို့အတွက် စိုးရိမ်စရာတစ်ခုဖြစ်ပါတယ်။ ကျွန်မတို့ရဲ့လူ့အသိုင်းအဝိုင်းမှာဆိုရင် အမျိုးသားတွေရော၊ အမျိုးသမီးတွေရော အားလုံးတန်းတူညီတူ တိုးတက်စေချင်တယ်။ ဖွံ့ဖြိုးစေချင်ပါတယ်။ ဒါကြောင့် ကျွန်မတို့က ကျောင်းသူ၊ ကျောင်းသားတွေထဲမှာ ဘယ်သူတွေက ပိုပြီး ထူးထူးချွန်ချွန်ရှိသလဲ၊ ဘယ်သူတွေက ပညာရေးမှာ စိတ်ပါဝင်စားမှုရှိသလဲဆိုတာကိုလည်း အထူးအလေးထားပြီး လေ့လာတာ ဖြစ်ပါတယ်။

"တက္ကသိုလ်ဝင်စာမေးပွဲတွေရဲ့ အရေးပါမှုဟာ လူမှုရေးသာမက စီးပွားရေး၊ နိုင်ငံရေးတို့နဲ့လည်း ဆက်နွယ်နေပါတယ်။ ကလေးများ အသက်(၅)နှစ်မှစပြီး ကျောင်းတက်ပညာရှာကြရတဲ့ အကြောင်းရင်းကတော့ နောင်အနာဂတ် လူကြီးဖြစ်လာတဲ့အခါ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ဘဝကိုရပ်တည်



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီး ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

နိုင်ဖို့ပါပဲ။ တစ်နည်းပြောရရင် ကိုယ့်ဝမ်းစာ ကိုယ်ရှာနိုင်ဖို့ပဲဖြစ်ပါတယ်။ ဒါကြောင့် ကျောင်းများက သင်ပေးလိုက်တဲ့ပညာတွေဟာ နိုင်ငံရဲ့ လူမှုရေး၊ စီးပွားရေး အနေအထား၊ လိုအပ်ချက်တွေနဲ့ကိုက်ညီဖို့ အရေးကြီးပါတယ်။ ဒီအနေအထား၊ လိုအပ်ချက်တွေနဲ့ ကိုက်ညီအောင် ကျွန်မတို့ အမျိုးသားရေးပညာမဟာဗျူဟာစီမံကိန်းကို ရေးဆွဲထားတာဖြစ်ပါတယ်။ စီမံကိန်း အကောင်အထည်ဖော်မှု ဘယ်အတိုင်းအတာအထိ အောင်မြင်လဲဆိုတာ သုံးသပ်တဲ့အခါ တက္ကသိုလ်ဝင်စာမေးပွဲများရလဒ်တွေကို ထည့်သွင်းစဉ်းစားရပါတယ်။

### ပြုပြင်စရာတွေ

"ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲရလဒ်တွေကို လေ့လာရာမှာ အချက်အချို့ကို သတိပြုမိပါတယ်။ စာမေးပွဲဖြေဆိုသူများလာပေမယ့် အောင်နှုန်းမတက်သေးတာ၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေအကြား အောင်နှုန်းကွာခြားမှုတွေရှိနေတာ၊ ကျောင်းသူ၊ ကျောင်းသားများ သိပ္ပံ၊ သင်္ချာဘာသာရပ်များမှာ အားကောင်းလာတာ၊ အမျိုးသားများ သိပ္ပံ၊ သင်္ချာဘာသာရပ်များမှာ ယခင်နှစ်များနဲ့ နှိုင်းယှဉ်လိုက်ရင် သိသာစွာထူးချွန်လာတာ၊ ထူးချွန်ကျောင်းသူ၊ ကျောင်းသားအများက ပုဂ္ဂလိကကျောင်းများက ဖြစ်နေတာ စသဖြင့် ကျေနပ်စရာလေးများရှိသလို ပြုပြင်စရာတွေလည်း အတော်များနေသေးတာကို တွေ့ရပါတယ်။

"ကြိုးစားအားထုတ်လို့ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသူ၊ ကျောင်းသားတွေ၊ ဘယ်ကျောင်းကပဲဖြစ်ဖြစ် ဆုချီးမြှင့်ဂုဏ်ပြုရတာ နိုင်ငံအတွက် ပီတိဖြစ်စရာပါပဲ။ ဒါပေမယ့်လည်း အစိုးရကျောင်းများက ထူးချွန် ကျောင်းသူ၊ ကျောင်းသားများ ပိုမိုမွေးထုတ်တာကို မြင်ချင်ပါတယ်။ ဒီလိုပြောရခြင်းဟာ ပုဂ္ဂလိကကျောင်းတွေကို မလိုလားလို့ မဟုတ်ပါဘူး။ ကျွန်မကိုယ်တိုင် ပုဂ္ဂလိကကျောင်းတွေမှာ ပညာသင်ခဲ့တာပါ။ ပုဂ္ဂလိကကျောင်းတွေရဲ့ကဏ္ဍကို အသိအမှတ်ပြုတန်ဖိုးထားပါတယ်။ ဒါပေမယ့် နိုင်ငံရဲ့အနာဂတ်၊ လူမှုရေး၊ နိုင်ငံရေး ကောင်းမွန်တည်ငြိမ်ဖို့အတွက် လိုအပ်ချက်အနေနဲ့ အများတက်ကြတဲ့ အစိုးရကျောင်းများ အရည်အသွေးမြင့်မားပြီး ထူးချွန်ကျောင်းသူ၊ ကျောင်းသားများ မွေးထုတ်နိုင်စွမ်းအားကောင်းတာကို မြင်ချင်တာဖြစ်ပါတယ်။ အကောင်းဆုံး ပညာသင်ကြားရေးကို အများရရှိနိုင်တဲ့စနစ်ရှိခြင်းဟာ နိုင်ငံရဲ့ တိုးတက်မှုနဲ့ အေးချမ်းတည်ငြိမ်မှုကို အားပေးပါတယ်။ မိသားစုရဲ့ဓနအင်အား များသည်၊ နည်းသည်ဖြစ်စေ၊ ထက်မြက်တဲ့ကလေးများ ထူးချွန်နိုင်ဖို့အတွက် အခွင့်အရေး အပြည့်အဝပေးခြင်းဖြင့် နိုင်ငံရဲ့ငုပ်နေတဲ့စွမ်းအားတွေ ဖူးပွင့်ဝေဆာလာနိုင်မှာဖြစ်ပါတယ်။ ဒါကြောင့် ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကို ဂုဏ်ပြုခြင်းနဲ့အတူ ထူးချွန်နိုင်ငံတော်ကျောင်းများကိုလည်း ဂုဏ်ပြုတာဖြစ်ပါတယ်။

### ထူးချွန်ပြောင်မြောက်လာ

"ကျောင်းများထူးချွန်ဖို့ရာ အစိုးရတစ်ခုတည်းက ဆောင်ရွက်ရုံနဲ့ မလုံလောက်ပါဘူး။ ဆရာ၊ မိဘများ၊ ပညာရေးကို အားပေးဖို့ စိတ်အားထက်သန်တဲ့ ပြည်သူပြည်သားများ၊ နိုင်ငံ့မိတ်ဆွေများအားလုံးရဲ့အကူအညီလိုအပ်ပါတယ်။ ဖွံ့ဖြိုးစနိုင်ငံတစ်နိုင်ငံရဲ့အခက်အခဲ အကန့်အသတ်တွေကြားက ကျောင်းများ အရည်အချင်းမြှင့်တင်ဖို့ ကြိုးစားရာမှာ ပထမဦးဆုံး ဆရာ၊ ဆရာမများရဲ့ စေတနာနဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ အင်မတန်အရေးကြီးပါတယ်။ မချမ်းသာတဲ့ တောကကျောင်းလေးတွေမှာတောင်မှ ဆရာ၊ ဆရာမများရဲ့စိတ်စေတနာက ပေါက်ဖွားလာတဲ့ ကြံ့စည်တီထွင်မှု၊ ဝီရိယစိုက်ထုတ်မှုများကြောင့် ကျောင်းသူ၊ ကျောင်းသားလေးများ ပျော်ရွှင်စွာ ပညာသင်ယူပြီး ထူးချွန်ပြောင်မြောက်လာတာတွေကို တွေ့ရှိရပါတယ်။

"ကျွန်မတို့ခေတ်မှာ မိဘတွေအတွက် ငွေကြေးဝန်ထုပ်ဝန်ပိုးဖြစ်စေတဲ့ ကျူရှင်စနစ်ပပျောက်ရေးကို အစိုးရက ကြိုးပမ်းနေပါတယ်။ ဒါကိုဝင်ငွေပေါက်ပိတ်တယ်ဆိုပြီး မနှစ်မြို့တဲ့ ဆရာ၊ ဆရာမများ ရှိနေတယ်ဆိုတာ ကြားရ၊ သိရတဲ့အခါ နိုင်ငံအတွက် အင်မတန်မှ စိတ်မကောင်းဖြစ်ရပါတယ်။ ဒီလိုစိတ်ထားတွေကို ပယ်ဖျက်ပြီး တစ်နိုင်ငံလုံး လင်းထိန်လာစေမယ့် ပညာရောင်ကို ထုတ်ဝေပေးချင်တဲ့ စိတ်ဓာတ်နဲ့ တာဝန်ကျေသည်ထက်လွန်အောင် ဆောင်ရွက်ပေးကြပါလို့ ဆရာ၊ ဆရာမအားလုံးကို မေတ္တာရပ်ခံချင်ပါတယ်။ ဒီလို ဆရာ၊ ဆရာမများရဲ့ ကြိုးပမ်းမှုတွေကို ဝိုင်းဝန်းကူညီပေးကြဖို့လည်း ကျောင်းသားမိဘ၊ ရပ်မိရပ်ဖများကိုလည်း မေတ္တာရပ်ခံချင်ပါတယ်။

"ကျောင်းသားတွေလို့ ပြောတဲ့နေရာမှာ စောစောကပြောသလိုပဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ မွေးထုတ်လိုက်ရုံတင် မဟုတ်ပါဘူး။ တကယ့်ကျောင်းကောင်းတစ်ကျောင်းဆိုတာဟာ ကျောင်းသူ၊ ကျောင်းသားများ ပညာသင်ချင်တဲ့စိတ်ဖြစ်အောင် လုပ်ပေးတဲ့ကျောင်းပဲ ဖြစ်ပါတယ်။ ပညာသင်ယူရုံနဲ့ မလုံလောက်ပါဘူး။ ပညာရှာချင်တဲ့စိတ်တွေ အင်မတန်မှ စွမ်းအားတက်လာဖို့ဟာလည်း အရေးကြီးပါတယ်။ ဒါကြောင့် ကျွန်မတို့ကျောင်းတွေမှာ အစုအဖွဲ့နဲ့လုပ်ခြင်းဆိုတာကို ကျွန်မတို့အားပေးပါတယ်။ အစုအဖွဲ့နဲ့ အတူတူလုပ်ခြင်း၊ နေခြင်းဟာ ဘာကိုသင်ပေးသလဲဆိုတော့ တစ်ယောက်နဲ့တစ်ယောက် စာနာဖို့၊ စေတနာထားဖို့တင်မက ရှုံးတဲ့အခါမှာ ဣန္ဒြေရရရှုံးတတ်ဖို့၊ နိုင်တဲ့အခါမှာ သိက္ခာရှိရှိနဲ့ နိုင်တတ်ဖို့၊ မျှဝေရမယ့်အခါမှာ သတ္တိရှိရှိ၊ စေတနာရှိရှိနဲ့ မျှဝေနိုင်ဖို့၊ ဒီဟာတွေကို ကျွန်မတို့ သင်ပေးဖို့ ကြိုးစားရပါတယ်။

စာမျက်နှာ ၄ သို့ ❖




နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများ၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

❖ စာမျက်နှာ ၃ မှ

"ကျွန်မတို့ကျောင်းသူ ကျောင်းသားလေးများဟာ နောင်ကျရင် ကျွန်မတို့ နိုင်ငံအတွက်သာမဟုတ် တစ်ကမ္ဘာလုံးအတွက် တန်ဖိုးရှိတဲ့ လူကြီးများဖြစ်လာစေချင်ပါတယ်။ ဒါကြောင့် ကျောင်းကောင်းတွေထူထောင်ဖို့ ကျောင်းသူ ကျောင်းသားများတင်မက ဆရာ ဆရာမများ၊ မိဘများအားလုံးကို ဝိုင်းဝန်းပြီးတော့ ကူညီစေချင်ပါတယ်။ ဆရာ ဆရာမများကို ကျွန်မထပ်ပြီးတော့ မေတ္တာရပ်ခံချင်ပါတယ်။ စေတနာနဲ့ သင်ပေးပါ။ နိုင်ငံ့အတွက် သင်ပေးပါ။ ကိုယ်တစ်ယောက်တည်းအတွက် မလုပ်ပါနဲ့၊ ကျောင်းသူ ကျောင်းသားများအတွက်လုပ်ပါ။ ကျွန်မတို့ လူသားများအတွက်လုပ်ပါ။ ဒီလိုစိတ်တွေထားမှ ကျွန်မတို့နိုင်ငံတိုးတက်ပြီးတော့ ကျွန်မတို့ကမ္ဘာကြီးဟာလည်း ငြိမ်းချမ်းသာယာနိုင်မှာ ဖြစ်ပါတယ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၏ မြန်မာ့ကျောင်း သီချင်းဖြင့် သီဆိုဖျော်ဖြေမှုကို ကြည့်ရှုအားပေးစဉ်။

နိဂုံးချုပ်အနေနဲ့ ထူးချွန်ကျောင်းများ၊ ထူးချွန်ကျောင်းသားများနဲ့အတူ ထူးချွန်စာရင်းမှာ မပါဝင်ခဲ့တဲ့ ကျောင်းသားအများစု၊ ကျောင်းအများစုအတွက် စကားပါးချင်ပါတယ်။ ထူးချွန်ခြင်းရဲ့အနှစ်သာရဟာ အများအကျိုးသယ်ပိုးနိုင်တဲ့ အင်အားသတ္တိဖြစ်ပါတယ်။ ထူးချွန်မှုကို မှန်ကန်စွာသုံးမှသာ တန်ဖိုးရှိမှာပါ။ ကိုယ့်ရဲ့အရည်အချင်း၊ စွမ်းအားတွေကို အများအကျိုး၊ ကိုယ့်အကျိုး အခြားအကျိုး နှစ်မျိုးလုံးအတွက် မှန်ကန်စွာသုံးနိုင်ခြင်းဟာ အမှန်တကယ် ထူးချွန်ခြင်းဖြစ်ပါတယ်။ ကျွန်မတို့ တစ်ဦးချင်း၊ တစ်ဦးချင်း၊ ထူးချွန်ပြည်သူ ပြည်သားများ၊ ထူးချွန်ကမ္ဘာသူ ကမ္ဘာသားများဖြစ်နိုင်တဲ့ သန္ဓေရှိကြပါတယ်။ ထူးချွန်အောင်နေကြပါစို့လို့ ကျွန်မအနေနဲ့တိုက်တွန်းချင်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပညာရေးကဏ္ဍဆိုင်ရာ အချက်အလက်များ၊ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ပြည်ထောင်စုအဆင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများနှင့် ထူးချွန်ကျောင်းများအား ဆုချီးမြှင့်ခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်က ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အခြေခံပညာကျောင်းများမှ ပြည်ထောင်စုအဆင့် အောင်ချက်အကောင်းဆုံး ပထမဆုရရှိသည့် ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်း (ကမာရွတ်)နှင့် အောင်ချက်အကောင်းဆုံး ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ရာ ကျောင်းအုပ်ကြီးနှင့် တာဝန်ခံကျောင်းအုပ်ကြီးတို့က လက်ခံရယူကြသည်။

**ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်**

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က အခြေခံပညာဦးစီးဌာနမှ ဖွင့်လှစ်သည့် ကျောင်းများမှ ၂၀၁၉ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲတွင် ရမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ကျော်လင်းသန်း၊ သိပ္ပံနှင့် ဝိဇ္ဇာပေါင်းစည်းဘာသာတွဲတွင် ရမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဟိုပင်)မှ မောင်မျိုးမင်းအောင်၊ ဝိဇ္ဇာဘာသာတွဲတွင် ရမှတ်အများဆုံးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း (တောက်တဲ့ရိုး)မှ မသဇင်ဝင်းတို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများသည် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ အောင်ချက်အကောင်းဆုံးဆုရ ကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် အခမ်းအနား ဒုတိယပိုင်းအစီအစဉ်တွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ပညာရေးမြှင့်တင်မှုကော်မတီဥက္ကဋ္ဌများက ထူးချွန်ဆုရရှိသော ကျောင်းများနှင့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။




ယနေ့ဆုချီးမြှင့်သည့် အခမ်းအနားတွင် ပြည်ထောင်စုအဆင့် အောင်ချက်အကောင်းဆုံး ထူးချွန်ဆုရကျောင်း ၆၁ ကျောင်းနှင့် ပြည်ထောင်စုအဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူ ၁၄၂ ဦးတို့ကို ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Han Zheng တို့တွေ့ဆုံဆွေးနွေး



ဒုတိယသမ္မတ ဦးမြင့်ဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Han Zheng အား တွေ့ဆုံနှုတ်ဆက်စဉ်။

**နန်နင်း စက်တင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် Mr. Han Zheng တို့သည် ယနေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် နန်နင်းမြို့ရှိ Li Yuan International Conference Center ၌ တွေ့ဆုံဆွေးနွေးကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ဖော်ဆောင်ရေး၊ နှစ်နိုင်ငံခေါင်းဆောင်များအကြား အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များ တိုးမြှင့်ဆောင်ရွက်ရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမဆိုင်ရာ စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး၊ ဆန်စပါး၊ ပဲ၊ ပြောင်း၊ သကြား၊ သစ်သီးဝလံနှင့် ရေထွက်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ရေး၊ နည်းပညာနှင့် လေ့ကျင့်ရေးဆိုင်ရာများ အကူအညီပေးရေး၊ မြန်မာနိုင်ငံ၏ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များ၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာ သံအမတ်ကြီး ဦးမျိုးသန့်ဖေ၊ မြန်မာကောင်စစ်ဝန်ချုပ် ဦးစိုးသက်နောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးအောင်စိုးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ တရုတ်နိုင်ငံအစိုးရက Li Yuan International Conference Center ၌ တည်ခင်းဧည့်ခံသည့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**သတင်းစဉ်**

✪ **ဒုတိယသမ္မတ ဦးမြင့်ဆွေ**

ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး Mr. Xu Chaoran တို့က "ချင်းကျိုးမြို့ လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းဇရိယာ"နှင့် "လွတ်လပ်သော ကုန်သွယ်မှုစမ်းသပ်ဇုန်(ချင်းကျိုး)" ဆိုင်ရာအချက်အလက်များ၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းပြသကြသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းကျိုးကွန်တိန်နာဆိပ်ကမ်း ဆိပ်ခံတံတား အမှတ်(၄)သို့ရောက်ရှိရာ Beibu Gulf Port Qinzhou Dock Co., Ltd. မှ အထွေထွေမန်နေဂျာ Mr. Zhou Yan နှင့် တာဝန်ရှိသူများက ချင်းကျိုးကွန်တိန်နာဆိပ်ကမ်းဆိုင်ရာ အချက်အလက်များ၊ ကွန်တိန်နာ ဆိပ်ကမ်းတည်ဆောက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြသကြသည်။

**လှည့်လည်ကြည့်ရှု**

ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းကျိုးကွန်တိန်နာဆိပ်ကမ်း တည်ဆောက်ထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

မွန်းလွဲပိုင်းတွင် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ မြန်မာအမျိုးသား ပြခန်းဆောင်ဖွင့်ပွဲ အခမ်းအနားကျင်းပမည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ရောက်ရှိရာ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီအဖွဲ့ဝင်နှင့် နိုင်ငံရေးနှင့် ဥပဒေရေးရာကော်မတီ အတွင်းရေးမှူး Mr.Huang Shiyong နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သန်းမြင့်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးဇော်မင်းတို့က မြန်မာအမျိုးသားပြခန်းဆောင်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ယဉ်ကျေးမှု အကအဖွဲ့၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ယင်းနောက် ဒုတိယသမ္မတသည် အဖွဲ့ဝင်များနှင့်အတူ ယခုနှစ်အတွက် မြန်မာနိုင်ငံ၏ နှစ်လိုဖွယ်ရာမြို့ (City of Charm)အဖြစ် မကွေးမြို့ကို ရွေးချယ်သတ်မှတ်၍ ဖွင့်လှစ်ပြသထားရှိသည့် မြန်မာအမျိုးသားပြခန်းဆောင်နှင့် (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။



ဒုတိယသမ္မတ ဦးမြင့်ဆွေနှင့်အဖွဲ့ ချင်းကျိုးကွန်တိန်နာဆိပ်ကမ်းတွင် Beibu Gulf Port Qinzhou Dock Co., Ltd. မှ အထွေထွေမန်နေဂျာ Mr. Zhou Yan နှင့် တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**၁၆၉ ခန်း ဖွင့်လှစ်ပြသ**

(၁၆)ကြိမ်မြောက် တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ မြန်မာနိုင်ငံမှ လုပ်ငန်းရှင် ၆၀၀ ခန့်တို့က အမေရိကန်ဒေါ်လာ ၁ ဒသမ ၉၃၇ သန်း တန်ဖိုးရှိ မြန်မာ့ကော်ဖီနှင့် လက်ဖက်ထွက်ကုန်ပစ္စည်းများ၊ မြန်မာ့လက်မှုပစ္စည်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာပစ္စည်းများ၊ သစ်အချောထည်ပစ္စည်းများ၊ သစ်သီးဝလံများ၊ မြန်မာ့တိုင်းရင်းဆေးများ၊ ကြိမ်ပရိဘောဂပစ္စည်းများ၊ မြန်မာ့စိုက်ပျိုးရေးထွက်ကုန်နမူနာများ၊ စားသောက်ကုန်နမူနာပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း ၁၆၉ ခန်း ဖွင့်လှစ်ပြသလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**လှည့်လည်ကြည့်ရှု**

ဒုတိယသမ္မတ ဦးမြင့်ဆွေ (၁၆)ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ပါဝင်ပြသသည့် မြန်မာနိုင်ငံကိုယ်စားပြု ကုန်စည်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

# ပြည်တွင်းရေးရာ

❖ **ကျောဖုံးမှ**

ရှေးဦးစွာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ကုန်သည်စက်မှုအသင်းချုပ်(UMFCCI)ကို မြန်မာနိုင်ငံလွတ်လပ်ရေးမရမီကာလ ၁၉၁၉ ခုနှစ်ကတည်းက မြန်မာမျိုးချစ်ကုန်သည်များက (Burmese Chamber of Commerce) အဖြစ် စတင်ထူထောင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခု ၂၀၁၉ ခုနှစ်တွင် သက်တမ်းအားဖြင့် နှစ်(၁၀၀)ပြည့်ခဲ့ပြီဖြစ်သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်ပါကြောင်း။

**အခွင့်အရေးကောင်းများရရှိစေ**

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်ရန်အတွက် သမိုင်းဝင် နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ရည်ရွယ်ပြီး ယခု Centennial Expo ကုန်စည်ပြပွဲကြီးကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ အားလုံးသိကြသည့်အတိုင်း ယခုကဲ့သို့ နိုင်ငံတကာအဆင့် ကုန်စည်ပြပွဲကို ကျင်းပပြုလုပ်ခြင်းအားဖြင့် မိမိတို့နိုင်ငံ၏ ထွက်ကုန်ပစ္စည်းများကို မိတ်ဆက်ပြသနိုင်မည့် အခွင့်အလမ်းကောင်းများကို ရရှိစေမည့်အပြင် ပြည်တွင်းလုပ်ငန်းရှင်များအပါအဝင် စားသုံးသူများအနေဖြင့်လည်း နိုင်ငံတကာထုတ်ကုန်များနှင့် နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားသည့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများကိုပါ လေ့လာထိတွေ့နိုင်မည့် အခွင့်အရေးကောင်းများကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း အဆက်အသွယ်များ ရရှိလာနိုင်မည်ဖြစ်ပြီး လုပ်ငန်းများအချင်းချင်း ပိုမိုပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကောင်းများလည်း ပေါ်ထွန်းလာမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် UMFCCI အပါအဝင် စီးပွားရေးဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်တွေ့ဆုံ၍ တင်ပြချက်များ၊ အကြံပြုချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ဆောင်ရွက်သင့်သည်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့ခေတ် စီးပွားရေးလုပ်ငန်းများအတွက် ဈေးကွက်သည် အရေးအကြီးဆုံးဖြစ်ပြီး ပြည်တွင်းတွင် ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၊ ပြည်တွင်း၊ ပြည်ပဈေးကွက်များတွင် ယှဉ်ပြိုင်ရောင်းချနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်စီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဈေးကွက်စီးပွားရေးစနစ်နှင့်ကိုက်ညီသည့် စီးပွားရေးမူဝါဒများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နေသည့်အပြင် ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ် (MSDP)ကိုပါ ရေးဆွဲ၍ လူပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် တဒင်္ဂစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုသာ ရှေးရှုခြင်းမပြုဘဲ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် မျှော်မှန်းကာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရန်၊ လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်သည့် လူမှုပတ်ဝန်းကျင်ပေါ်ထွန်းလာစေရန် စသည်ဖြင့် ပန်းတိုင်များ၊ မဟာဗျူဟာနှင့်လုပ်ငန်းစဉ်များကို စနစ်တကျ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း။

ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်၏အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေသည့်အတွက် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးလုပ်ငန်းများ ပိုမိုတိုးတက်အောင်မြင်လာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များအနေဖြင့် ကုန်သည်စက်မှုအသင်းချုပ်နှင့်အတူ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး ပုဂ္ဂလိကကဏ္ဍ၏အခက်အခဲများ၊ စိန်ခေါ်မှုများကို စဉ်ဆက်မပြတ် တွေ့ဆုံဆွေးနွေး၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိရာတွင် အောင်မြင်မှုများ ရရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့်လည်း နိုင်ငံတော်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပေါင်းကူးတံတားသဖွယ် ဆက်သွယ်ပေါင်းစပ်ဆောင်ရွက်ပေးလျက်ရှိသည်ကိုလည်း ကျေနပ်အားရမှုရှိကြောင်း။




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် UMFCCI Centennial International Expo 2019 ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ဂုဏ်ယူရမည်**

ယနေ့ နှစ်(၁၀၀)ပြည့် အထိမ်းအမှတ်အဖြစ် အပြည်ပြည်ဆိုင်ရာ ကုန်ပစ္စည်းပြပွဲကို ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် ညီနောင်အသင်းများနှင့်အတူ ငွေအား၊ လူအား၊ စည်းရုံးရေးအင်အားတို့နှင့် ပြည့်ပြည့်စုံစုံ၊ စနစ်တကျစီစဉ်ပြသနိုင်ခြင်းကို ဂုဏ်ယူရမည်ဖြစ်သကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ်ကြီး နှစ်(၁၀၀)မှသည် နောင်နှစ်ပေါင်းများစွာကို အမိမြန်မာနိုင်ငံတော်ကြီးနှင့်အတူ တည်တံ့ခိုင်မြဲပြီး အောင်မြင်တိုးတက်ပါစေကြောင်း၊ ပုဂ္ဂလိကစီးပွားရေးကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆက်ကတ်ထမ်းပိုးအထောက်အကူပြုနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဂုဏ်ပြုအမှာစကား ပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က UMFCCI Centennial International Expo 2019 အခမ်းအနားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး UMFCCI Centennial International Expo 2019 အခမ်းအနားတွင် ပြသထားသည့် ပြခန်းများအား လှည့်လည်ကြည့်ရှုကြသည်။

ကုန်သည်စက်မှုအသင်းချုပ်အနေဖြင့် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ပုဂ္ဂလိကကဏ္ဍမှ ပံ့ပိုးကူညီလျက်ရှိရာ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ အချိတ်အဆက် မိမိလုပ်ကိုင်နိုင်စေရေး၊ နိုင်ငံတကာဈေးကွက်သို့ မြန်မာ့ထုတ်ကုန်ပစ္စည်းများ ထိုးဖောက်ဝင်ရောက်ရောင်းချနိုင်စေရေး၊ ပြည်ပမှ အရည်အသွေးမြင့် သွင်းကုန်ပစ္စည်းများ ပြည်တွင်းဈေးကွက်သို့ ရောက်ရှိလာနိုင်စေရေး ရည်ရွယ်ချက်ဖြင့် အဆိုပါပြပွဲကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်**

ပြပွဲကျင်းပခြင်းအားဖြင့် ပြည်တွင်းထုတ်ကုန်ပစ္စည်းများ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ရေးအတွက် မိတ်ဆက်ပေးရုံသာမက အခွင့်အလမ်းကောင်းများစွာ ရရှိလာနိုင်ကြောင်း၊ ပြည်တွင်း၊ ပြည်ပ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း စီးပွားရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း၊ ပြည်တွင်းပုဂ္ဂလိကလုပ်ငန်းရှင်များ၊ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတကာထုတ်ကုန်ပစ္စည်းများနှင့် နည်းပညာများကို လေ့လာသိရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းမြင့်မားလာအောင် ကြိုးစားလာနိုင်ကြမည်ဖြစ်ကြောင်း၊ MSME များ တိုးတက်လာပါက အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ UMFCCI Centennial International Expo 2019 အခမ်းအနားတွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

အဆိုပါပြပွဲတွင် ဂျာမနီ၊ နယ်သာလန်၊ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ထိုင်း၊ ဗီယက်နမ်နှင့် ပြည်တွင်းလုပ်ငန်းရှင်များမှ မော်တော်ယာဉ်များ၊ စက်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ အိမ်တွင်းအလှဆင်လုပ်ငန်းများ၊ အလှကုန်ပစ္စည်းများနှင့် အဝတ်အထည်များ၊ လက်ဝတ်ရတနာများ၊ စားသောက်ကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများ၊ သယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နှင့်နည်းပညာကဏ္ဍ စသည့် ဆိုင်ခန်းပေါင်း ၂၃၅ ခန်း ပါဝင်ပြသခဲ့ကြသည်။

ယနေ့ကျင်းပသည့် UMFCCI Centennial International Expo 2019 ပြပွဲကို စက်မှုဝန်ကြီးဌာန၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနတို့က ပူးပေါင်းပါဝင်ပံ့ပိုးကူညီထားပြီး စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

**နေပြည်တော် စက်တင်ဘာ ၂၀**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုလွှတ်တော် နာယက ဦးတီခွန်မြတ်က **တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ်အပါအဝင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးနှင့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦး**တို့တင်ပြထားသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်သို့ အသိပေးတင်ပြသည်။

ရှေးဦးစွာ ပြည်ထောင်စုလွှတ်တော် နာယက က **တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးချုပ်အောင်စန်းချစ် အပါအဝင် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ် ၁၄၄ ဦးက လက်မှတ်ရေးထိုးပြီး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်**ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၇ ရက်တွင် လက်ခံရရှိထားပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်အားလုံးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းလေ့လာစိစစ်ရေးပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် (၇၄/ ၂၀၁၉)ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းအမိန့်ကြေညာစာနှင့်အတူ ဗိုလ်မှူးချုပ်အောင်စန်းချစ်နှင့်အဖွဲ့ တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းအပါအဝင် ပေးပို့စာနှင့် ပူးတွဲအကြောင်းအရာ မိတ္တူကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း အသိပေးကြေညာသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက **ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစိုင်းသန်းနိုင် အပါအဝင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် ၁၄၅ ဦးက လက်မှတ်ရေးထိုးပြီး ပေးပို့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတစ်ရပ်**ကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၈ ရက်တွင် လက်ခံရရှိထားပါကြောင်း၊ အဆိုပါ ဥပဒေမူကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၅ နှင့်အညီ လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင်များ အားလုံးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်း လေ့လာစိစစ်ရေး ပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၂၀၁၉ ခုနှစ် စက်တင်ဘာ ၂၀ ရက် ရက်စွဲပါ အမိန့်ကြေညာစာအမှတ် (၇၅/ ၂၀၁၉) ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဖြစ်ပါကြောင်း၊ ယင်းအမိန့်စာနှင့်အတူ ဦးစိုင်းသန်းနိုင်နှင့် အဖွဲ့တင်ပြထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေမူကြမ်းအပါအဝင် ပေးပို့စာနှင့် ပူးတွဲအကြောင်းအရာ မိတ္တူကိုလည်း လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားပါကြောင်း အသိပေးကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် ငွေကျပ် ၁၈၄၁ ဒသမ ၈၅၉ သန်း ခွဲဝေသုံးစွဲခဲ့သည့် ကိစ္စရပ်**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ကရင်ပြည်နယ်အတွင်း ၂၀၁၈ ခုနှစ် ဇွန်လမှ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်သော လမ်း၊ တံတားများ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများအတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခဲ့သော အမှန်တကယ်သုံးစွဲလိုသည့် ကရင်ပြည်နယ်၊ စည်ပင်သာယာရေးအဖွဲ့မှ လုပ်ငန်း ၇ ခုအတွက် ငွေကျပ် ၁၂၉ ဒသမ ၄၂၂ သန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ လုပ်ငန်း ၄၇ ခုအတွက် ရန်ပုံငွေကျပ် ၁၂၃၂ ဒသမ ၀၅၂ သန်း၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လုပ်ငန်း ၂၅ ခုအတွက် ရန်ပုံငွေကျပ် ၄၈၀ ဒသမ ၃၈၅ သန်း စုစုပေါင်းလုပ်ငန်း ၇၉ ခုအတွက် အရေးပေါ်ရန်ပုံငွေကျပ် ၁၈၄၁ ဒသမ ၈၅၉ သန်း သုံးစွဲခြင်းအား ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

## အရေးပေါ်ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငွေကျပ် ၁၈၄၁ ဒသမ ၈၅၉ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်းကြေညာ

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ၂၀၁၈ - ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အရေးပေါ်ရန်ပုံငွေမှ ဆောက်လုပ်ရေးဝန်ကြီးဌာနက ငွေကျပ် ၁၈၄၁ ဒသမ ၈၅၉ သန်း ခွဲဝေသုံးစွဲထားမှုကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ကမ္ဘာ့ဘဏ်၏ (၁၇) ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းမှု အစီအစဉ်အောက်မှ ဖွံ့ဖြိုးမှုမူဝါဒချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကို ပယ်ဖျက်ရေး**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ရှင်းလင်းတင်ပြသည်။


ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်


စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်


ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၅)မှ ဦးမောင်မောင်အုန်း


ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယကက ကမ္ဘာ့ဘဏ် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့၏ (၁၇)ကြိမ်မြောက် ရန်ပုံငွေဖြည့်တင်းမှုအစီအစဉ်အောက်မှ ဖွံ့ဖြိုးမှုမူဝါဒချေးငွေ အမေရိကန်ဒေါ်လာ သန်း ၂၀၀ ပယ်ဖျက်ခြင်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လူထုဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေရယူရေးကိစ္စ**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းတို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

**ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ** က မြို့နယ် (၁၇)မြို့နယ်တွင် (၇)နှစ် ကြာဆောင်ရွက်မည့် လူထုဖွံ့ဖြိုးရေးစီမံကိန်းသည် ဒေသတွင်းသဘာဝဘေးအန္တရာယ် လျော့ချကာကွယ်ရေးနှင့် ကျေးလက်ပြည်သူ ၁ ဒသမ ၈ သန်း၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းဖြစ်ပါကြောင်း၊ စီမံကိန်းထိရောက်အောင်မြင်စေရန်နှင့် အလေအလွင့်မရှိစေရန်အတွက် ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်သကဲ့သို့ လုပ်ငန်းများ အကောင်အထည်ဖော်သည့်နေရာတွင်လည်း လွှတ်တော်ကိုယ်စားလှယ်များနှင့် သက်ဆိုင်ရာဌာနများအနေဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ အာရှဖွံ့ဖြိုးရေးဘဏ်မှ ပေးအပ်လာသည့် ချေးငွေမှာ အတိုးနှုန်းသက်သာသည့် ချေးငွေဖြစ်ပြီး ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅၈ သန်း ပါဝင်သည့်အတွက် တုံ့ပြန်နိုင်စွမ်းအားကောင်းသည့် လူထုဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပေးအပ်လာသည့် အမေရိကန်ဒေါ်လာ ၁၈၅ သန်းချေးယူရေးကိစ္စအပေါ်တွင် ပြည်ထောင်စုလွှတ်တော်က အတည်ပြုခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါကြောင်း ပြောကြားသည်။

**ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က အဆိုပါ ချေးငွေအမေရိကန်ဒေါ်လာ ၁၈၅ သန်း ရယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်အများစုက ထောက်ခံအကြံပြုဆွေးနွေးခဲ့ပြီးဖြစ်သဖြင့် ဝန်ကြီးဌာနအနေဖြင့် အထူးထပ်မံဆွေးနွေးတင်ပြရန် မရှိပါကြောင်း၊ ချေးငွေရယူရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပြီးပါက ချေးငွေစာချုပ်အား ၂၀၁၉ ခုနှစ် ဒီဇင်ဘာလ မကုန်မီ ချုပ်ဆိုနိုင်ရန် အာရှဖွံ့ဖြိုးရေးဘဏ်နှင့် ညှိနှိုင်း၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယကက အဆိုပါ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ အတည်ပြုရန် စက်ခလုတ်အသုံးပြု၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ ထောက်ခံမဲ ၅၂၂ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၂ မဲဖြစ်ပြီး ထောက်ခံမဲများသည့်အတွက် သဘောတူအတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံဒေသအတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်တွင် မြန်မာနိုင်ငံမှပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**ဒဂုံမြို့သစ်(အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးနေကျော်** က အာဆီယံဒေသအတွင်း မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ် (ASEAN Mutual Recognition Arrangement on Type Approval for Automotive Products – APMRA) ကို မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးခြင်းအားဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာမည်ဖြစ်ပြီး ကုန်စည်များလွတ်လပ်စွာ စီးဆင်းလာမည်ဖြစ်ပါကြောင်း၊ လာမည့် (၃၅) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေး ကျင်းပချိန်တွင် မိမိတို့အနေဖြင့် APMRA ကို လက်မှတ်ရေးထိုးရမည် ဖြစ်ပါကြောင်း၊ ယခုအစီအစဉ်သည် အာဆီယံစီးပွားရေးအသိုက်အဝန်းတွင် ယုံကြည်နားလည်မှုများ ရရှိလာနိုင်သည့် ဆောင်ရွက်မှုလည်း ဖြစ်သည့်အတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဦးမောင်မောင်အုန်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်နှင့် ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဆန်းမြင့်တို့က ဆက်လက်ဆွေးနွေးကြသည်။

## MRA သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစွာ ဆောင်ရွက်လာနိုင်မည်

ထို့နောက် **စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမင်းရဲပိုင်ဟိန်း** က အဆိုပါ ကိစ္စနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် မြန်မာနိုင်ငံအနေဖြင့် ၂၀၀၅ ခုနှစ်မှစ၍ အာဆီယံဒေသတွင်း အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ် (Mutual Recognition Arrangement – MRA) များကို လက်မှတ်ရေးထိုးခဲ့ပြီး ယနေ့အထိ MRA (၁၀)ခု လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ MRA သဘောတူညီချက်များ လက်မှတ်ရေးထိုးခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာစွာ ဆောင်ရွက်လာနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်က ချမှတ်ထားသည့် စီးပွားရေးမူဝါဒ(၁၂)ရပ်တွင် မူဝါဒ(၁) ရပ်ဖြစ်သည့် ဒေသအတွင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုကိုလည်း မြင့်တက်လာနိုင်မည် ဖြစ်ပါကြောင်း။

ထို့ပြင် အာဆီယံဒေသအတွင်းရှိသည့် မော်တော်ယာဉ်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းများ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကို လက်မှတ်ရေးထိုးခြင်းဖြင့် မော်တော်ယာဉ်ထုတ်လုပ်သူများအနေဖြင့် အာဆီယံဒေသအတွင်း တစ်ပြေးညီသတ်မှတ်ထားသည့် မော်တော်ယာဉ် အရည်အသွေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ လိုအပ်ချက်များနှင့် ကိုက်ညီသည့် ထုတ်ကုန်များကို ထုတ်လုပ်လာနိုင်မည်ဖြစ်သည့်အတွက် ဒေသအတွင်း ကုန်စည်စီးဆင်းမှု လွယ်ကူချောမွေ့ခြင်းကို ပိုမိုအားကောင်းလာစေမည် ဖြစ်ပါကြောင်း။

၂၀၁၉ခုနှစ် မေလတွင် ထုတ်ပြန်ထားသည့် မော်တော်ယာဉ်လုပ်ငန်းဆိုင်ရာ မူဝါဒတွင် မော်တော်ယာဉ်မူဝါဒဆိုင်ရာ ကြီးကြပ်ရေးကော်မတီကို ဖွဲ့စည်း၍ ပြည်တွင်း၌ အရည်အသွေးပြည့်မီပြီး ဘေးကင်းလုံခြုံသည့် မော်တော်ယာဉ်နှင့် အစိတ်အပိုင်းများ ထုတ်လုပ်ရန်၊ မော်တော်ယာဉ် စက်မှုလုပ်ငန်းများကို စိစစ်အကဲဖြတ်ခြင်း၊ သုံးသပ်ပြင်ဆင်ခြင်း၊ ထိန်းချုပ်ကြပ်မတ်ခြင်းတို့ကို ဆောင်ရွက်ရန် မူဝါဒများပါရှိသောကြောင့် Automotive Policy Implementation နှင့် APMRA Implementation တို့ကို အဆိုပါ မူဝါဒဆိုင်ရာ ကြီးကြပ်ရေးကော်မတီနှင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း။

သို့ဖြစ်ပါ၍ စက်မှုဝန်ကြီးဌာနအနေဖြင့် အဆိုပါ မူဝါဒဆိုင်ရာကြီးကြပ်ရေးကော်မတီကို အမြန်ဆုံးဖွဲ့စည်းနိုင်ရေးအတွက် ဆက်စပ်ဝန်ကြီးဌာနများနှင့် ဆွေးနွေးအတည်ပြုပြီး ပြည်ထောင်စုအစိုးရအဖွဲ့သို့ဆက်လက်တင်ပြ၍ ဖွဲ့စည်းခွင့်ပြုချက်ရရှိရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် APMRA ကိုမြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်၏ အဆုံးအဖြတ်အတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော် နာယက က အဆိုပါ ကိစ္စနှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်ထောင်စုလွှတ်တော် နာယကက ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလ နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ၂၀၁၉ ခုနှစ် ဇူလိုင် ၁၅ ရက်မှ ယနေ့အထိ အစည်းအဝေးကာလ ရက်ပေါင်း ၆၈ ရက်အတွင်းတွင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများကို ၂၆ ရက် ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ ယခု အစည်းအဝေးကာလအတွင်း လာမည့်အောက်တိုဘာ ၁ ရက်မှ စတင်မည့် ၂၀၁၉-၂၀၂၀ ခု ဘဏ္ဍာရေးနှစ်အတွက် နှစ်စဉ်မဖြစ်မနေ ပြဋ္ဌာန်းဆောင်ရွက်ပေးရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာ

စာမျက်နှာ ၈ သို့

# နီပေါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၀**

နီပေါနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ်ညှော်ခံပွဲအခမ်းအနားကို ယနေ့ ညနေ ၆ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းရှိ မြန်မာနိုင်ငံဆိုင်ရာ နီပေါသံရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦးတို့ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် နီပေါနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်သည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ နီပေါနိုင်ငံ သံအမတ်ကြီး Mr. Bhim Krishna Udas နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီးတို့က နီပေါနိုင်ငံ အမျိုးသားနေ့ အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြပြီး ညှော်ခံပွဲသို့ တက်ရောက် လာကြသူများအား သံအမတ်ကြီးနှင့်ဇနီးက ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့်ဇနီး ဒေါ်ခိုင်နွယ်ဦး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့်ဇနီး၊ နီပေါနိုင်ငံသံအမတ်ကြီး Mr. Bhim Krishna Udas နှင့် ဇနီးတို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို ၁၃၈၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက် အောက်တိုဘာ ၂၈ ရက် တနင်္လာနေ့ ၉ နာရီခွဲတွင် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အခမ်းအနားကျင်းပရေးနှင့် အခမ်းအနား ပြင်ဆင်ရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ၊ သံဃာတော်များ ပင့်ဆောင်ရေးနှင့် သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ၊ ဆွမ်းဆက်ကပ်ရေးနှင့် ညှော်ခံဖျော်ဖြေရေး ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အခမ်းအနားကျင်းပရေးနှင့် အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ တာဝန်ယူသည့် ဌာနအနေဖြင့် မှတ်တမ်းစာအုပ်ပြုစုနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်နှင့် ကျန်ဆပ်ကော်မတီ ငါးခုတို့၏ လုပ်ငန်းတာဝန်များကို သက်ဆိုင်သည့် ဝန်ကြီးဌာနများအလိုက် သတ်မှတ်ဖွဲ့စည်းထားပြီးဖြစ်သည့်အတွက် အလေးထား ဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆပ်ကော်မတီအသီးသီးတို့မှ တာဝန်ရှိသူများက ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆပ်ကော်မတီအသီးသီးတို့၏ ဆွေးနွေးတင်ပြမှုအပေါ် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့တွင်ကျောက်စိမ်းအတွဲ ၁၀၉၁ တွဲ ရောင်းချ



**နေပြည်တော် စက်တင်ဘာ ၂၀**

၂၀၁၉ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပဉ္စမနေ့ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမနှင့် မဏိရတနာကျောက်စိမ်းဝင်းအတွင်း၌ ဆက်လက်ကျင်းပရာ ကျောက်စိမ်းအတွဲ ၁၀၉၁ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချနိုင်ခဲ့သည်။

ယနေ့ နံနက် ၇ နာရီမှစတင်၍ ကျောက်စိမ်းအတွဲ အမှတ် ၁ မှ ၁၃၁၁ အထိ ကျောက်စိမ်းတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ ကျောက်စိမ်းအတွဲ ၁၀၉၁ တွဲကို ယူရိုငွေ ၄၁ ဒသမ ၂၄၆ သန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

ပြပွဲတွင် ပြည်တွင်း၊ ပြည်ပရတနာကုန်သည်များက ဆက်လက်ရောင်းချသွားမည့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်လှည့်လည်ကြည့်ရှုကြပြီး ဈေးနှုန်းတင်သွင်းလွှာ (Bidding Form) များကို တင်ဒါပုံးများအတွင်း ထည့်သွင်းကြသည်။

စက်တင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၁၃၁၂ မှ ၂၆၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ကျောက်စိမ်းအတွဲအမှတ် ၂၆၁၂ မှ ၃၉၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၂ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် ၃၉၁၂ မှ ၅၂၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၃ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲအမှတ် ၅၂၁၂ မှ ၆၅၁၁ အထိ ကျောက်စိမ်း အတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၄ ရက်တွင် လည်းကောင်း၊ ကျောက်စိမ်းအတွဲ အမှတ် ၆၅၁၂ မှ ၇၈၁၁ အထိ ကျောက်စိမ်းအတွဲပေါင်း ၁၃၀၀ ကို စက်တင်ဘာ ၂၅ ရက်တွင် လည်းကောင်း အိတ်ဖွင့် တင်ဒါစနစ်ဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မျိုးသူဟိန်း**
**ဓာတ်ပုံ-ကျော်ဇင်ထိုက်**

❋ စာမျက်နှာ ၇ မှ

ငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုပေးနိုင်ခဲ့ပါကြောင်း။

ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလတွင် ဥပဒေ ၇ ခု အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းအပါအဝင် ဥပဒေကြမ်း ၂ ခုကိုလည်း နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန်အတွက် ပေးပို့ထားပြီး ဖြစ်ပါကြောင်း၊ ယခု အစည်းအဝေးကာလအတွင်းတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့လာသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်များနှင့် သက်ဆိုင်သည့်ကိစ္စရပ် ၅ ခု၊ ပြည်ပချေးငွေဆိုင်ရာကိစ္စရပ် ၃ ခုတို့ကို ဆွေးနွေးအတည်ပြုခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ပြင်ဆင်ရေးလုပ်ငန်းနှင့် သက်ဆိုင်သည့် အစီရင်ခံစာများအပါအဝင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများမှ ပေးပို့လာသည့် အစီရင်ခံစာ စုစုပေါင်း ၁၀ ခုကို ဆွေးနွေးခြင်း၊ အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မကြာမီရက်ပိုင်းအတွင်းတွင် ၂၀၁၈-၂၀၁၉ ခု ဘဏ္ဍာရေးနှစ် ကုန်ဆုံးတော့မည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေနှင့် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအတွက် ယနေ့အထိ လုပ်ငန်းပြီးစီးကြောင်း ၁၄၂ မြို့နယ်က အစီရင်ခံစာတင်ပြပြီး ဖြစ်ပါကြောင်း၊ ကျန်ရှိသည့်မြို့နယ်များအနေဖြင့်လည်း သတ်မှတ်ရက်အမီ ပေးပို့ကြရန်နှင့် ပိုလျှံရန်ပုံငွေများရှိပါက ငွေတိုက်ဦးစီးဌာနသို့ အချိန်မီပြန်လည်အပ်နှံကြရန် ဖြစ်ပါကြောင်း၊ လွှတ်တော်အစည်းအဝေးများ ရပ်နားထားသည့် ကာလအတွင်းတွင် မိမိတို့၏ မဲဆန္ဒနယ်မြေအလိုက် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသမျှ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ဆက်တိုက်တွန်းအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော် နာယက က ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၆) ရက်မြောက်နေ့ပြီးဆုံးကြောင်းနှင့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၃)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အောင်မြင်စွာပြီးမြောက်ကြောင်း ကြေညာသည်။

**အောင်ရဲသွင်၊ အေးအေးသန့် (သတင်းစဉ်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက်အစီရင်ခံစာ အသိပေးအခမ်းအနား တက်ရောက်



**နေပြည်တော် စက်တင်ဘာ ၂၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP) တို့ပူးပေါင်း၍ ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက် အစီရင်ခံစာ အသိပေးအခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။

**တက်ရောက်**

အဆိုပါအခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ UEHRD ကော်မတီမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက် (Rakhine Joint Assessment– RJA) သည် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအထောက်အပံ့များမှတစ်ဆင့် ဖွံ့ဖြိုးရေးအထောက်အပံ့များဆီသို့ ကူးပြောင်းနိုင်ရေး မူဝါဒဆုံးဖြတ်ချက်များအတွက် သတင်းအချက်အလက်များရရှိရန်နှင့် ရခိုင်ပြည်နယ်အတွင်း လူမှုပေါင်းစည်းညီညွတ်မှုနှင့် သဟဇာတဖြစ်မှုတို့ကို မြှင့်တင်ရန်အတွက် သတင်းအချက်အလက်များရရှိရန် ရည်ရွယ်ပါကြောင်း၊ နိုင်ငံတော်အစိုးရ စတင်တာဝန်ယူချိန်မှစ၍ ရခိုင်ပြည်နယ်နှင့်ပတ်သက်ပြီး လူသားချင်းစာနာထောက်ပံ့မှုအကူအညီများ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၊ နိုင်ငံရေးစိန်ခေါ်မှုများနှင့် အခက်အခဲများကို မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းပြီး လုပ်ငန်းကော်မတီ (၄)ခုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် သန္နိဋ္ဌာန်ချမှတ်၍ လူမှုသဟဇာတဖြစ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လူမှုသဟဇာတဖြစ်ရေးသည် လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသကဲ့သို့ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်သဖြင့် အစိုးရသစ်အနေဖြင့် အစဉ်တစိုက် ရည်ရွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရန် လိုအပ်သော အခြေခံ အကြောင်းအရင်းများကို ဖော်ထုတ်နိုင်ရန် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်း၍ အကြံဉာဏ်များရယူခဲ့ကြောင်း။

**အစပြုခဲ့**

ယခုဆောင်ရွက်ခဲ့သည့် ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက်ကို ၂၀၁၇ ခုနှစ် ဇွန်လမှစတင်ကာ သုတေသနကျင့်ဝတ်များ၊ စည်းမျဉ်းများနှင့်အညီ ဆောင်ရွက်ရေး၊ ထိလွယ်ရှလွယ်သော အခြေအနေအား ထိပါးမှုမရှိစေရေးတို့အတွက် နည်းပညာလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းကာ ပူးပေါင်းဆန်းစစ်မှုအစီအစဉ်ကို ဝန်ကြီးဌာန၏ Protocol and Ethical Board သို့တင်ပြပြီး လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်ပါကြောင်း၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းဆွေးနွေးခြင်းနှင့် အကြံပြုချက်များရယူခြင်းကိုလည်း ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုပူးတွဲဆန်းစစ်ချက်ကို ဆောင်ရွက်ရန် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၇)ပါ ဆုံးဖြတ်ချက်အရ ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်လေ့လာချက်ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ၂၀၁၇ ခုနှစ် မေလတွင် နေပြည်တော်၌ ဆောင်ရွက်ပြီး သုတေသနလုပ်ငန်းဆောင်ရွက်ရန် အစပြုခဲ့ခြင်းဖြစ်ကြောင်း။

သို့သော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ်လတွင်ဖြစ်ပွားခဲ့သော ပဋိပက္ခကြောင့်လုပ်ငန်းများရပ်ဆိုင်းခဲ့ရပြီး ၂၀၁၈ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများအတွင်း ကျောက်တော်မြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် မင်းပြားမြို့နယ်တို့တွင် ကွင်းဆင်းအချက်အလက်ကောက်ယူခြင်း၊ အစီရင်ခံစာပြုစုခြင်းများကို ဆောင်ရွက်ခဲ့ပါကြောင်း၊ အဓိကအားဖြင့် ဆန်းစစ်မှုရလဒ်များအနေဖြင့် လူမှုသာယာဝပြောမှုသည် လူမျိုးအခြေအနေပေါ် မူတည်ခြင်းမရှိဘဲ ဖွံ့ဖြိုးမှုနိမ့်ကျခြင်းကြောင့်သာဖြစ်မှု၊ စားနပ်ရိက္ခာ၊ အာဟာရအခြေအနေ၊ ပညာရေး၊ ကျန်းမာရေးအခြေအနေများသည် ကြီးမားစွာကွဲပြားမှုမရှိဘဲ အသိုက်အဝန်းအားလုံးက ရရှိနေမှု၊ သန့်ရှင်းသောရေရရှိမှုတွင် ကျေးရွာအများစုတွင် ဖြေရှင်းရခက်သော အခြေအနေတစ်ရပ်ဖြစ်မှု၊ ပညာရေးနိမ့်ပါးမှုနှင့် အလုပ်အကိုင် အခွင့်အလမ်း နည်းပါးမှုကြောင့် ကျပန်းလုပ်ကိုင်နေရသူများ များပြားနေမှုတို့ကို လေ့လာတွေ့ရှိခဲ့ပါကြောင်း၊ ရရှိလာသည့် ဆန်းစစ်မှုများကို ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးလိုအပ်ချက်များ အစီအစဉ်များအတွက် အကြံပြုရာတွင် ထည့်သွင်းအသုံးပြုမည်ဖြစ်ပါကြောင်း၊ ယနေ့အခမ်းအနားသည် အဆိုပါ ပူးတွဲဆန်းစစ်ချက် ဆောင်ရွက်မှု၊ တွေ့ရှိမှုများကို ပြည်ထောင်စုအဆင့် ဌာနဆိုင်ရာများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများထံသို့ အသိပေးဖြန့်ဝေရန်ဖြစ်ကြောင်းနှင့် မကြာမီ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများမှတစ်ဆင့် ဒေသရှိလူထုကို အသိပေးရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် ကုလသမဂ္ဂ(ယာယီ) ဌာနေညှိနှိုင်းရေးမှူးက ရခိုင်ပြည်နယ်ပူးတွဲဆန်းစစ်ချက်၏ တွေ့ရှိချက်များ အသိပေးတင်ပြခြင်းနှင့်ပတ်သက်၍ မှတ်ချက်ပြု အမှာစကားပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ပူးတွဲဆန်းစစ်ချက်ကို မိတ်ဆက်ခြင်းနှင့် ဆောင်ရွက်မှုနည်းလမ်းများနှင့် အဓိကတွေ့ရှိချက်များကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် UNDP တို့မှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသူများက ပူးတွဲဆန်းစစ်ချက် ဆောင်ရွက်ထားရှိမှုနှင့် လေ့လာတွေ့ရှိချက်များအပေါ် အကြံပြုမေးမြန်းဆွေးနွေးကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ရခိုင်ပြည်နယ် ပူးတွဲဆန်းစစ်ချက်၏ တွေ့ရှိချက်များသည် အစိုးရ၏မူဝါဒများကို အကောင်အထည်ဖော်နေသည့် မိမိတို့ဝန်ကြီးဌာနနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်မှုရလဒ်ဖြစ်ကြောင်း၊ ရလဒ်များအပေါ်အခြေခံ၍ မိမိတို့အနေဖြင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်နိုင်ရန် လုံခြုံရေးသည်အရေးကြီးကြောင်း၊ ပဋိပက္ခများလျော့နည်းသွားလျှင် ပိုမိုလုံခြုံမှုရရှိလာမည်ဖြစ်ကြောင်း၊ ပဋိပက္ခများ လျော့နည်းပပျောက်စေရန် မိမိတို့အနေဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

**ပူးပေါင်းပါဝင်**

ရေရှည်ဆောင်ရွက်ရန်ဖြစ်သော လူမှုသဟဇာတဖြစ်ရေးကို ကြိုးပမ်းနေချိန်တွင် ဖွံ့ဖြိုးတိုးတက်မှုများကို UEHRD အစီအစဉ်ဖြင့် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းကာ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များနှင့် ချိတ်ဆက်လျက် အတတ်နိုင်ဆုံးကြိုးပမ်းလျက်ရှိရာ ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများက အပြုသဘောဖြင့် ပိုမိုပူးပေါင်းပါဝင်ကြစေလိုကြောင်း၊ အာဆီယံနိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သွားရန် စီစဉ်လျက်ရှိရာ နေရပ်စွန့်ခွာသူများ ပြန်လည်ဝင်ရောက်လာပါကလည်း တည်ငြိမ်အေးချမ်းပြီး ကောင်းမွန်သော အခြေအနေများကို ရရှိခံစားရမည်ဖြစ်ကြောင်း၊ အစိုးရက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲမှုများတွင် ဖြောင့်မတ်မှန်ကန်သော စိတ်ရင်းဖြင့် ဥပဒေဘောင်အတွင်းမှ ကြိုးစားဆောင်ရွက်မှုများကို ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာ အသိုက်အဝန်းကနားလည်သဘောပေါက်ကြရန် လိုအပ်ပါကြောင်း၊ ရခိုင်ပြည်နယ်လူထုအတွက် အကျိုးပြုမည့် ပူးပေါင်းမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အာရှ ယူ-၁၆ ခြေစစ်ပွဲတွင် မြန်မာအသင်း တောင်ကိုရီးယားကို ရှုံးနိမ့်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၂၀ အာရှ ယူ-၁၆ ခြေစစ်ပွဲ အုပ်စု(K) ဒုတိယနေ့ကို ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သည်။

**အကောင်းဆုံးထိန်းချုပ်နိုင်ခဲ့**

အဖွင့်ပွဲတွင် ထိုင်းကို မထင်မှတ်ဘဲ ဂိုးပြတ်ရှုံးနိမ့်ခဲ့သည့် မြန်မာအသင်းသည် ယခုပွဲတွင် ပရိသတ်လက်ခံနိုင်သည့် စွမ်းဆောင်မှုမျိုး ပြသနိုင်ခဲ့သည်။ အာရှထိပ်သီးတောင်ကိုရီးယားအသင်း တိုက်စစ်ကို အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့ပြီး ပင်နယ်တီဂိုးကြောင့်သာ အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

**ယှဉ်ပြိုင်ကစားမည်**

ထိုင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ပွဲတွင် ထိုင်းအသင်းက ခြောက်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် အုပ်စု(K)၌ တောင်ကိုရီးယားနှင့် ထိုင်းအသင်းက ခြောက်မှတ်စီရထားပြီး ခြေစစ်ပွဲအောင်ရန် အပြိုင်ဖြစ်နေသည်။ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းမှာမူ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသောကြောင့် အမှတ်မရသေးဘဲ ခြေစစ်ပွဲအောင်မြင်ခွင့် ဆုံးရှုံးခဲ့ရသည်။ အုပ်စုနောက်ဆုံးနေ့ကို စက်တင်ဘာ ၂၂ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ကိုရီးယားနှင့် ထိုင်း၊ မြန်မာနှင့် တရုတ်(တိုင်ပေ)အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်**

ငွေကြည်

လောကကြီးမှာဗျာ



# MyCO အကြောင်း သိကောင်းစရာများ (၂)

မောင်ငှီကာ

**နှစ်စဉ်အစီရင်ခံစာ (Annual Return)**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)အရ ဖွဲ့စည်းတည်ထောင်ထားတဲ့ ကုမ္ပဏီအားလုံးသည် ဥပဒေပုဒ်မ ၉၇ အရ Myanmar Companies Online (MyCO)တွင် နှစ်စဉ် အစီရင်ခံစာ(Annual Return-AR)ကို ဖွဲ့စည်းတည်ထောင်သည့်နေ့မှ နှစ်လအတွင်းနှင့် နှစ်စဉ် အနည်းဆုံး တစ်ကြိမ် (နှစ်ပတ်လည် ကုန်ဆုံးပြီးနောက် တစ်လထက်နောက်မကျဘဲ) တင်ပြရမှာ ဖြစ်ပါတယ်။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၂၆၆(က) အရ နှစ်စဉ်အစီရင်ခံစာပေးပို့သည့်အချိန်နှင့် တစ်ပြိုင်တည်း ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ ရှင်းတမ်းများကို ပုံစံ ဆ-၅ (G-5) ဖြင့် တင်ပြရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ(၂၀၁၇) ပုဒ်မ ၅၃(က-၁) အရ ပြည်ပကော်ပိုရေးရှင်း (overseas corporation) အားလုံးသည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး ၂၈ ရက်အတွင်း နှစ်စဉ်အစီရင်ခံစာကို သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် MyCO တွင် တင်ပြရပါမယ်။ ၂၀၁၉ ခုနှစ် ဩဂုတ်လ ပထမအပတ်မှစ၍ ကုမ္ပဏီများ၏ AR Form နောက်ဆုံးတင်ပြရမည့် ရက်ကို MyCO System မှ Company Status တွင် ဖော်ပြပေးထားပါတယ်။

**ဆိုင်းငံ့စာရင်း (Suspended) စတင်ဖော်ပြခံရသည့်နေ့မှ ခြောက်လအတွင်း AR Form မတင်ပြပါက System မှ Company Status တွင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off ) အဖြစ် ပြောင်းလဲဖော်ပြ**




အသစ်တည်ထောင်ထားသော ကုမ္ပဏီများသည် ကုမ္ပဏီဖွဲ့စည်းပြီးသည့်နေ့မှ နှစ်လအတွင်း တင်ပြရန်နှင့် မတင်ပြပါက နောက်ကျကြေးငွေကျပ် ၁၀၀၀၀၀ ပေးဆောင်ရမှာ ဖြစ်ပါတယ်။ AR Form အား ၁၃ လအတွင်း မတင်ပြပါက တင်ပြရန်ပျက်ကွက်ခဲ့မှုအတွက် ပုံစံ (ဈ-၉က) (I-9A) ဖြင့် system မှ Company Status တွင် ရပ်ဆိုင်းရန် အကြောင်းကြားစာပေးပို့မှာဖြစ်ပါတယ်။ I-9A လက်ခံ ရရှိသည့်နေ့မှ ၂၈ ရက်အတွင်း AR Form တင်ပြလာ ခြင်း မရှိသေးပါက system မှ Company Status တွင် ဆိုင်းငံ့စာရင်း (Suspended) သို့ ပြောင်းလဲမှာ ဖြစ်ပါတယ်။ ကုမ္ပဏီတစ်ခုသည် ဆိုင်းငံ့စာရင်း (Suspended) အခြေအနေသို့ ရောက်ရှိနေပါက AR Form နှင့် နောက်ကျကြေးများ ( AR + Late Fee)ဦးစွာပေးသွင်းပြီးမှ ဆိုင်းငံ့ထားခြင်းကို ပြန်လည်ရုပ်သိမ်းရန် တင်ပြလျှောက်ထားလွှာပုံစံ(ဈ-၉ဃ) (I-9D)ဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ပေးပါရန် တင်ပြရမှာ ဖြစ်တယ်။ ဆိုင်းငံ့စာရင်း (Suspended) ဖော်ပြခံထားရသော ကုမ္ပဏီများအနေဖြင့် ဆိုင်းငံ့စာရင်းမှ ပယ်ဖျက်ရန်အတွက် AR Fee (20000) + Late Fee (100000) + I-9D Fee (100000) = Ks 220,000 ကုန်ကျမှာ ဖြစ်ပါတယ်။ ဆိုင်းငံ့စာရင်း (Suspended) စတင်ဖော်ပြခံရသည့်နေ့မှ ခြောက်လအတွင်း AR Form မတင်ပြပါက System မှ Company Status တွင် မှတ်ပုံတင်စာရင်းမှ ပယ်ဖျက်ခြင်း (Struck Off ) အဖြစ် ပြောင်းလဲဖော်ပြသွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၃၀(ဆ) နှင့် ၄၃၁(စ) အရ Struck Off ဖြစ်သွားသော ကုမ္ပဏီသည် မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးနိုင်ရန်အတွက် ကုမ္ပဏီ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် မြီးရှင်တစ်ဦးဦးက တရားရုံးသို့ ဦးတိုက်လျှောက်ထားရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီကို မှတ်ပုံတင်စာရင်းတွင် ပြန်လည်ဖော်ပြပေးရန်အတွက် တရားရုံးအမိန့်အား ဖောင်ပုံစံ ဈ -၅ (I-5) ဖြင့် တင်ပြရပါမယ်။ ထိုသို့ တင်ပြလာပါက နောက်လာမည့် နှစ်စဉ်အစီရင်ခံစာ (Annual Return) တင်ပြရမည့်ရက်စွဲကို System မှ Company Status တွင် ပြန်လည်ဖော်ပြသွားမှာ ဖြစ်ပါတယ်။ AR Form တွင် ဖြည့်သွင်းရတဲ့ ကုမ္ပဏီများ၏ ဆောင်ရွက်နေသောစီးပွားရေးလုပ်ငန်း (Company Activity)ကို ဖော်ပြရာတွင် လုပ်ငန်း ၉၉ မျိုးထဲမှ တစ်နှစ်တာအတွင်း ကုမ္ပဏီမှဆောက်ရွက်နေသော လုပ်ငန်း သို့မဟုတ် အနီးစပ်ဆုံးလုပ်ငန်းအမည်ကိုသာ ရွေးချယ်ဖော်ပြရမှာ ဖြစ်ပါတယ်။ ကုမ္ပဏီများမှ လုပ်ငန်းပြောင်းလဲဆောင်ရွက်မှုရှိခဲ့လျှင်လည်း နှစ်စဉ်တင်ပြရတဲ့ AR Form မှာ အမှန်ဆောင်ရွက်တဲ့ လုပ်ငန်းအမည်ကိုသာ ဖော်ပြရမှာဖြစ်ပါတယ်။ ကုမ္ပဏီတွေက နားလည်မှုလွဲမှားပြီး လုပ်ငန်းအားလုံးကို ရွေးချယ်တင်ပြမှုတွေရှိနေလို့ ကုမ္ပဏီမှ အမှန်တကယ်ဆောင်ရွက်နေတဲ့ လုပ်ငန်းကိုသာ နှစ်စဉ်တင်ပြရတဲ့ AR Form မှာ ဖော်ပြရမှာဖြစ်ကြောင်း ကုမ္ပဏီတွေကို အသိပေးလိုပါတယ်။

**အသေးစားကုမ္ပဏီ (Small Company) အတွက် ကင်းလွတ်ခွင့်**

အသေးစားကုမ္ပဏီအတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၁၄၆ (ဂ)အရ နှစ်ပတ်လည် အထွေထွေအစည်းအဝေး (Annual General Meeting- AGM)နှင့် ပုဒ်မ ၂၅၇ (ဂ) အရ ဘဏ္ဍာရေး ဆိုင်ရာ အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများကို ကင်းလွတ်ခွင့်ရမှာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးဆိုင်ရာ အစီရင်ခံစာများနှင့် စာရင်းစစ်ဆေးခြင်းများ ကင်းလွတ်ခွင့်ရသော်လည်း မိမိကုမ္ပဏီ၏ ဘဏ္ဍာရေးနှင့် စာရင်းဇယားများကိုတော့ မိမိရုံးတွင် ပြုစုထားရပါမယ်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇)အရ ဖွဲ့စည်းမှတ်ပုံတင်ထားသော ကုမ္ပဏီအားလုံးသည် AR Form တင်ပြရမည်ဖြစ်သဖြင့် အသေးစားကုမ္ပဏီသည်လည်း AR Form တင်ပြရန် လိုအပ်ပါကြောင်း အသိပေးလိုပါတယ်။

**ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပြောင်းလဲပြင်ဆင်ခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၆၀ / ၂၀၁၈ ဖြင့် ပြဋ္ဌာန်းထားသည့် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း နမူနာပုံစံ (Model constitution)ကို အသုံးပြုလိုသည့် ကုမ္ပဏီများအနေဖြင့် MyCO စနစ်မှ ရယူနိုင်ပြီး မိမိကုမ္ပဏီအမည်ကို ကွန်ပျူတာဖြင့် ရိုက်ထည့်အသုံးပြုနိုင်ပါတယ်။ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း (constitution) ပြောင်းလဲ ပြင်ဆင်ခြင်းကို ကုမ္ပဏီအနေဖြင့် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရန်လိုအပ်ပြီး မှတ်ပုံတင်အရာရှိထံကိုတော့ ပုံစံ ဂ-၁ (C-1)ဖြင့် သတ်မှတ်မှတ်ပုံတင်ကြေး ၃၀၀၀၀ ပေးသွင်းပြီး တင်ပြနိုင်ပါတယ်။

**မှတ်ပုံတင်စာရင်းပြင်ဆင်ခြင်းဆိုင်ရာလျှောက်လွှာ**

တစ်စုံတစ်ဦးမှ MyCO System ရှိ မှတ်ပုံတင်စာရင်းတွင် မှားယွင်း၍ ရေးသွင်းထားကြောင်း သို့မဟုတ် ချန်လှပ်ထားကြောင်း သိရှိသည့်အခါ ပြင်ဆင်ပေးနိုင်ပါရန် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၂ (က - ၁) အရ မှတ်ပုံတင်စာရင်းပြင်ဆင်ခြင်းဆိုင်ရာ လျှောက်လွှာပုံစံ ဈ- ၁(က) (I-1A) ဖြင့် မှတ်ပုံတင်ကြေးကျပ် ၅၀၀၀၀ ပေးသွင်းလျှောက်ထားနိုင်ပါတယ်။ ထိုကဲ့သို့ ပြင်ဆင်ခွင့်ပြုရန် တင်ပြလျှောက်ထားလာခြင်းအား မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၂ (ခ- ၁)နှင့်အညီ ကုမ္ပဏီနှင့် အများပြည်သူသို့ သိရှိနိုင်ရန် မှတ်ပုံတင်အရာရှိမှ MyCO တွင် ပုံစံ ဈ-၂(က) (I-2A) ဖြင့် ဖော်ပြသွားမှာ ဖြစ်ပါတယ်။ အများပြည်သူသို့ အကြောင်းကြားစာ I-2A ထွက်ပြီး ၂၈ ရက်အတွင်း ကန့်ကွက်သူမရှိပါက MyCO တွင် ပြင်ဆင်ပေးမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ I-1A သည် တစ်စုံတစ်ဦး၏ လျှောက်ထားချက်အရ ကုမ္ပဏီအချက်အလက်ကို MyCO တွင် ပြင်ဆင်ရသည့်ပုံစံဖြစ်ပြီး ပုံစံ ဈ- ၃(က) (I-3A) သည် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၂ (က- ၃)အရ မိမိကုမ္ပဏီမှ ထိန်းသိမ်းထားရှိသော မှတ်ပုံတင်စာရင်းများကို ပြင်ဆင်နိုင်ရန် ဖြစ်ပါတယ်။ ဒါကြောင့် ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်စာရင်းအား ပြင်ဆင်ရန် MyCO စနစ်တွင် တင်ပြရာ၌ I-1A နှင့် I-3A ကို အကြောင်းအရာကွဲပြားစွာ တင်ပြနိုင်ရန် အသိပေးလိုခြင်းဖြစ်ပါတယ်။ ။

"မော်တော်ကားပြုပြင် ထိန်းသိမ်းခြင်း အဆင့်မြင့် ဒီပလိုမာအတွက် သင်တန်းသားခေါ်ယူခြင်း"

▶▶ ဂျပန်နိုင်ငံကုန်းလမ်းသယ်ယူပို့ဆောင်ရေးဌာန၏ Second Class Automotive Mechanic သင်ရိုးညွှန်းတမ်းဖြင့် အောက်ပါသင်တန်းကို ဖွင့်လှစ်ပို့ချပါမည်။

▶▶ သင်တန်းအမျိုးအစား - Advanced Diploma in Automotive Eng ; (Maintenance)
သင်တန်းကာလ - 6 Months (၆လ) ၊
လက်ခံမည့်ဦးရေ - (၂၀)ဦး ၊
သင်တန်းဖွင့်မည့်ရက် - 22 - 10 - 2019
သင်တန်းအပတ်စဉ် - (၄)
ပညာအရည်အချင်း - Automotive Engineering Dip (3rd class) အောင်မြင်ထားသူများ။
အောင်လက်မှတ် - OIST (Japan) မှ အောင်လက်မှတ်ချီးမြှင့်ပါမည်။

သင်ကြားပေးမည့်ကြောင်းအရာများ
▶ Automotive Repair and Inspection
▶ Advanced Troubleshooting and Diagnosis
▶ Advanced Automotive System (GDI , Common Rail , Hybrid , DSC , Air Bag , Safety)
▶ Business Management and Customer Services
▶ အသုံးပြုမည့် သင်ထောက်ကူ ပစ္စည်းများ -
- OBD Scanner အမျိုးမျိုး , Break Tester , Side Slip Tester , 5D Alignment Tester , Digital Oscilloscope , Exhaust Gas Tester , Compression Pressure Gauge နှင့် အခြား Special Tools and Measuring Instrument များ

GLORY Room N0. 3 / 4 ၊ တထပ် ၊ ဗိုလ်မြတ်ထွန်းတာဝါ ၊ ဗိုလ်မြတ်ထွန်းလမ်း နှင့် မဟာဗန္ဓုလလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
09-73121717 , 09-5197817 Facebook - GLORY Career Training Centre

# မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာမဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များညှိနှိုင်းဆွေးနွေးပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**

တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေအား သိရှိစေရန်နှင့် မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးဆိုင်ရာ မဟာဗျူဟာမူကြမ်းရေးဆွဲနိုင်ရန် ရည်ရွယ်၍ မြန်မာနိုင်ငံတိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာနှင့် ရှေ့လုပ်ငန်းစဉ်များ ညှိနှိုင်းဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့တွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပသည်။

အခမ်းအနားတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများ ပြဋ္ဌာန်းပြီးဖြစ်၍ ဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများကို ဥပဒေနှင့်အညီ အပြည့်အဝ ရရှိခံစားနိုင်ရေး၊ ထိရောက်စွာ အကာအကွယ်ပေးရေး၊ တိုင်းရင်းသားလူမျိုးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လျင်မြန်ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရေးတို့နှင့်စပ်လျဉ်းပြီး ညှိနှိုင်းဆွေးနွေး အမြင်ချင်းဖလှယ်နိုင်ခဲ့ကြသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးဆိုင်ရာ မဟာဗျူဟာ (မူကြမ်း) ရေးဆွဲပြီးပါက ဦးစားပေးနယ်ပယ်များအား နှစ်အလိုက် လုပ်ငန်းစီမံချက်ရေးဆွဲ အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈-၂၀၃၀ တွင် ပါဝင်သည့် မဟာဗျူဟာလုပ်ငန်းစဉ်များနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တိုင်းရင်းသားရေးရာကိစ္စရပ်များအား အလေးထားဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးများအကြား ကွာဟမှုများ ရှိနေသည်ဟု ခံစားရမှုများ လျော့ပါးပပျောက်၍ သာတူညီမျှ အခွင့်အရေးရရှိသည်ဟု ခံစားရစေပြီး နိုင်ငံတော်မှ အလေးထားဆောင်ရွက်လျက်ရှိသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တစ်တပ်တစ်အား အထောက်အကူပြုသွားနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆွေးနွေးပွဲဒုတိယနေ့တွင် တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် နည်းဥပဒေများပြဋ္ဌာန်းနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဥပဒေအကြံပေးအဖွဲ့က နည်းဥပဒေများအား ရှင်းလင်းတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။



ထို့နောက် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းနိုင်က အခြေခံပညာကျောင်းများတွင် မြန်မာဘာသာဖြင့် ရေးဆွဲထားသော ဒေသသင်ရိုးသင်ကြားနေသည့် အခြေအနေများ၊ တိုင်းရင်းသားဘာသာဖြင့် ရေးဆွဲထားသည့် ဒေသသင်ရိုးအမျိုးအစားနှင့် အကြောင်းအရာများ၊ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို တိုင်းရင်းသားဘာသာများဖြင့် ပြန်ဆိုခြင်း၊ တိုင်းရင်းသားများအတွက် ကျန်းမာရေးကဏ္ဍ အသိပညာပေးစာစောင်၊ ပိုစတာ၊ ဘာသာပြန်ဆိုမှုလုပ်ငန်းများနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ ဖွံ့ဖြိုးတိုးတက်မှုကော်မတီဖွဲ့စည်းခြင်း၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွက် နေ့စားလစာ တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမ Teaching Assistant နှင့် Language Teacher ခန့်ထားခြင်းတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများကို တိုင်းဒေသကြီးနှင့် ပြည်နယ် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဦးစီးအဖွဲ့များမှ ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်များ၊ ဆက်စပ်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားအရပ်ဘက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများက အပြန်အလှန်ဆွေးနွေးကြသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ စုစည်းတင်ပြသော စက်တင်ဘာလ ၁၄ ရက်နေ့မှ ၂၀ ရက်နေ့အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ထုတ်ဝေသူ | ဈေးနှုန်း |
|---|---|---|---|---|
| ၁။ | တန်တားဦးတည် မင်္ဂလာစေတီတော် မော်ကွန်းနှစ်စောင်တွဲ | ရှင်မဟာသီလဝံသ ရှင်မဟာရဋ္ဌသာရ | စိတ်ကူးချိုချို | ၁၅၀၀ |
| ၂။ | သင်္သာလျှင် အခရာ | ခင်စောတင့် | ခဝါလှေမွန် | ၁၅၀၀ |
| ၃။ | ဝေဿန္တရာပျို့ | စာဆိုတော်ဦးစိုး | စိတ်ကူးချိုချို | ၂၅၀၀ |
| ၄။ | လူတိုင်းအတွက်သချာ်ာ အိုင်ကျူဉာဏ်စမ်းများ | ဆုထက် | Green Book Store | ၁၅၀၀ |
| ၅။ | စကား | သန်းဝင်းလှိုင် | အိပ်မက်သစ် | ၂၀၀၀ |
| ၆။ | ကင်ဆာဘေးဝေးကြပါစေ | ပေါက်ပေါက် | ရန်အောင်စာပေ | ၁၅၀၀ |
| ၇။ | တိုင်းရင်းသားကချင်လူမျိုးများအိပ်မက်ကို ထုဆစ်ခြင်း | ဦးလနန်ဘောက် | အိပ်မက်သစ် | ၈၀၀၀ |
| ၈။ | စာဖတ်သမား/သို့ | မင်းသေ့ | ပန်းဆက်လမ်း | ၅၀၀၀ |
| ၉။ | ရှမ်းပြည်နယ်မြောက်ပိုင်းမှ မြန်မာပြည်တောင်ဘက်စွန်းသို့ | အေးစန်(သာယာဝတီ-သုံးဆယ်) | ပန်းမျိုးတစ်ရာ | ၅၅၀၀ |
| ၁၀။ | အာဏာရှင်လက်စွဲကျမ်း | Quality စာတည်းအဖွဲ့ | Quality | ၆၀၀၀ |
| ၁၁။ | ပုဂ္ဂလိကလက်ထဲက မြန်မာ့ဆန်စပါးလုပ်ငန်းနှင့် မြန်မာ့ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး | မောင်တိုင်ပင် | စိတ်ကူးချိုချို | ၆၀၀၀ |
| ၁၂။ | ကြေးမုံမြို့တော်၏ အထီးကျန်နှစ်တစ်ရာ | နေဦးဝေ | ချိုးချိုးစာပေတိုက် | ၈၀၀၀ |
| ၁၃။ | စမ်းရေကြည်ပေါက် | ဂျင်ဂျာ | ရွှေလာဘ် | ၃၅၀၀ |
| ၁၄။ | လမ်းဆုံးတော့ရွာ မဂ္ဂဇင်းဝတ္ထုရှည်များ | နတ်မောက်အနီချို | လင်းလွန်းခင် | ၄၅၀၀ |
| ၁၅။ | ပန်းသီကြိုး | ဆြာချစ် | အိပ်မက်သစ် | ၃၀၀၀ |
| ၁၆။ | ကျောရိုးဆစ်များ | အေစိုင်းကော၊ အဇ္ဇ၊ မိုးရင့် | အိပ်မက်သစ် | ၂၀၀၀ |
| ၁၇။ | ဝါဆောက ရုပ်သေးဆရာလေး | စိန်ဝင်းစိန် | လင်းလွန်းခင် | ၄၀၀၀ |
| ၁၈။ | လူတိုင်းအတွက် အထွေထွေဗဟုသုတ အမေးအဖြေ | ဟိန်းလတ် | ဇေယျာမိုး | ၃၀၀၀ |
| ၁၉။ | ကမ္ဘာမြေချစ်သူ | စိမ်းရောင်စိုစာပေ | ဆရာကြီးဦးအုန်း | ၃၀၀၀ |
| ၂၀။ | သမိုင်းထဲက သစ္စာတိုက်ပွဲ | ဓမ္မဝိဟာရီ အရှင်ဝိစိတ္တသာရ ဘိဝံသ | စိမ်းစိုရောင်စာပေ | ၃၀၀၀ |
| ၂၁။ | အပေါင်းလက္ခဏာကို ရယူခြင်း | ရွှေကူမေနှင်း | အာရှအလင်း | ၂၀၀၀ |
| ၂၂။ | သဘာဝနည်းဖြင့် ကျောက်ကပ် ကျောက်ဖယ်ရှားနည်း၊ အလွန်အစွမ်းထက်သော လက်တွေ့ကုထုံးနည်း | ဦးသန်းဝင်း (အာဆီယံ အင်ဂျင်နီယာ) | ရွှေရည်ဦးစာပေ | ၆၀၀၀ |
| ၂၃။ | ကြီးကျယ်စွာ စဉ်းစား၍ ကြီးကျယ်စွာအောင်မြင်ပါ | မိုးဇက်ပိုင် (မြန်မာပြန်) | စိတ်ကူးချိုချို | ၄၅၀၀ |
| ၂၄။ | ထာဝရပုံပေ | အကြင်နာမွန် | ငါတို့စာပေ | ၆၀၀၀ |
| ၂၅။ | ကံ့ကော်ဝတ်မှုန်တက္ကသိုလ်ဝင်တန်း မြန်မာစာ ပုံစံသစ် စာစီစာကုံးနှင့် အဆိုအရေးအသားများ | ဒေါက်တာရဲအောင်၊ ထက်လင်းအောင် | ပဋ္ဌာဂံ | ၂၀၀၀ |
| ၂၆။ | ဖေဖေ | ခင်နှင်းယု | စိတ်ကူးချိုချို | ၁၈၀၀ |
| ၂၇။ | မြန်မာစာအခြေခံ | လှသမိန် | စိတ်ကူးချိုချို | ၂၅၀၀ |
| ၂၈။ | နိုင်ငံရေးအက်ဆေးများ | ချစ်ဝင်းမောင် | ရဲရင့်ဝေစာပေ | ၄၀၀၀ |
| ၂၉။ | ခနကြေးမုံ | မင်းလွင်ဦး (အောင်ပန်း) | မျိုးဆက်သစ် | ၆၅၀၀ |
| ၃၀။ | ကျွန်တော့်နာမည် ဂျက်ကီချန်း | ဇေယျာစံ | ရန်ကုန်လမ်းမများ | ၆၀၀၀ |
| ၃၁။ | သမုဒယ တွယ်သမို့ နွယ်လို့ခေါ်မည် | မောင်စိန်ဝင်း (ပုတီးကုန်း) | စိတ်ကူးသစ် | ၄၅၀၀ |
| ၃၂။ | ရုပ်ပြ-အဘိဓာန် မြန်မာ-အင်္ဂလိပ် | ကိုရဲမိုးကျော် | Myanmar Heritage | ၂၀၀၀ |
| ၃၃။ | ပညာပျိုးခင်း(၃) | ကလောင်စုံ | ပဋ္ဌာဂံ | ၃၀၀၀ |
| ၃၄။ | ရာဇဝင်ထဲက အချစ်မီးလျှံများ | တိုးလှ | နှစ်ကာလများ | ၅၀၀၀ |

(ဆက်လက်ဖော်ပြပါမည်)



# ဘရက်ဆစ်အလွန် လွတ်လပ်သော ကုန်သွယ်မှုအတွက် ဗြိတိန်နှင့်ဂျပန် ဆွေးနွေး

**လန်ဒန် စက်တင်ဘာ ၂၀**
ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ နုတ်ထွက်ပြီးနောက်ပိုင်း ဂျပန်နိုင်ငံနှင့် လွတ်လပ်သော ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီမှုတစ်ရပ်ထွက်ပေါ်လာရေးအတွက် ကြိုတင်ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

စက်တင်ဘာ ၂၀ ရက်တွင် ဗြိတိန်နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီး လစ်ထရက်စ်က ဂျပန်ကုန်သွယ်ရေးဝန်ကြီး အီရှုဆူဂါဝါရာနှင့် တိုကျိုမြို့တွင် တွေ့ဆုံခဲ့ပြီး ဘရက်ဆစ်အလွန် နှစ်နိုင်ငံအကြား လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီမှုရရှိရန် ဆွေးနွေးခဲ့ကြသည်။

ဘရက်ဆစ်အလွန် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုများရရှိရန် ဗြိတိန်နိုင်ငံ၏ ကုန်သွယ်မှုမိတ်ဖက် အဓိကငါးနိုင်ငံတွင် ဂျပန်နိုင်ငံပါဝင်သည့်အတွက် ယခုကဲ့သို့ လာရောက်ဆွေးနွေးခြင်းဖြစ်ပါကြောင်း ဗြိတိန်နိုင်ငံတကာကုန်သွယ်ရေးဝန်ကြီး လစ်ထရက်စ်က ပြောကြားခဲ့သည်။

ထို့ပြင် ဂျပန်နိုင်ငံသည် ဗြိတိန်နိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ အများဆုံးနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည့်အတွက် ဗြိတိန်နိုင်ငံက ကမ်းလှမ်းထားသော လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုနှင့်ပတ်သက်ပြီး ဂျပန်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ အပြုသဘောဆောင်သော ဆွေးနွေးမှုများကို ကြိုဆိုပါကြောင်း ဝန်ကြီး လစ်ထရက်စ်က ဆိုသည်။

ဂျပန်ကုန်သွယ်ရေးဝန်ကြီး ဆူဂါဝါရာက လွတ်လပ်သော ကုန်သွယ်ရေးသဘောတူညီမှုနှင့်ပတ်သက်ပြီး ဗြိတိန်နိုင်ငံနှင့် စေ့စပ်ညှိနှိုင်းရန် ဆန္ဒရှိပါကြောင်း ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံအနေဖြင့် ဥရောပသမဂ္ဂမှ အလွတ်သဘောနုတ်ထွက်မည်မဟုတ်ဟု မျှော်လင့်ပါကြောင်း ဝန်ကြီး ဆူဂါဝါရာက ဆိုသည်။

ထို့ပြင် နှစ်နိုင်ငံအပြန်အလှန် အကျိုးကျေးဇူးပြုလျက်ရှိသည့် ဆက်ဆံရေးကို တိုးတက်ကောင်းမွန်ရန် ဆက်လက်ထိန်းသိမ်းသွားမည်ဖြစ်ကြောင်း ဝန်ကြီး ဆူဂါဝါရာက ဆိုသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**



ဗြိတိန် နိုင်ငံတကာ ကုန်သွယ်ရေးဝန်ကြီး လစ်ထရက်စ်

# တူနီးရှား သမ္မတဟောင်း ဘင်အလီ ကွယ်လွန်



**တူးနစ် စက်တင်ဘာ ၂၀**
အရှေ့အလယ်ပိုင်းဒေသတွင် ဖြစ်ပွားခဲ့သည့် အာရပ်နွေဦးပုန်ကန်မှုတွင် ပထမဆုံးအဖြစ် ရာထူးမှ ဖယ်ရှားခံခဲ့ရသည့် တူနီးရှားသမ္မတဟောင်း ဇီနီအယ်လ်အဘီဒင်း ဘင်အလီ အသက် (၈၃) နှစ်သည် စက်တင်ဘာ ၁၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ၌ ကွယ်လွန်သွားပြီဖြစ်ကြောင်း တူနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အေအက်ဖ်ပီသို့ ပြောကြားသည်။

တူနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းတွင် ထုတ်ပြန်သည့်ကြေညာချက်၌ တူနီးရှားသမ္မတဟောင်း ဘင်အလီ သေဆုံးမှုကို လွန်ခဲ့သည့် မိနစ် ၃၀ ခန့်က မိမိတို့ အတည်ပြုခဲ့ကြောင်းဟုသာ ပါရှိပြီး အခြားအသေးစိတ်အကြောင်းအရာများ ဖော်ပြခြင်းမရှိပေ။

သမ္မတဟောင်း ဘင်အလီ၏ရှေ့နေဖြစ်သူ မိုနီရာ ဘင်ဆာလာက သမ္မတဟောင်း၏မိသားစုနှင့် ၎င်း၏ ဆရာဝန်တို့အားကိုးကား၍ ဘင်အလီ သေဆုံးသွားကြောင်း အတည်ပြုပြောကြားသည်။

တူနီးရှားသမ္မတဟောင်း ဘင်အလီသည် အာဖရိကတိုက်မြောက်ပိုင်းရှိ တူနီးရှားနိုင်ငံအား ၁၉၈၇ ခုနှစ်မှ ၂၀၁၁ ခုနှစ် တူနီးရှားသမ္မတအဖြစ် ၎င်းအုပ်စိုးစဉ်က ၎င်းအား အစွလာမ္မစ်အစွန်းရောက်ဝါဒအား အခိုင်အမာဆန့်ကျင်သူအဖြစ် အချို့က ရှုမြင်ကြသည်။ သို့သော်လည်း သမ္မတ ဘင်အလီသည် ဒီမိုကရေစီစနစ်အား လက်ခံရန်ငြင်းပယ်ခြင်းကြောင့် အတိုက်အခံများ၏ပြင်းထန်သော ဝေဖန်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။

တူနီးရှားနိုင်ငံတွင် အလုပ်လက်မဲ့များ အလွန်အမင်းများပြားခြင်းနှင့် ကုန်ဈေးနှုန်းများ ရုတ်တရက် အဆမတန်မြင့်တက်လာခြင်းတို့ကြောင့် ပြည်သူများက အစိုးရအပေါ် အားမလိုအားမရဖြစ်ခြင်းများ မြင့်တက်လာပြီး နောက်ဆုံးတွင် အစိုးရဆန့်ကျင်ရေးဆန္ဒပြမှုများ ၂၀၁၁ ခုနှစ် အစောပိုင်းတွင် ဖြစ်ပေါ်လာခဲ့သည်။ ယင်းဆန္ဒပြမှုများအတွင်း တူနီးရှားစစ်ဘက်မှ တပ်ဖွဲ့ဝင်များပါ လမ်းမများပေါ်အထိ ပါဝင်လာခဲ့ပြီး ဘင်အလီမှာ ၂၀၁၁ ခုနှစ် ဇန်နဝါရီ ၁၄ ရက်တွင် သမ္မတရာထူးမှ နုတ်ထွက်ခဲ့ကာ ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ခွာသွားခဲ့ရသည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-ဇော်ဝင်း**

# တိုင်ဖွန်းမုန်တိုင်း တာပက်ခ် ဂျပန်နိုင်ငံသို့ ချဉ်းကပ်

**တိုကျို စက်တင်ဘာ ၂၀**
အားပြင်းသော အပူပိုင်းမုန်တိုင်းတစ်လုံးသည် ဂျပန်နိုင်ငံသို့ ချဉ်းကပ်လျက်ရှိကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါမုန်တိုင်းသည် စက်တင်ဘာ ၂၁ ရက်မှ ၂၃ ရက်အတွင်း ဂျပန်နိုင်ငံအတွင်းရှိ ဒေသအများအပြားသို့ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိသည်။ ယခုအချိန်တွင် မုန်တိုင်း တာပက်ခ်သည် အိုကီနာဝါစီရင်စု တောင်ဘက်ပိုင်း ကမ်းလွန်ပင်လယ်ပြင်တွင်ရောက်ရှိလျက်ရှိပြီး အနောက်မြောက်ဘက်ကို ဦးတည်ကာ ဆက်လက်ရွေ့လျားလျက်ရှိသည်။

အဆိုပါမုန်တိုင်းသည် တဖြည်းဖြည်းအင်အားကြီးထွားလာလျက်ရှိပြီး စက်တင်ဘာ ၂၁ ရက်တွင် အိုကီနာဝါစီရင်စု၏ မြောက်ဘက်စူးစူးသို့ လမ်းကြောင်းပြောင်းသွားဖွယ်ရှိနိုင်ကြောင်း မိုးလေဝသတာဝန်ရှိသူများက ဆိုသည်။

စက်တင်ဘာ ၂၂ ရက်တွင် ကျူရှူးစီရင်စုသို့ဦးတည်ကာ ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိသည့်အတွက် အဆိုပါဒေသများတွင် လေပြင်းများတိုက်ခတ်ကာ မိုးသည်းထန်စွာရွာသွန်းနိုင်ဖွယ်ရှိသည်ဟု ၎င်းတို့က ဆက်လက်ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၃ ရက်နှင့် ၂၄ ရက်များတွင် ဂျပန်နိုင်ငံမြောက်ပိုင်းသို့ ဝင်ရောက်လာနိုင်ဖွယ်ရှိကြောင်း မိုးလေဝသအေဂျင်စီက ဆိုသည်။

မုန်တိုင်းတာပက်ခ်သည် တိုင်ဖွန်းဖာဆိုင်းဒဏ်သင့်နေရာများကို ဝင်ရောက်တိုက်ခတ်နိုင်ဖွယ်ရှိကြောင်း မိုးလေဝသတာဝန်ရှိသူများက ဒေသခံများအား သတိပေးချက်များ ထုတ်ပြန်ထားကြောင်း သိရသည်။

လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က တိုင်ဖွန်းဖာဆိုင်း တိုက်ခတ်မှုကြောင့် အိမ်ထောင်စု နှစ်သောင်းခန့်သည် လျှပ်စစ်မီးများ လက်ရှိအချိန်အထိ မရရှိသေးကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အောင်ကျော်ကျော်**




# အသက် တစ်လမပြည့်သေးသည့် မွေးကင်းစ ကလေးငယ် ၇၀၀၀ ခန့် နေ့စဉ်သေဆုံးနေဟု ကုလသမဂ္ဂ ခန့်မှန်းဖော်ပြ

**နယူးယောက် စက်တင်ဘာ ၂၀**
ကမ္ဘာပေါ်တွင် အသက်တစ်လမပြည့်သေးသည့် ကလေးဦးရေ ၇၀၀၀ ခန့် နေ့စဉ် သေဆုံးနေရသည်ဟု ကုလသမဂ္ဂအဖွဲ့အစည်းများက ထုတ်ပြန်ကြေညာခဲ့ပြီး ၎င်းအခြေအနေကို လျော့နည်းသွားစေရေးအတွက် ကမ္ဘာ့နိုင်ငံများအား တိုက်တွန်းလိုက်ကြောင်း အင်န်အိတ်ချ်ကေသတင်းတွင် ဖော်ပြသည်။

၂၀၀၀ ပြည့်နှစ်မှစပြီး မွေးကင်းစကလေးများ အသက်ရှင်မှုနှုန်းမှာ တိုးတက်လာခဲ့သော်လည်း ၂၀၁၈ ခုနှစ်တွင် မွေးကင်းစကလေး သေဆုံးမှုမှာ ၂ ဒသမ ၅ သန်းခန့်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်ဖ်) တို့က ပြောကြားသည်။

ဆာဟာရသဲကန္တာရတောင်ပိုင်းဒေသရှိ နိုင်ငံများတွင် ကိုယ်ဝန်ဆောင်စဉ်နှင့် ကလေးမီးဖွားချိန်များ၌ အသက်ဆုံးရှုံးနိုင်သည့်အန္တရာယ်နှင့် ရင်ဆိုင်ရသည့် အမျိုးသမီးများမှာ ၃၇ ဦးလျှင် တစ်ဦးနှုန်းဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြသည်။

လက်နက်ကိုင်ပဋိပက္ခများ သို့မဟုတ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းများရှိနေသည့် ဆီးရီးယားနှင့် ဗင်နီဇွဲလားကဲ့သို့သော နိုင်ငံများ၌ အမျိုးသမီးများ ကလေးမီးဖွားစဉ် ၎င်းတို့၏ ကလေးများအတွက် အရေးပေါ် အသက်ကယ်ဆယ်စောင့်ရှောက်မှု မရှိခြင်းကြောင့် အန္တရာယ်နှင့် ကြုံတွေ့ရမှုများ တိုးမြင့်လာနေကြောင်း ယင်းအစီရင်ခံစာ၌ ဖော်ပြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# အီရန်အပေါ် တိုက်ခိုက်မှုပြုလုပ်လာပါက စစ်ပွဲကြီးတစ်ခု ဖြစ်ပွားနိုင်ဟု အီရန်ပြောကြား

**တီဟီရန် စက်တင်ဘာ ၂၀**

အီရန်နိုင်ငံအပေါ် စစ်ရေးအရတိုက်ခိုက်မှုတစ်ခုဖြစ်ပေါ်လာပါက ဒေသအတွင်းမီးကုန်ယမ်းကုန် စစ်ပွဲကြီးတစ်ခုသို့ ဦးတည်စေလိမ့်မည်ဖြစ်ကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီး မိုဟာမက် ဂျာဗတ်ဇာရစ်ဖ်က စက်တင်ဘာ ၁၉ ရက်တွင် သတိပေးပြောကြားလိုက်သည်။

"ကျွန်တော်တို့ရဲ့နိုင်ငံတော်ကို အကာအကွယ်ပေးဖို့အတွက် အလွန်အရေးကြီးတဲ့ ကြေညာချက်တစ်ရပ်ကို ကျွန်တော့်အနေနဲ့ ပြုလုပ်ခြင်းဖြစ်ပါတယ်။ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်မှုကို ကျွန်တော်တို့အနေနဲ့ မလိုလားပါဘူး၊ ဒါပေမယ့် နိုင်ငံတော် ကာကွယ်ဖို့အတွက်တော့ ကျွန်တော်တို့ သတိမထားဘဲနေမှာ မဟုတ်ပါဘူး၊ အီရန်အပေါ်ဘယ်လိုမျိုးတိုက်ခိုက်မှုကိုမဆို လက်သင့်ခံမှာမဟုတ်ပါဘူး၊ အမှန်မှာ အီရန်နိုင်ငံဟာ စစ်ပွဲမလိုလားပါဘူး၊ သို့သော် နိုင်ငံတော် ကာကွယ်ဖို့အတွက်တော့ အီရန်အနေနဲ့ ဘယ်တော့မှ ဝန်လေးမှာမဟုတ်ပါဘူး"ဟု အီရန်ထိပ်တန်းသံတမန်က ဆိုသည်။

စက်တင်ဘာ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် ဆော်ဒီရေနံချက်စက်ရုံနှစ်ခုအပေါ် တိုက်ခိုက်မှုများတွင် အီရန်နိုင်ငံက နောက်ကွယ်မှ ပါဝင်ပတ်သက်နေသည်ဟု အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့က စွပ်စွဲနေကြစဉ် အီရန်နိုင်ငံခြားရေးဝန်ကြီး ဇာရစ်ဖ်က ယခုကဲ့သို့ ပြောဆိုခဲ့ခြင်း ဖြစ်သည်။

ဆော်ဒီရေနံချက်စက်ရုံနှစ်ခု တိုက်ခိုက်ခံရမှုများနှင့် ပတ်သက်၍ ယီမင်နိုင်ငံအခြေစိုက် ဟူသီစစ်သွေးကြွများက ၎င်းတို့၏ လက်ချက်ဖြစ်သည်ဟု ပြောဆိုခဲ့သော်လည်း အမေရိကန်နှင့် ဆော်ဒီအာရေဗျနိုင်ငံတို့ကမူ ယင်းတိုက်ခိုက်မှုများ၌ အသုံးပြုသော စစ်လက်နက်များသည် အီရန်လုပ်စစ်လက်နက်များဖြစ်နေသဖြင့် အဆိုပါ တိုက်ခိုက်မှုများ၏ နောက်ကွယ်၌ အီရန်နိုင်ငံပါဝင်ပတ်သက်ခဲ့သည်ကို ထင်ရှားစေသည်ဟု အခိုင်အမာပြောဆိုခဲ့ကြသည်။

သို့သော် အမေရိကန်ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံတို့သည် အီရန်အပေါ် လက်တုံ့ပြန်ပုံတုံ့ပြန်နည်းနှင့်ပတ်သက်၍ ဆုံးဖြတ်ချက်မချမှတ်သေးကြောင်း သိရသည်။ ဆော်ဒီရေနံချက်စက်ရုံနှစ်ခုအပေါ် တိုက်ခိုက်မှုများကြောင့် ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံထုတ်လုပ်မှုကို ထက်ဝက်ခန့်လျော့ကျစေခဲ့ပြီး ကမ္ဘာတစ်ဝန်းသို့ ဆော်ဒီအာရေဗျနိုင်ငံ၏ ရေနံတင်ပို့မှုကို ထိခိုက်သွားကြောင်း သိရသည်။



**ကိုးကား - ဆင်ဟွာ ၊ ဘာသာပြန် - ဂျေတီ**

# အာဖဂန်နစ္စတန်သို့ပေးအပ်သည့် အကူအညီအချို့ အမေရိကန်ဖြတ်တောက်မည်

**ဝါရှင်တန် စက်တင်ဘာ ၂၀**

အာဖဂန်နစ္စတန်အစိုးရ၏ အကျင့်ပျက်ခြစားမှုနှင့် ငွေကြေးဆိုင်ရာ စီမံခန့်ခွဲမှုညံ့ဖျင်းခြင်းကြောင့် ပေးအပ်နေသည့် အကူအညီအချို့ကို ဖြတ်တောက်မည်ဟု အမေရိကန်နိုင်ငံက ပြောကြားလိုက်သည်။

အရေးပါသော အခြေခံအဆောက်အအုံ စီမံကိန်းတစ်ခုအတွက် အကူအညီပေးမည့် အမေရိကန်ဒေါ်လာ သန်း ၁၀၀ နှင့် အကူအညီပေးရန်စီစဉ်ထားသည့် အမေရိကန်ဒေါ်လာ သန်း ၆၀ ကို ပြန်လည်ရုပ်သိမ်းမည်ဟု အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်အစိုးရမှာ ပစ္စည်းဝယ်ယူမှုနှင့် ငွေကြေးစီမံခန့်ခွဲမှုတွင် ပွင့်လင်းမြင်သာမှုမရှိကြောင်း ထုတ်ပြန်ချက်ကဆိုသည်။ အာဖဂန်နစ္စတန်အစိုးရက အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေး၊ ပြည်သူများအတွက် အလုပ်အကျွေးပြုရေးနှင့် ယုံကြည်မှုထိန်းသိမ်းရေး ကတိကဝတ်ကို ပြသနိုင်မည်ဟု မျှော်လင့်ပါကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောသည်။ ယခုလ ၂၈ ရက်တွင် ကျင်းပရန်စီစဉ်ထားသည့် အာဖဂန်နစ္စတန်သမ္မတရွေးကောက်ပွဲကို လွတ်လပ်၍ တရားမျှတမှုရှိစေချင်ပါကြောင်း အမေရိကန် နိုင်ငံခြားရေးဝန်ကြီး မိုက်ပွန်ပီယိုက သတင်းထောက်များသို့ ပြောကြားခဲ့သည်။



ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးရာတွင် လာဘ်ပေးလာဘ်ယူမှုကဲ့သို့သော လက်မခံနိုင်ဖွယ် အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများရှိခဲ့သည်။ အာဖဂန်နစ္စတန် တပ်မတော်နှင့် ရဲတပ်ဖွဲ့မှ တာဝန်ရှိသူများသည် ဂျပန်အပါအဝင် ပြည်ပနိုင်ငံများက ပံ့ပိုးပေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် လစာကဲ့သို့သော ရန်ပုံငွေအချို့ကို အလွဲသုံးစားလုပ်ခဲ့သည်ဟု လွန်ခဲ့သောနှစ်နှစ်က ထုတ်ဖော်ဖွင့်ဟခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ကျော်ထိုက်စိုး**

# ဆော်ဒီဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်ရန် အသင့်ရှိဟု ဟူသီစစ်သွေးကြွအုပ်စု ပြောကြား

**ဆာနာ စက်တင်ဘာ ၂၀**

ဆော်ဒီဦးဆောင်သော အာရပ်ညွန့်ပေါင်းတပ်ဖွဲ့သည် ယီမင်နိုင်ငံမြောက်ဘက်ရှိ ပင်လယ်နီဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည့် ဟိုဒေဒါမြို့အခြေစိုက် ဟူသီစစ်သွေးကြွအုပ်စု၏ စခန်းလေးခုကို ပစ်မှတ်ထားပြီး ယနေ့အစောပိုင်းက လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း ဆော်ဒီသတင်းအေဂျင်စီက ဖော်ပြထားသည်။

ဟိုဒေဒါ ဆိပ်ကမ်းမြို့ရှိ အဆိုပါ စစ်သွေးကြွစခန်းလေးခုသည် အဝေးထိန်းသင်္ဘောများနှင့် ရေအောက်သုံးမိုင်းဗုံးများ စုဝေးရန်အတွက် ဟူသီစစ်သွေးကြွများ အသုံးပြုနေသော စခန်းများဖြစ်သလို ဘတ်ဘ်အယ်လ်မန်ဒပ် ရေလက်ကြားနှင့် ပင်လယ်နီတောင်ဘက်ရှိ ရေကြောင်းလမ်းများနှင့် နိုင်ငံတကာကုန်သွယ်မှုအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ လုပ်ဆောင်ရာ၌ အသုံးပြုလျက်ရှိသော စခန်းများဖြစ်ကြောင်း ညွန့်ပေါင်းတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာကီအယ်လ်မာလီကီက ပြောကြားသည်။

တစ်ဆက်တည်းမှာပင် ဟူသီအုပ်စုပိုင် အယ်လ်ဆီ ရုပ်သံလွှင့်ဌာနက ဟိုဒေဒါမြို့အပေါ် ဆော်ဒီဦးဆောင်သော အာရပ်ညွန့်ပေါင်းတပ်ဖွဲ့၏ လေကြောင်းတိုက်ခိုက်မှုများသည် ကုလသမဂ္ဂက ကမကထပြုသော ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို ချိုးဖောက်ရာရောက်ကြောင်း၊ ယမန်နှစ်က ဆွစ်ဇာလန်နိုင်ငံ မြို့တော်စတော့ဟုမ်းရှိ ညှိနှိုင်းဆွေးနွေးပွဲတွင် ယီမင်နိုင်ငံ ဟိုဒေဒါမြို့၌ ပစ်ခတ်တိုက်ခိုက်မှုများရပ်စဲရန် နှစ်ဦးနှစ်ဖက် သဘောတူခဲ့ပြီးဖြစ်ကြောင်း၊ ညွန့်ပေါင်းတပ်ဖွဲ့အနေဖြင့် ယခုကဲ့သို့သော လေကြောင်းတိုက်ခိုက်မှုများ လုပ်ဆောင်နေပါက မိမိတို့သည် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို ထိပ်တိုက်ရင်ဆိုင်ရန် အဆင်သင့်ရှိနေကြောင်း ပြောကြားခဲ့သည်။

စက်တင်ဘာ ၁၉ ရက် ညက ပင်လယ်နီဒေသတွင် ဗုံးများတင်ဆောင်လာသော သင်္ဘောတစ်စင်းကို ကြားဖြတ်ဟန့်တားပြီး ဖျက်ဆီးခဲ့သည်ဟု ညွန့်ပေါင်းတပ်ဖွဲ့က ပြောဆိုခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် ဟိုဒေဒါမြို့အပေါ် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# မီးခိုးငွေ့များကြောင့် မလေးရှားတွင် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်း

**ကွာလာလမ်ပူ စက်တင်ဘာ ၂၀**

မလေးရှားနိုင်ငံတွင် မီးခိုးငွေ့များကြောင့် မြင်ကွင်းများဝေဝါးသဖြင့် လေယာဉ်ခရီးစဉ်သုံးခုကို သောကြာနေ့က ဖျက်သိမ်းလိုက်ရပြီး မြင်ကွင်းကြည်လင်မှုရှိစေရန် အာဏာပိုင်များက မိုးတိမ်အတုဖန်တီးမှုများ ဆက်လက်ဆောင်ရွက်နေသည်။

လေဆိပ်အထွေထွေမန်နေဂျာမော့ အလီအိုဆမန်က စင်ကာပူမှ နိုင်ငံတကာလေယာဉ်ခရီးစဉ်တစ်ခုနှင့် ဂျိုဟာပြည်နယ်မှ ပြည်တွင်းလေယာဉ်ခရီးစဉ်နှစ်ခု စုစုပေါင်း အဝင်လေယာဉ်ခရီးစဉ်သုံးခုကို မြင်ကွင်းမကြည်လင်မှုကြောင့် ဖျက်သိမ်းခဲ့ရသည်ဟု ပြောကြားခဲ့ကြောင်း Bernama သတင်းအေဂျင်စီက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံ ကာလီမန်တန်ကျွန်းနှင့် ထိစပ်နေသည့် မလေးရှားနိုင်ငံဘော်နီယိုကျွန်းရှိ ဆာရာဝပ်ပြည်နယ်မှ အာဏာပိုင်များက လေထုအရည်အသွေးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ခရိုင်များတွင် သုံးရက်ကြာမိုးတိမ်တု ဖန်တီးမှုလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။ ဆရီအာမန်ခရိုင်တွင် လေထုညစ်ညမ်းမှုညွှန်းကိန်း (API )သည် စံချိန်တင်ခဲ့ပြီး ၄၀၀ API ကျော်သို့ ရောက်ရှိခဲ့သည်။ မလေးရှားနိုင်ငံတစ်ဝန်း စာသင်ကျောင်းများကို ပိတ်ထားရပြီး အာဏာပိုင်များက ပြည်သူလူထုကို အိမ်အတွင်း၌ နေထိုင်ကြရန် အကြံပြုထားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန် အောင်ဇော်လင်း**

# ဝါရှင်တန်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား၊ တစ်ဦးသေ၊ ငါးဦးဒဏ်ရာရ

**ဝါရှင်တန် စက်တင်ဘာ ၂၀**

ယမန်နေ့ ညပိုင်းက ဝါရှင်တန်ဒီစီမြို့တော်မြောက်ပိုင်း၌ သေနတ်ပစ်ခတ်မှုတစ်ခုဖြစ်ပွားရာ လူတစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိခဲ့သည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ ပစ်ခတ်မှုအတွင်း အမျိုးသမီးတစ်ဦးနှင့် အမျိုးသားငါးဦး ပါဝင်ကြောင်း အခင်းဖြစ်ရာနေရာ၌ ရဲတပ်ဖွဲ့မှူးတစ်ဦးက သတင်းထောက်များသို့ ပြောကြားခဲ့သည်။





အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ငါးဦးဒဏ်ရာရရှိခဲ့ကာ ဒဏ်ရာရရှိသူများကို အနီးအနားရှိ ဆေးရုံများ၌ ဆေးကုသပေးလျက်ရှိကြောင်း ၎င်းက ပြောသည်။ သေနတ်ပစ်ခတ်မှုမှာ အိမ်ဖြူတော်မှ သုံးကီလိုမီတာခန့်အကွာ Columbia Heights ၌ ည ၁၀ နာရီဝန်းကျင်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ရဲတပ်ဖွဲ့က တွစ်တာ၌ သတိပေးချက်တစ်ရပ် ထုတ်ပြန်ခဲ့ပြီး အေကေသေနတ်ပုံစံ ရိုင်ဖယ်များ ကိုင်ဆောင်ထားသော အမျိုးသားနှစ်ဦး သိမ်းပိုက်ထားသည့် နစ်ဆန်းဆီဒင်ကားတစ်စီးကို တွေ့ရှိပါက အကြောင်းကြားရန် တိုက်တွန်းခဲ့သည်။

ယခုနှစ်အတွင်း သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားမှုကြောင့် လူပေါင်းများစွာ သေဆုံးခဲ့ရာ အမေရိကန်နိုင်ငံရေးသမားများက သေနတ်ကိုင်ဆောင်မှုနှင့်ပတ်သက်သော ဥပဒေများကို စေ့စပ်ညှိနှိုင်းနေစဉ် ယခုကဲ့သို့ ပစ်ခတ်မှု ဖြစ်ပွားခြင်းဖြစ်သည်။

**ကိုးကား--ဆင်ဟွာ**
**ဘာသာပြန် - ကျော်ထိုက်စိုး**



## ဖားကန့်၌ ဆီပီပါရှစ်လုံးအတွင်း သယ်ဆောင်လာသည့် တရားမဝင်ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

**ဖားကန့် စက်တင်ဘာ ၂၀**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် လယ်ပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ စက်တင်ဘာ ၁၈ ရက်က ဆီပီပါရှစ်လုံးအတွင်း သို၀ှက်သယ်ဆောင်လာသည့်တရားမဝင်ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီက ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအနီးရှိ လယ်ပြင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ရဲအုပ်ကျော်ကျော်လွင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက သတင်းအရစောင့်ဆိုင်းနေစဉ် ဖားကန့်မြို့ဘက်မှ ယာဉ်မောင်း ဝေထွန်း ၁၉ နှစ် မောင်းနှင်ပြီး အာကာကျော် ၁၇ နှစ် လိုက်ပါလာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ရှိ ဆီပီပါခွံရှစ်လုံးအတွင်း သို၀ှက်သယ်ဆောင်လာသည့် တရားမဝင်ကျောက်စိမ်းအရိုင်းတုံး ၁၇၈၀ တုံး (အလေးချိန် ကီလို ၂၀၀၀) ကျော်အား သိမ်းဆည်းရမိခဲ့သည်။

တရားမဝင် ကျောက်စိမ်းအရိုင်းတုံးများ သယ်ဆောင်သူ ဝေထွန်းနှင့် အာကာကျော်တို့ နှစ်ဦးအား လုံးခင်းနယ်မြေရဲစခန်းတွင် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဝင်းနိုင်(ကချင်မြေ)**

## ပျဉ်းမနားတွင် နံပါတ်တူ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူများကိုင်ဆောင်သူ နှစ်ဦး ဖမ်းဆီးရမိ

**ပျဉ်းမနား စက်တင်ဘာ ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့တွင် နံပါတ်တူ ငွေကျပ်တစ်သောင်းတန် ငွေစက္ကူများကိုင်ဆောင်သူ နှစ်ဦးကို ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၁၉ ရက် နံနက် ၃ နာရီ ၁၀ မိနစ်က နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်နိုင်လင်းဦးသည် ရဲအုပ်တင်ထွန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ရွာကောက်နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ် အောင်ကိုကိုဝင်း ပါဝင်၍ သက်သေများနှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ ပျဉ်းမနားမြို့ရွာကောက်ရပ်ကွက် မြို့သစ် (၆)လမ်းထိပ်နေ ဒေါ်မေရီထွန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်တွင် ဒေါ်မေရီထွန်းနှင့် သမီးဖြစ်သူ မအေးနန္ဒာတို့အား တွေ့ရှိရပြီး မူးယစ်ဆေးဝါးနှင့်ပတ်သက်သော ပစ္စည်းတစ်စုံတစ်ရာ မတွေ့ရှိရဘဲ အိပ်ခန်းရှေ့ ကြမ်းခင်းပေါ်တွင် ပိုက်ဆံအိတ်အတွင်းမှ ဧက ၈၁၆၉၃၀၆ နံပါတ်ဖြင့် ငွေကျပ်တစ်သောင်းတန် ၂၂ ရွက်၊ လက်ကိုင်ဖုန်းတစ်လုံးနှင့် ဆင်းကတ်တစ်ကတ်ကို တွေ့ရှိသိမ်းဆည်းခဲ့ပြီး ဒေါ်မေရီထွန်းနှင့် မအေးနန္ဒာတို့အား အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**

## ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်းတွင် တရားမဝင်ပျဉ်းကတိုးသစ်များ သယ်ဆောင်လာသော ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ပဲနွယ်ကုန်း စက်တင်ဘာ ၂၀**

ပဲခူးတိုင်းဒေသကြီးပဲနွယ်ကုန်းမြို့ သတိပဋ္ဌာန်ရပ်ကွက် ပဲနွယ်ကုန်း-ကျောက်ကြီးသွားကားလမ်းထိပ်၌ စက်တင်ဘာ ၁၉ ရက် ည ၉ နာရီခွဲက တရားမဝင်ပျဉ်းကတိုးသစ်များ တင်ဆောင်လာသော ယာဉ်တစ်စီးအား ဖမ်းဆီးရမိခဲ့သည်။

ကျောက်ကြီးဘက်မှ ပဲနွယ်ကုန်းမြို့ဘက်သို့ ယာဉ်မောင်း(အမည်နေရပ်လိပ်စာစုံစမ်းဆဲ) BGO-6N/-----Heno Dutro Truck အဖြူရောင်ယာဉ်ပေါ်၌ တရားမဝင်သစ်များတင်ဆောင်မောင်းနှင်လာကြောင်း သတင်းအရ ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ ဒု-ရဲအုပ်အောင်ကျော်ဖြိုးနှင့် တပ်ဖွဲ့ဝင်များ စောင့်ဆိုင်းရပ်တန့်စစ်ဆေးရာ ယာဉ်မောင်းမှာ ထွက်ပြေးသွားသည်။

ဆက်လက်စစ်ဆေးဆောင်ရွက်မှုများပြုလုပ်ခဲ့ရာ ပျဉ်းကတိုးခွဲသားဆိုဒ်စုံ ၄၈၇ ချောင်း (၄ ဒသမ ၆၇၉၆ တန်)အား တွေ့ရှိခဲ့၍ ကျောက်တံခါးမြို့နယ် သစ်တောရုံးသို့ သစ်များသယ်ယူသိမ်းဆည်းကာ ယာဉ်အား ပဲနွယ်ကုန်းနယ်မြေရဲစခန်းသို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ကျောက်တံခါးမြို့နယ် ပဲနွယ်ကုန်းနယ်မြေရဲစခန်းမှ သစ်ပိုင်ရှင်နှင့် ယာဉ်ပိုင်ရှင်များအား စုံစမ်းဖော်ထုတ်၍ ကျောက်တံခါး မြို့နယ်တရားရုံးသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**



## အဓမ္မပြုကျင့်ခံရသည့် မြန်မာအမျိုးသမီး၏ အမှုမှန်ပေါ်ပေါက်ရေးအတွက် အလုပ်သမားသံအရာရှိရုံးမှ ဆောင်ရွက်

**အယုဒ္ဓယ စက်တင်ဘာ ၂၀**

ထိုင်းနိုင်ငံရုပ်သံဌာနတစ်ခုဖြစ်သည့် Channel 3 HD(33) သတင်းဌာနမှ စက်တင်ဘာ ၁၆ ရက်တွင် ဖော်ပြခဲ့သော အယုဒ္ဓယခရိုင်၌ နေထိုင်အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားအမျိုးသမီးတစ်ဦးအား ထိုင်းနိုင်ငံသားတစ်ဦးက အဓမ္မပြုကျင့်သတ်ဖြတ်သည့်သတင်းတစ်ပုဒ် ထုတ်လွှင့်ခဲ့ရာ အဆိုပါ အမှုမှန်ပေါ်ပေါက်ရေးအတွက် ဗန်ကောက်မြို့ အလုပ်သမားသံအရာရှိရုံးမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ထိုင်းနိုင်ငံ အယုဒ္ဓယခရိုင်ရှိ ကြွေပြားစက်ရုံ၌ မြန်မာအမျိုးသမီးနှင့် အလုပ်အတူလုပ်ကိုင်နေသည့် ထိုင်းနိုင်ငံသား Mr. Kitiphong Yepatang က ဩဂုတ် ၃၁ ရက် ဒေသစံတော်ချိန် ည ၇ နာရီခန့်တွင် စက်ရုံအတွင်းရှိ စတိုခန်းအတွင်း၌ မြန်မာအမျိုးသမီးအား အဓမ္မပြုကျင့်ခဲ့ပြီး နှုတ်ပိတ်ရန် လုပ်ဆောင်နေစဉ် မြန်မာအမျိုးသမီးမှာ ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိရုံးမှ သတင်းအတည်ပြုနိုင်ရန်နှင့် ဖြစ်စဉ်အား စုံစမ်းနိုင်ရန်အတွက် စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင်အခင်းဖြစ်ပွားရာ နယ်မြေရဲစခန်းနှင့် ထိုင်းနိုင်ငံသတင်းရဲတပ်ဖွဲ့ (DSI)တို့ကို ချိတ်ဆက်၍ ကျူးလွန်ခံရသည့် မြန်မာအလုပ်သမား အမျိုးသမီးနှင့် အဆက်အသွယ်ရရှိရန် ကြိုးစားဆောင်ရွက်ခဲ့ရာ လူမှုအဖွဲ့အစည်းတစ်ခု၏ အကူအညီဖြင့် အဆက်အသွယ်ရရှိခဲ့ကြောင်း အလုပ်သမားသံအရာရှိ ဦးဝေလင်းမောင်၏ ပြောကြားချက်အရသိရသည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ ခလောင်န်ှိုင်နယ်မြေရဲစခန်းမှ ပြစ်မှုကျူးလွန်သည့် တရားခံဖြစ်သူအား အမြန်ဖမ်းဆီးရမိရေးအတွက် အယုဒ္ဓယခရိုင်အပါအဝင် ၎င်းမိသားစုနေထိုင်ရာနေရာဖြစ်သော မဟာဆာရခမ်ခရိုင်တို့၌ ပိုက်စိပ်တိုက်ရှာဖွေကာ အများပြည်သူသတင်းပေးတိုင်ကြားနိုင်ရန်အတွက် ဆုငွေဘတ် ၅၀၀၀ ချီးမြှင့်မည်ဖြစ်ကြောင်းကို အယုဒ္ဓယခရိုင်ရဲစခန်းမှ ထုတ်ပြန်ကြေညာထားကြောင်း ဗန်ကောက်မြို့ရှိ အလုပ်သမားသံအရာရှိရုံးမှ သိရသည်။

**ပွင့်သစ္စာ**

## ငွေဆောင်မြို့နယ်တွင် ချဲထီ / နှစ်လုံးထီ လောင်းကစားပြုလုပ်နေသူများကို လောင်းကြေးငွေကျပ်သိန်း ၃၀ ကျော်နှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ငွေဆောင်မြို့ အမှတ်(၂)ရပ်ကွက် မြို့မဈေး အခန်းအမှတ်(၁၅)တွင် ချဲထီ၊ နှစ်လုံးထီ လောင်းကစားပြုလုပ်နေကြောင်း သတင်းအရ ပုသိမ်ခရိုင် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၉ ရက် နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် သက်သေများနှင့်အတူ ဝင်ရောက်ဖမ်းဆီးရာ ဒေါ်အမာကြည်နှင့် ဒေါ်ချိုချိုဝင်းတို့အား ချဲထီ/နှစ်လုံးထီ လောင်းကစားရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ လောင်းကြေးငွေကျပ် ၃၁၅၀၀၀၀ နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတို့ နှစ်ဦးအား ငွေဆောင် မြို့မရဲစခန်းက (ပ)၂၃၁/၂၀၁၉၊ လောင်းကစားဥပဒေပုဒ်မ ၁၈(က)/၁၉(က)ဖြင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ကိုရဲ**



# ရှေ့နေနှင့် ရှေ့နေတစ်ဦး၏ အတတ်ပညာ

ဦးဟန်ညွန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

"ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်က ဘာလဲဆရာ"

"ရှေ့နေနှင့် ရှေ့နေတစ်ဦး၏ အတတ်ပညာ" ပါတဲ့။

"ဟာ---ဆရာ့ဆောင်းပါးကလည်း ရှေ့နေစကားလုံးတွေချည်းထပ်နေပါလား"

"အေးဗျာ၊ ရှေ့နေကိုးဗျ"

"ဘာကိုရည်ရွယ်ပါသလဲဆရာ"

"ဖတ်ကြည့်ကြစို့"

**ရှေ့နေတစ်ဦး၏အတတ်ပညာ**
(The Art of a Lawyer)

စာအုပ်အမည်မှာ 'ရှေ့နေတစ်ဦး၏အတတ်ပညာ' ( The Art of a Lawyer) ဖြစ်ပါသည်။ ဘာသာပြန်သူမှာ ဆရာကြီး ဦးဇကြိုင် ( B.A.B.L) ဖြစ်ပါသည်။ ဦးဇကြိုင်သည် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး(ငြိမ်း) ဖြစ်ပါသည်။ ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန (ယခင်) အချိန်ပိုင်း ပါမောက္ခတစ်ဦးလည်း ဖြစ်ပါသည်။ ထို့ပြင် စာရေးသူ(ဆောင်းပါးရှင်)၏ ကျေးဇူးရှင်ဆရာကြီးလည်းဖြစ်ပေသည်။ ကျွန်တော်တို့ ဥပဒေဝန်ထမ်း အလုပ်သင်ဘဝကတည်းက ဥပဒေလောကသို့ မိတ်ဆက်ကြိုဆိုခဲ့သော ဆရာကြီးတစ်ဦးလည်း ဖြစ်ပါသည်။ တရားရေးဝန်ထမ်းနှင့် ဥပဒေဝန်ထမ်း အတွေ့အကြုံကြွယ်ဝပြီး စာအုပ်အများအပြားပြုစုရေးသားသူလည်း ဖြစ်ပါသည်။

**စာရေးသူ၏အမှာ**

မူရင်းအင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော The Art of a Lawyer ဥပဒေပညာပေးစာအုပ်ကို ရှေ့နေတစ်ဦး၏ အတတ်ပညာဟု ဆရာကြီး ဦးဇကြိုင်က ဘာသာပြန်ဆိုခဲ့သည်။ နိုင်ငံရပ်ခြား ဥပဒေပညာရှင်များ၊ အင်္ဂလန်နိုင်ငံ(တရားရေးဝန်ကြီး အငြိမ်းစားများနှင့် တရားလွှတ်တော် ရှေ့နေကြီးများ)နှင့် အိန္ဒိယနိုင်ငံ (အငြိမ်းစားတရားဝန်ကြီးများနှင့် တရားလွှတ်တော်ရှေ့နေကြီးများ) ရေးသားထားသည့် ဆောင်းပါးများကို စုစည်းတင်ပြထားခြင်း ဖြစ်သည်။ B.Malik; M.A; LL.B, Barrister at Law ကတည်းဖြတ်၍ ၁၉၅၇ ခုနှစ်ကထုတ်ဝေခဲ့သော စာအုပ်ဖြစ်သည်။ ထိုစာအုပ်ကို ဆရာကြီး ဦးဇကြိုင်က ဘာသာပြန်ဆိုခြင်းဖြစ်သည်။

**Bench and Bar**

ရှေ့နေများသည် အမှုသည်များ၏ အကျိုးကိုသာကာကွယ်စောင့်ရှောက်ရခြင်းသာမကဘဲ တရားရုံးအား အမှန်တရားရှာဖွေဆုံးဖြတ်ရာတွင် အထောက်အကူပြုရသော တရားရုံး၏အရာရှိဟုလည်း သတ်မှတ်ပါကြောင်း၊ ရှေ့နေများစုဝေးရာနေရာ (Bar) နှင့် တရားသူကြီးများရုံးထိုင်ရာခုံရုံး (Bench)တို့သည် တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီဆောင်ရွက်မှုတို့ကို ပြုလုပ်နိုင်ကြမှသာလျှင် အမှန်တရားရှာဖွေရာတွင် လွယ်ကူချောမောမည် ဖြစ်ပါကြောင်း၊ တရားသူကြီးများအနေဖြင့် နှစ်ဖက်ရှေ့နေများ လျှောက်လဲတင်ပြသော ဥပဒေများကို အလေးထား၍ သုံးသပ်ရပါကြောင်း ဆရာကြီး ဦးဇကြိုင်က ရေးသားတင်ပြထားပါသည်။

အမေရိကန်နိုင်ငံ၊ အင်္ဂလန်နိုင်ငံ၊ အိန္ဒိယနိုင်ငံ အပါအဝင် ဒီမိုကရေစီနိုင်ငံကြီးများတွင် ရိုးသားဖြောင့်မတ်ပြီး ဥပဒေအရာတွင် အထူးတတ်ကျွမ်းသော၊ ဝါရင့်သော ရှေ့နေကြီးများကို တရားလွှတ်တော်(High Court) နှင့် တရားလွှတ်တော်ချုပ်(Supreme Court) တို့၌ တရားဝန်ကြီး၊ တရားသူကြီးချုပ်အဖြစ် ခန့်အပ်တာဝန်ပေးအပ်ကြောင်း၊ မြန်မာနိုင်ငံတွင်လည်း တရားလွှတ်တော် ရှေ့နေအချို့ကို တရားလွှတ်တော်တရားသူကြီးချုပ် (ဥပမာ-ဒေါက်တာမောင်မောင်)၊ တရားလွှတ်တော် တရားသူကြီးများ (ဥပမာ-ဒေါက်တာဖမောင်၊ ဦးသန့်စင်၊ ဦးသန်းအောင်၊ ဦးအေးမောင်၊ ဦးမွန်စံလှိုင်) အစရှိသော ပုဂ္ဂိုလ်တို့ကို ခန့်အပ်ခဲ့ဖူးကြောင်း လေ့လာသိရှိနိုင်ပါသည်။ ယခုအခါ ပြည်ထောင်စု မြန်မာနိုင်ငံတော်သည် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ လျှောက်လှမ်းလျက်ရှိရာ ရှေ့ကာလအဖို့တွင် ရိုးသားဖြောင့်မတ်ပြီး ဥပဒေပညာအရာတွင် ထင်ပေါ်သော ဝါရင့်လွှတ်တော်ရှေ့နေကြီးများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ပြည်နယ်၊ တိုင်းဒေသကြီး တရားလွှတ်တော်များတွင် တရားဝန်ကြီးများအဖြစ် ပိုမိုခန့်ထားလာနိုင်ဖွယ်ရှိသည်ဟု မျှော်လင့်ရကြောင်းကိုပါ စာရေးသူ၏အမှာတွင် ဖော်ပြရေးသားခဲ့ပါသည်။

**မာတိကာ**

အကြောင်းအရာ (၃၄)ပုဒ်ကို အောက်ပါအတိုင်း တင်ပြထားပါသည် -

၁။ လျှောက်လဲတင်ပြမှုအတတ်ပညာနှင့်စပ်လျဉ်း၍ မြင်တွေ့မှုအချို့။
၂။ အဖွင့်လျှောက်လဲချက်။
၃။ တရားရုံးတော်တွင် အမှုတစ်မှု မည်သို့လျှောက်လဲရခြင်း။
၄။ ဥပဒေကို လက်တွေ့လေ့လာကျင့်သုံးခြင်း။
၅။ ရိုးသားဖြောင့်မတ်သော ရှေ့နေ။
၆။ သိပ္ပံနည်းကျစွဲဆောင်၍ လျှောက်လဲတင်ပြခြင်း။
၇။ တရားရုံးနှင့် တရားရုံးရှေ့တွင် ပြုမူရမည့် အပြုအမူများ။
၈။ တရားရုံးရှေ့တွင် ပြုလုပ်သော ရယ်ရွှင်ဖွယ်။
၉။ သင်၏အမှုအောင်နိုင်ရေးအတွက် မည်သို့ ဆောင်ရွက်ရမည်နည်း။
၁၀။ အယူခံမှုတွင် မည်သို့ လျှောက်လဲတင်ပြရမည်နည်း။
၁၁။ အမှုတစ်မှုကို လေ့လာပြင်ဆင်ခြင်း။
၁၂။ တရားစီရင်ထုံးများကို ရည်ညွှန်းကိုးကားရန် နည်းလမ်း။
၁၃။ တရားမ မူလမှုများကို မည်သို့ပြင်ဆင်ရမည်နည်း။
၁၄။ အမှုများ အောင်နိုင်ရေးအတတ်ပညာ။
၁၅။ တရားလွှတ်တော်ရှေ့နေတစ်ဦးထံမှ ကျွန်ုပ်သည် ဘာကိုမျှော်လင့်ရမည်နည်း။
၁၆။ အမှုသည်များနှင့် တွေ့ဆုံဆွေးနွေးခြင်း။
၁၇။ အယူခံမှုများတွင် လျှောက်လဲတင်ပြရန်နည်းလမ်း။
၁၈။ လျှောက်လဲတင်ပြမှုအတတ်။
၁၉။ ပြန်လှန်စစ်မေးခြင်းနည်းလမ်း။
၂၀။ အမှုတစ်မှုကို မည်သို့လေ့လာရမည်နည်း။
၂၁။ ရှေ့နေကောင်းတစ်ဦးဖြစ်အောင် မည်သို့ ဆောင်ရွက်ရမည်နည်း။
၂၂။ အယူခံတရားရုံးမှ ကျွန်ုပ်ဘာကို မျှော်လင့်နိုင်ပါသလဲ။
၂၃။ ဥပဒေနှင့် ရှေ့နေများ။
၂၄။ အမှုတစ်မှုကို ပြင်ဆင်ဆောင်ရွက်ခြင်း။
၂၅။ တရားလွှတ်တော်ရှေ့နေတစ်ဦးထံမှ ကျွန်ုပ်ဘာကို မျှော်လင့်ပါသလဲ။
၂၆။ မှန်ကန်စွာ ဆုံးဖြတ်သော တရားသူကြီး။
၂၇။ ပြန်လှန်စစ်မေးခြင်း။
၂၈။ အမှုသာဓကများကို တင်ပြရန်နည်းလမ်း။
၂၉။ ရှေ့နေ၏လုပ်ငန်းတာဝန်(၅)ရပ်။
၃၀။ ရှေ့နေတစ်ဦးထံမှ ဘာကိုမျှော်လင့်နိုင်ပါသလဲ။
၃၁။ အပြီးသတ်လျှောက်လဲတင်ပြခြင်း။
၃၂။ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အပြုအမူ။
၃၃။ The Just Judge
၃၄။ မြန်မာနိုင်ငံစီရင်ထုံးကောက်နုတ်ချက်။

**ကောက်နုတ်တင်ပြချက်**

အကြောင်းအရာ ၃၄ ပုဒ်စလုံးမှာ လက်တွေ့တရားခွင်ဘဝအတွက် လွန်စွာတန်ဖိုးကြီးလှသော အတတ်ပညာများဖြစ်ပေသည်။ The Just Judge ဆောင်းပါးစာတမ်းတွင် THE JUDGES MUST BE INDEPENDENT ဟု အလေးအနက်ရေးထားသည်။ တရားစီရင်ရေး၏ အဓိကခွန်အား ဖြစ်ပေသည်။ ထို့ပြင် တရားသူကြီးတစ်ယောက်တွင် ရှိသင့်ရှိထိုက်သော အရည်အချင်းတစ်ချက်ချင်းအကြောင်းကိုပါ ဖော်ပြထားပေသည်။ တရားသူကြီးတိုင်း လက်မလွှတ်တမ်း ဖတ်ရှုကျင့်သုံး လိုက်နာသင့်ပေသည်။ ဆောင်းပါးရှင် နှစ်သက်သမျှကောက်နုတ်တင်ပြခြင်းသာ ဖြစ်ပါသည်။




**အမှုတစ်မှုကို ပြင်ဆင်ဆောင်ရွက်ခြင်း**

တရားခွင်သို့မရောက်မီ စီမံဆောင်ရွက်မှု၊ အမှုအောင်မြင်ရန် ကြိုတင်ပြင်ဆင်မှုများကို ဖော်ပြထားသေးသည်။ ဉာဏ်ရည်ထက်မြက်သော နည်းဗျူဟာဖြင့် လျှောက်လဲတင်ပြခြင်း၊ မေးမြန်းခြင်းများ မည်သို့ကြိုတင်ပြင်ဆင်မည်လဲ၊ တရားသူကြီး လက်ခံအောင် ဘယ်လိုလုပ်ရမည်လဲ၊ ပြိုင်ဘက်အမှုသည်၏ အင်အားကို လျှော့မတွက်ဖို့ သတိပြု။

**ရှေ့နေ၏ လုပ်ငန်းတာဝန်(၅)ရပ်**
(The Five Functions of the Lawyer)

(၁)ဥပဒေသိရမည်။
(၂)ခုခံလျှောက်လဲတတ်ရမည်။
(၃)လေ့လာမှု ပြည့်ဝထားရမည်။
(၄)ဉာဏ်ရည်ထက်မြက် လေးနက်ရမည်။
(၅)ပြည်သူ့အရာရှိ ပီသရမည်ဟု ဖော်ပြထားသည့် အခြားဖတ်ရှုမှတ်သားစရာများကို ဆက်လက်လေ့လာ ဖတ်ရှုကြစေလိုပါသည်။

**ရှေ့နေတစ်ဦး၏ အတတ်ပညာ**

ရှေ့နေတစ်ဦး၏ အားနည်းမှုကြောင့် နိုင်သင့်သော အမှုဖြစ်ပါလျက် ရှုံးနိမ့်သွားတတ်ပုံ၊ ရေရှည် အောင်မြင်မှုရဖို့ ဘာတွေလုပ်ရမလဲ စသည်များ၊ ရှေ့နေတစ်ဦး၏ အတတ်ပညာကို ရေးသားထားသည့် စာအုပ်ကောင်းတစ်အုပ် ဖြစ်ပါသည်။ ရှေ့နေတစ်ဦးတတ်ကျွမ်းသင့်သော အတတ်ပညာများကား များပြားလှပါဘိ။

**နိဂုံး**

ဆရာကြီး ဦးဇကြိုင်၏ စာအုပ်ကိုဖတ်ပြီး ရှေ့နေတစ်ဦး ပီသစေသော အတတ်ပညာများ တိုးပွားရရှိလာမည်ဟု ယုံကြည်မိပါကြောင်း တင်ပြအပ်ပါသည်။

## ဂျပန်ဖလားဂျူဒိုပြိုင်ပွဲဗိုလ်လုပွဲနှင့် ဂျူဒိုနည်းစနစ်သစ်သရုပ်ပြပွဲကျင်းပ




**ရန်ကုန် စက်တင်ဘာ ၂၀**

၂၀၁၉ ခုနှစ် (၁၅)ကြိမ်မြောက် ဂျပန်ဖလားဂျူဒိုပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ ဆုပေးပွဲနှင့်ဆစ်ဒနီအိုလံပစ် Gold Medalist ဆုရ ဂျပန်အပြည်ပြည်ဆိုင်ရာ အမျိုးသားလူငယ် ဂျူဒိုအသင်း ဒါရိုက်တာ မစ္စတာအီနိုအူဝဲ ခေါင်းဆောင်သောအဖွဲ့၏ ပြောင်းလဲလာသော ဂျူဒိုစနစ်သစ်သရုပ်ပြပွဲကို ယမန်နေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ကွင်း မိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

(၁၅)ကြိမ်မြောက် ဂျပန်ဖလားဂျူဒိုပြိုင်ပွဲကို နံနက်ပိုင်းတွင် ကျင်းပရာ ၆၆ ကီလိုတန်း အမျိုးသားပထမ အောင်ဇေယျာထွန်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ ဒုတိယ ခွန်သန့်ဇင် (မန္တလေးအားကစားသိပ္ပံ)၊ တတိယ အောင်ကျော်နိုင်(ကာကွယ်ရေးဝန်ကြီးဌာန)နှင့် ငြိမ်းပြည့်မောင် (ကာကွယ်ရေးဝန်ကြီးဌာန)တို့က ရရှိကြသည်။

၅၅ ကီလိုတန်းအမျိုးသမီးပထမ ခင်ခင်စု (ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)၊ ဒုတိယ အိအိဝင်း (ကာကွယ်ရေးဝန်ကြီးဌာန)၊ တတိယ ဖျားမြဲ (လှိုင်ကော်အားကစားသိပ္ပံ)တို့က ရရှိကြသည်။ ဆုများကို ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်များ၊ ဧည့်သည်တော် မစ္စတာအီနိုအူဝဲ၊ နည်းပြချုပ်နှင့်တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မွန်းလွဲပိုင်းတွင် ဂျူဒိုသရုပ်ပြပွဲကို ဆက်လက်ကျင်းပရာ မစ္စတာအီနိုအူဝဲအဖွဲ့က ယနေ့အပြည်ပြည်ဆိုင်ရာဂျူဒိုပြိုင်ပွဲများတွင် သမားရိုးကျ ဂျူဒိုအားကစားနည်းများအပြင် ပြိုင်ပွဲဝင် ဂျူဒိုအားကစားသမားများက စိတ်ကူးသစ်များဖြင့် တီထွင်ဆန်းသစ်သောနည်းစနစ်များကို ပေါင်းစပ်ကာ ပြိုင်ပွဲများကို ယှဉ်ပြိုင်လျက်ရှိကြောင်း၊ ယခုလိုဆန်းသစ်တီထွင်မှုများကို အားကစားသမားများအနေဖြင့် ပိုမိုအားထုတ်လေ့ကျင့်သွားရမည်ဖြစ်ကြောင်း ပြောကြားပြီး ဂျူဒိုလက်တွေ့သရုပ်ပြပွဲကို အားကစားသမားများနှင့် အတူ ယှဉ်ပြိုင်ကစားလေ့ကျင့်ကြပြီး အခမ်းအနားကို ညနေပိုင်းတွင် ရုပ်သိမ်း၍ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကြသည်။

**စောသိန်းဝင်း**

# ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

### အခန်း(၄)
### ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့ သတ်မှတ်ပေးခြင်းကို အနီးကပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန်ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ရပ်တည် ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ စုစုပေါင်းငွေအဝင်နှင့် အထွက်ကို စာရင်းပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၄။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉) နှင့် (၁၀) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

၂၅။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဇယား (၉) နှင့်(၁၀) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရလိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ အမှန်စာရင်းများတွင်လည်းကောင်း ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းများလုပ်ကိုင်ရန် ကနဦးရင်းနှီးမြှုပ်နှံငွေကို သတ်မှတ်ချက်နှင့်အညီ ထည့်ဝင်နိုင်သည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေအစီအစဉ်ပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေများကို မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

### အပိုင်း ၄
### အရေးပေါ်ရန်ပုံငွေ

၂၆။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား (၄)တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြထားသည့် အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရက မသုံးစွဲလျှင်မဖြစ်သည့် အရေးပေါ်ကိစ္စရပ်အတွက် အသုံးစရိတ်ဖြစ်ပြီး အရအသုံးခန့်မှန်းခြေငွေစာရင်း လျာထားချက်တွင် ပါဝင်ခြင်းမရှိသော အသုံးစရိတ်အတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။

(ခ) ပုဒ်မခွဲ (က) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြရမည်။

(ဃ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၂) နှင့် (၄) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ဘဏ္ဍာရေးနှစ်အတွင်း ကြိုတင်မမျှော်မှန်းနိုင်သည့် ကိစ္စရပ်များနှင့် သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့်ကိစ္စရပ်များအတွက်သာလျှင် ဆောင်ရွက်ခွင့်ရှိသည်။ ဤပုဒ်မခွဲပါ အရေးပေါ်ရန်ပုံငွေဟူသော စကားရပ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ယှဉ်တွဲဖော်ပြပါ အရေးပေါ်ရန်ပုံငွေနှင့် သက်ဆိုင်ခြင်းမရှိစေရ။

(င) ပုဒ်မခွဲ (ဃ) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(စ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ပုဒ်မခွဲ (ဃ) နှင့် (င) အရ အရေးပေါ်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တင်ပြရမည်။

### အပိုင်း ၅
### တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၈။ (က) တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၁) နှင့် (၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၉။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ ဇယား (၁၁) နှင့် (၁၂) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၀။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၆
### နေပြည်တော်ကောင်စီ

၃၁။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသောသုံးငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃၂။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ ဇယား (၁၃) နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤပုဒ်မပါ ကိစ္စရပ်များကို ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ တာဝန်လွှဲအပ်ဆောင်ရွက်စေနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အပိုင်း ၇
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ်ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရမည်။

၃၅။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅) နှင့် (၁၆) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

**(ဆက်လက်ဖော်ပြပါမည်)**

# ပင်လယ်ငါးလုပ်ငန်းဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

ပင်လယ်ငါးလုပ်ငန်းဥပဒေကြမ်း
(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်၊ )
၁၃၈၁ ခုနှစ်၊ လ ရက်
(၂၀၁၉ ခုနှစ်၊ လ ရက် )

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ပင်လယ်ငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **အခြေခံမျဉ်း၊ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်၊ သီးသန့်စီးပွားရေးဇုန်နှင့် ကမ်းလွန်ရေတိမ်ပိုင်း**ဆိုသည့် စကားရပ်များသည် မြန်မာနိုင်ငံပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်းဖြစ်သည်။

(ဂ) **ပင်လယ်ကမ်းနီးရေပြင်**ဆိုသည်မှာ နိုင်ငံတော်ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် ဒီရေတက်ရာဘက် ရေပြင်၊ မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြားတစ်ဖက်ကမ်းအစွန်ဆုံးအထိ ဆွဲထားသည့် မျဉ်းဖြောင့်၏ ဒီရေတက်ရာဘက် ရေပြင်မှ ပိုင်နက်ပင်လယ်အတွင်း ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားရှိသည့်ရေပြင်ကို ဆိုသည်။

(ဃ) **ပင်လယ်ကမ်းဝေးရေပြင်**ဆိုသည်မှာ ပင်လယ်ကမ်းနီးရေပြင် နယ်နိမိတ်အပြင်ဘက်မှ ပိုင်နက်ပင်လယ်၊ ဆက်စပ်ဇုန်နှင့်သီးသန့်စီးပွားရေးဇုန်အပါအဝင် ကမ်းလွန်ရေတိမ်ပိုင်းအထိ ကျယ်ဝန်းသည့်ရေပြင်အတွင်း ဦးစီးဌာနက အမိန့်ကြော်ငြာစာထုတ်ပြန်သတ်မှတ်ထားရှိသည့်ရေပြင်ကို ဆိုသည်။

(င) **ပင်လယ်ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ပင်လယ်ကမ်းနီးရေပြင်၊ ပင်လယ်ကမ်းဝေးရေပြင်နှင့် ယင်းတို့၏သဲသောင်များကို ဆိုသည်။

(စ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်းတစ်ပိုင်းတွင်သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါများအားလုံး၊ ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင်ပေါက်ပွားသည့်အပင်များနှင့် ယင်းတို့၏အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဆ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်းစသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဇ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ငါးများအား ဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း သို့မဟုတ် သေစေခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများအတွက် အထောက်အကူပြုလုပ်ငန်း၊ ပြင်ဆင်ခြင်းလုပ်ငန်းနှင့် သယ်ယူခြင်းလုပ်ငန်းများစသည်တို့ပါဝင်သည်။

(ဈ) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသော ပစ္စည်းကိရိယာကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကွက်**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်တွင် ဦးစီးဌာနက ဝန်ကြီးဌာန၏သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ရန် သတ်မှတ်ပေးသည့်ရေပြင်ကို ဆိုသည်။

(ဋ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများကို တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် သန့်ရှင်းစင်ကြယ်စေခြင်း၊ ဖြတ်တောက်ခြင်း၊ ရေခဲရိုက်ခြင်း၊ အေးခဲခြင်း၊ ကျပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ်၊ ငါးကြေမှုန့်ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးမှစားသုံးကုန်နှင့် အခြားကုန်ပစ္စည်းများထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများလည်း ပါဝင်သည်။

(ဌ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ ငါး၊ ငါးကိုပြုပြင်မွမ်းမံထားသည့် ပစ္စည်းများ၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများကို ဆိုသည်။ ယင်းစကားရပ်တွင် ပက်ကျိ၊ မျှော့၊ လိပ်နှင့်ဥများ၊ မိကျောင်းနှင့်ဥများ၊ ကဏန်း၊ ရေမျှ၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံနှင့် ယောက်သွား၊ သန္တာကျောက်ခက်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမြက်နှင့်ရေမှော်စသည့် ပစ္စည်းများလည်း ပါဝင်သည်။

(ဍ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးလုပ်ငန်းလုပ်ကိုင်သည့် စက်တပ် သို့မဟုတ် စက်မဲ့ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်ကို အထောက်အကူပြုသောရေယာဉ်များနှင့် ငါးသယ်ရေယာဉ်များကို ဆိုသည်။

(ဎ) **ပြည်တွင်းငါးဖမ်းရေယာဉ်**ဆိုသည်မှာ နိုင်ငံသားတစ်ဦးဦးက ပိုင်ဆိုင်၍ ပြည်တွင်းတွင် မှတ်ပုံတင်ထားသော ရေယာဉ်ကို ဆိုသည်။

(ဏ) **နိုင်ငံခြားငါးဖမ်းရေယာဉ်**ဆိုသည်မှာ နိုင်ငံခြားသားပိုင်ဖြစ်ပြီး နိုင်ငံခြားတိုင်းပြည်တစ်ခုခုတွင် မှတ်ပုံတင်ထားသောရေယာဉ် သို့မဟုတ် နိုင်ငံခြားသားပိုင်ဖြစ်ပြီး ပြည်တွင်းတွင် မှတ်ပုံတင်ထားသော ရေယာဉ်များ သို့မဟုတ် နိုင်ငံခြားသားက ငှားရမ်းလုပ်ကိုင်သည့် ပြည်တွင်းငါးဖမ်းရေယာဉ်ကို ဆိုသည်။

(တ) **လိုင်စင်**ဆိုသည်မှာ ဤဥပဒေအရ လိုင်စင်ရယူရန်သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် သက်ဆိုင်ရာဦးစီးဌာနမှူး သို့မဟုတ် ဦးစီးဌာနက ထုတ်ပေးသည့်လိုင်စင်ကို ဆိုသည်။

(ထ) **ခွင့်ပြုမိန့်**ဆိုသည်မှာ သတ်မှတ်ထားသော ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် ဦးစီးဌာနက ဤဥပဒေအရထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဒ) **ထောက်ခံချက်**ဆိုသည်မှာ သတ်မှတ်ထားသော ပစ္စည်းတစ်ခုခုကို ပြည်ပသို့ တင်ပို့ခြင်း သို့မဟုတ် ပြည်တွင်းသို့ တင်သွင်းခြင်းပြုနိုင်ရန် ဦးစီးဌာနက ဤဥပဒေအရ ထုတ်ပေးသည့်အထောက်အထားလက်မှတ်ကို ဆိုသည်။

(ဓ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကို ဆိုသည်။

(န) **ဦးစီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(ပ) **ဦးစီးဌာနမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးတို့ကို ဆိုသည်။

(ဖ) **စစ်ဆေးရေးမှူး**ဆိုသည်မှာ ဦးစီးဌာန၏ တိုင်းဒေသကြီး၊ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ခရိုင်နှင့် မြို့နယ်ဦးစီးဌာနမှူးများကိုလည်းကောင်း၊ ဦးစီးဌာနက စစ်ဆေးရေးမှူးအဖြစ် တာဝန်ပေးအပ်သော ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦးကိုလည်းကောင်း၊ ဝန်ကြီးဌာနက စစ်ဆေးရေးမှူးအဖြစ် အခါအားလျော်စွာ တာဝန်ပေးအပ်သော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုမှ ပုဂ္ဂိုလ်တစ်ဦးဦးကိုလည်းကောင်း ဆိုသည်။

(ဗ) **စစ်ဆေးရေးအဖွဲ့**ဆိုသည်မှာ ငါးဖမ်းရေယာဉ်၊ ယင်းရေယာဉ်ပေါ်ရှိ လိုက်ပါလာသူများနှင့် ပစ္စည်းများကို ဥပဒေနှင့်အညီ စစ်ဆေးနိုင်ရန် ဝန်ကြီးဌာနက ဖွဲ့စည်းပေးသည့်အဖွဲ့ကို ဆိုသည်။

(ဘ) **နိုင်ငံသား**ဆိုသည်မှာ မြန်မာနိုင်ငံသားကို ဆိုသည်။ ယင်းစကားရပ်တွင် ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူတို့လည်း ပါဝင်သည်။

(မ) **နိုင်ငံခြားသား**ဆိုသည်မှာ နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် ဧည့်နိုင်ငံသားမဟုတ်သောသူ သို့မဟုတ် နိုင်ငံသားပြုခွင့်ရသူမဟုတ်သောသူကို ဆိုသည်။

(ယ) **ငါးလုပ်ငန်းရှင်**ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ်ကို လုပ်ကိုင်ရန် လိုင်စင်ရရှိသူ သို့မဟုတ် ခွင့်ပြုမိန့်ရရှိသူကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းရှင်၏လုပ်ငန်းကို ကြီးကြပ်အုပ်ချုပ်သူနှင့် ကိုယ်စားလှယ်တို့လည်း ပါဝင်သည်။

(ရ) **ရေယာဉ်မှူး**ဆိုသည်မှာ ငါးဖမ်းရေယာဉ်ကို အမြဲတမ်းဖြစ်စေ၊ အခိုက်အတန့်ဖြစ်စေ ကြီးကြပ်အုပ်ချုပ်သူ၊ ဦးစီးသူ သို့မဟုတ် ထိန်းသိမ်းသူကို ဆိုသည်။ ယင်းစကားရပ်တွင် ရေကြောင်းပြမပါဝင်။

(လ) **ရေလုပ်သား**ဆိုသည်မှာ ငါးဖမ်းခြင်းလုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်လုပ်ကိုင်သူကို ဆိုသည်။

(ဝ) **ဒေသခံရေလုပ်သားအစုအဖွဲ့**ဆိုသည်မှာ ပင်လယ်ငါးလုပ်ငန်းရေပြင်ရှိ ဒေသခံရေလုပ်သားများက ငါးဖမ်းခြင်းလုပ်ငန်းကို အစုအဖွဲ့ဖြင့် ပူးပေါင်း၍ လုပ်ကိုင်ရန်နှင့် စီမံခန့်ခွဲရန် ဖွဲ့စည်းထားသော အဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ ရေရှည်တည်တံ့စေရန်နှင့် စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ထိန်းသိမ်းကာကွယ်ရန်နှင့် ငါးသယံဇာတများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန်နှင့် ရေထုညစ်ညမ်းမှုမရှိစေရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် ကာကွယ်ထိန်းသိမ်းရန်၊

(ဃ) ငါးလုပ်ငန်းကို စည်းကမ်းချက်များနှင့်အညီ လုပ်ကိုင်ခွင့်ပြုရန်နှင့် တရားမဝင် ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို ကာကွယ်တားဆီးအရေးယူနိုင်ရန်၊

(င) ငါးလုပ်ငန်းဆိုင်ရာသုတေသနပြုရေးနှင့် နည်းပညာပြန့်ပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်၊

(စ) ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရန်။

## အခန်း (၃)
## ငါးသယံဇာတလျော့နည်းပြုန်းတီးမှုထိန်းသိမ်းကာကွယ်ရေး၊ ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့်စီမံခန့်ခွဲရေး

၄။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့်-

(က) ငါးသယံဇာတအရင်းအမြစ်များ ရေရှည်သုံးစွဲနိုင်ရေး၊ မျိုးသုဉ်းမည့်အန္တရာယ်ကျရောက်နေသည့် ငါးမျိုးများ ပေါက်ပွားပြန့်ပွားနိုင်ရေးနှင့် ငါးမျိုးနေရင်းဒေသများ၊ ငါးများ၏ဇီဝဂေဟစနစ်များ ရေရှည်တည်တံ့စေရန်နှင့် ထိန်းသိမ်းကာကွယ်ရန် ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း အောက်ပါထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေးရေပြင်များတွင် စည်းကမ်းချက်များသတ်မှတ်ခြင်း၊ နယ်နိမိတ်နှင့် အချိန်ကာလတို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်-

(၁) အဏ္ဏဝါဥယျာဉ်များ၊

(၂) ငါးဖမ်းခြင်းကိုတားမြစ်သည့် ရေပြင်ဧရိယာများ၊

(၃) ငါးသယံဇာတထိန်းသိမ်းကာကွယ်သည့် ရေပြင်ဧရိယာများ၊

(၄) ငါးများခိုအောင်းပြီး မျိုးပွားနိုင်သည့်ဒီရေတောများ၊ ဒေသများ၊ ပင်လယ်ကမ်းခြေများ၊ ပင်လယ်မြက်ခင်းများ၊ သန္တာကျောက်တန်းများ၊ ကျင်းများနှင့် ချိုင့်များ၊

(၅) ငါးများသွားလာသည့် လမ်းကြောင်းများ။

(ခ) ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး ရေပြင်များကို လိုအပ်သလို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ခြင်းပြုနိုင်သည်။

၅။ ဦးစီးဌာနသည် ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် -

(က) ငါးလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငါးသယံဇာတအရင်းအမြစ်များ လျော့နည်းပြုန်းတီးမှုမှ ထိန်းသိမ်းကာကွယ်ရန်နှင့် ငါးများ၏ ဇီဝဂေဟစနစ်များ ပျက်စီးမှုမရှိစေဘဲ ရေရှည်တည်တံ့စေရန် ထိန်းသိမ်းကာကွယ် စောင့်ရှောက်ရေးတို့အတွက် မူဝါဒများနှင့် လမ်းညွှန်ချက်များ ချမှတ်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ ပြုရမည်။

(ခ) ငါးလုပ်ငန်းများဆောင်ရွက်ရာတွင် ရေထုညစ်ညမ်းမှုမရှိစေရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့အတွက် အစီအစဉ်များချမှတ်ဆောင်ရွက်ရမည်။

၆။ ဦးစီးဌာနသည် သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည်-

(က) ပင်လယ်ကမ်းနီးရေပြင်နှင့် ပင်လယ်ကမ်းဝေးရေပြင်တို့ကို သတ်မှတ်ခြင်း၊ ပြင်ဆင်သတ်မှတ်ပေးခြင်း။

(ခ) ခွင့်ပြုသည့် သို့မဟုတ် တားမြစ်သည့်ငါးလုပ်ငန်းအမျိုးအစား၊ ငါးဖမ်းရာသီ၊ ငါးဖမ်းကွက်နှင့် နေရာဒေသ၊ ငါးဖမ်းနည်းစနစ်၊ ငါးဖမ်းရက်၊ ငါးဖမ်းရေယာဉ်စင်းရေနှင့်အရွယ်အစား၊ ငါးဖမ်းကိရိယာအမျိုးအစား၊ အရွယ်အစားနှင့် အရေအတွက်၊ ငါးအမျိုးအစား၊ အရွယ်အစားနှင့် ပမာဏတို့ကို သတ်မှတ်ခြင်း၊ ကန့်သတ်ခြင်း။

(ဂ) ငါးလုပ်ငန်း၌ သုံးစွဲရန် သင့်လျော်သောအစာများ၊ ဖြည့်စွက်အစာပစ္စည်းများ၊ ဆေးဝါးများ၊ ဟော်မုန်းများ၊ ဓာတုပစ္စည်းများ သတ်မှတ်ခြင်းနှင့် မသင့်လျော်သည်များကို တားမြစ်ပိတ်ပင်ခြင်း။

(ဃ) ငါးတင်ငါးချဆိပ်ခံတံတားများ၊ ငါးလေလံဈေးများ၊ ရေထွက်ပစ္စည်း ပြုပြင်မွမ်းမံသည့် စက်ရုံ၊ အလုပ်ရုံများ၊ အစာစက်ရုံနှင့် ရေခဲစက်များတွင် ထုတ်လုပ်မှုစနစ်များ၊ ရေထွက်ပစ္စည်းများ၏ စံချိန်စံညွှန်းများ၊ အရည်အသွေးများ၊ စီမံခန့်ခွဲမှုစနစ်များ သတ်မှတ်ခြင်း၊ အသိပေးခြင်း၊ ညွှန်ကြားခြင်း၊ လိုက်နာဆောင်ရွက်စေခြင်း၊ စစ်ဆေးခြင်းနှင့် အရေးယူခြင်း။

(င) ငါးဖမ်းရေယာဉ်များတွင် တပ်ဆင်ရမည့် ဆက်သွယ်ရေး၊ စောင့်ကြည့်ထိန်းချုပ်ရေးနှင့် ငါးဖမ်းနည်းစနစ်များဆိုင်ရာ ကိရိယာများကို သတ်မှတ်ခြင်း။

(စ) ငါးလုပ်ငန်းဆိုင်ရာ စံချိန်စံညွှန်းများ၊ အရည်အသွေးများ၊ စီမံခန့်ခွဲမှုစနစ်များကို အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့်အညီ သတ်မှတ်ခြင်း၊ အသိပေးခြင်း၊ ညွှန်ကြားခြင်းနှင့် ဆောင်ရွက်ချက်များကို စောင့်ကြည့်ခြင်း၊ စစ်ဆေးခြင်းနှင့် ကြီးကြပ်ခြင်း။

(ဆ) ရေထွက်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်းပြုရာတွင် အရည်အသွေးပြည့်ဝရေး၊ ကျန်းမာရေးနှင့် ညီညွတ်ပြီး ဘေးကင်းလုံခြုံရေးတို့အတွက် လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ အသိပေးခြင်းနှင့် စစ်ဆေးခြင်း။

(ဆက်လက်ဖော်ပြပါမည်)

## (၅၅) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆို



**ပြည်**

ပြည်ရထားရဲစခန်းမှူးရဲအုပ်သက်မင်းထွန်းဦးဆောင်သောတပ်ဖွဲ့ဝင် ၁၅ ဦး၊ မိသားစုဝင် ၁၀ ဦးတို့သည် ပြည်မြို့ရွာဘဲရပ်ကွက် ရွှေပေါက်ပင်ကျောင်းတိုက်အတွင်း၌ ချုံနွယ်၊ မြက်များကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်သူဝင်း**



**ရန်ကုန်**

အမှတ်(၇)လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ ခေတ္တတပ်ဖွဲ့ခွဲမှူး ရဲမှူးအောင်မြင့်မြတ်နှင့် နောက်တန်းဌာနချုပ်မှ ဒု-ရဲမှူးမြင့်အောင်တို့ဦးစီး၍ တပ်ဖွဲ့ဝင် ၅၄ ဦးသည် စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ရဲတပ်ရင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အမှိုက်များ၊ ချုံနွယ်သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခဲ့ကြောင်း သိရသည်။ **နိုးတူး(ကျောက်တန်း)**

**မော်လမြိုင်**

မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ် (၅) သတင်းရဲတပ်ဖွဲ့ခွဲမှ ဒုတိယရဲမှူးကြီးဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ အမှတ်(၅/၁)ဒု-တပ်ဖွဲ့ခွဲ(မွန်) ဒု-တပ်ဖွဲ့ခွဲမှူး ရဲမှူးအေးချိုထွန်းနှင့်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံကူး လက်မှတ်ထုတ်ပေးရေးရုံးခွဲ(မော်လမြိုင်)မှ တပ်ဖွဲ့ဝင်များ အပါအဝင် စုစုပေါင်း ၂၈ ဦးတို့သည် စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက မော်လမြိုင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **မုဒုံမောင်မောင်**



သက်ငယ်မုဒိမ်းမှု ကင်းစင်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီက အထက (ဂန့်ဂေါ) ပုံညာခန်းမ၌ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကျော်စိုးလင်းက သက်ငယ်မုဒိမ်းမှုကင်းစင်ရေး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးအောင်က ကလေးသူငယ်အခွင့်အရေးများ ဟောပြောခဲ့ကြောင်း သိရသည်။ **စိန်ကျော်**

## တက္ကသိုလ်စာမေးပွဲများဖြေဆိုနေစဉ်အတွင်း သီးသန့်ယာဉ်များ၊ အရန်ယာဉ်များ ထားရှိပြေးဆွဲ

**ရန်ကုန် စက်တင်ဘာ ၂၀**

တက္ကသိုလ်စာမေးပွဲများဖြေဆိုနေသည့် လက်ရှိကာလအတွင်း ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်တို့၏ ဒုတိယနှစ်ဝက်စာမေးပွဲများကို ဖြေဆိုနေကြသည့် ကျောင်းသား ကျောင်းသူများ သွားလာမှု အဆင်ပြေစေရန်အတွက် တချို့သော YBS ယာဉ်လိုင်းများ၏ ပြေးဆွဲမှုလမ်းကြောင်းကို ပြောင်းလဲမှုများ ပြုလုပ်ထားသလို စာမေးပွဲအချိန်မီဖြေဆိုနိုင်ရေးအတွက်လည်း သီးသန့်ယာဉ်များ၊ အရန်ယာဉ်များဖြင့် အင်အားဖြည့်တင်းပြေးဆွဲပေးနေကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့(YRTA) တွဲဖက်အတွင်းရေးမှူး ဦးလှအောင်၏ ပြောကြားချက်အရ သိရသည်။

"စက်တင်ဘာ ၂ ရက်မှ အောက်တိုဘာ ၄ ရက်အထိ ရန်ကုန်မှာရှိတဲ့ တက္ကသိုလ်/ ကောလိပ်တွေမှာ စာမေးပွဲတွေကျင်းပနေကြပါတယ်။ ဒါကြောင့် ဒီစာမေးပွဲကာလအတွင်းမှာ ဖြေဆိုကြမယ့် ကျောင်းသား ကျောင်းသူတွေ သွားလာမှု အဆင်ပြေချောမွေ့စေဖို့အတွက် ကျွန်တော်တို့ YRTA အနေနဲ့ အစီအမံတွေဆောင်ရွက်ပေးထားပါတယ်။ YBS ယာဉ်လိုင်းတွေက ကျောင်းတွေကိုအခြေပြုပြီး ပြေးဆွဲနေတာဖြစ်လို့ တချို့လိုင်းတွေကို ဂိတ်ရင်းနဲ့ဂိတ်ဖျားပြေးဆွဲတာကနေ ဂိတ်ဖျားကနေ ဂိတ်ရင်းကို ပြောင်းပြန် ပြန်လည်ပြေးဆွဲပေးတာမျိုးတွေပြုလုပ်ပေးတာရှိသလို လိုအပ်ချက်အရ သီးသန့်ယာဉ်တွေ၊ အရန်ယာဉ်တွေနဲ့လည်း ဖြည့်စွက်ပြေးဆွဲပေးနေပါတယ်" ဟု ဦးလှအောင်က ပြောသည်။

လက်ရှိကာလတွင် ရေကြောင်းပညာတက္ကသိုလ်(သန်လျင်)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်(ရွာသာကြီး)၊ ဒဂုံတက္ကသိုလ်၊ အရှေ့ပိုင်းတက္ကသိုလ်(သန်လျင်)၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်(ထန်းတပင်)၊ နည်းပညာတက္ကသိုလ်(လှိုင်သာယာ)၊ နည်းပညာတက္ကသိုလ်(သန်လျင်)၊ နည်းပညာတက္ကသိုလ်(မှော်ဘီ)တို့တွင် အခြေပြုပြေးဆွဲနေသော YBS ယာဉ်လိုင်းပေါင်း ၂၈ လိုင်းရှိပြီး ဖြတ်သန်းပြေးဆွဲနေသော ယာဉ်လိုင်းပေါင်း ၁၃ လိုင်းရှိ ယာဉ်လိုင်းများကလည်း ပုံမှန်အတိုင်း ပြေးဆွဲပေးနေကြောင်း သိရသည်။

**ကိုထက်**

## ပဲခူး-ညောင်လေးပင် ရထားလမ်းပိုင်းတွင် အသုံးပြုမည့် ရထားသံလမ်းများချမှုပြီးစီး

**ရန်ကုန် စက်တင်ဘာ ၂၀**

ပဲခူး- ညောင်လေးပင်လမ်းပိုင်းတွင်အသုံးပြုမည့် ရထားသံလမ်းများ တင်ဆောင်လာသည့် ဂျပန်နိုင်ငံမှ SPM Bangkok သင်္ဘောမှာ စက်တင်ဘာ ၁၆ ရက် ညနေပိုင်းက ဆူးလေဆိပ်ကမ်းသို့ ဆိုက်ကပ်ရောက်ရှိခဲ့ပြီး အဆိုပါ ပင်လယ်ကူးသင်္ဘောပေါ်မှ အရှည် ၈၂ ပေရှိသော ရထားသံလမ်းများကို ယင်းရက် နံနက်ပိုင်းမှ စတင်ချယူခဲ့ရာ စက်တင်ဘာ ၁၉ ရက် နံနက် ၁၀ နာရီမိနစ် ၂၀ တွင် ရထားသံလမ်းများ ချမှုဆောင်ရွက်ပြီးစီးခဲ့ကြောင်း မြန်မာ့မီးရထားမှ သိရသည်။

ယနေ့အထိ ဆူးလေဆိပ်ကမ်းသို့ ရထားသံလမ်းများတင်ဆောင်လာသည့် သင်္ဘောငါးစင်းဆိုက်ကပ် ရောက်ရှိခဲ့ပြီဖြစ်ကြောင်းသိရပြီး ပဲခူး-ညောင်လေးပင် လမ်းပိုင်းတွင် အသုံးပြုမည့် သင်္ဘောသုံးစင်းဖြင့် တင်ဆောင်လာသော သံလမ်းအချောင်းရေ ၆၇၈၀ ပါဝင်သည့် တန်ချိန် ၈၅၄၁ တန်နှင့် ညောင်လေးပင်-တောင်ငူ လမ်းပိုင်းတွင်အသုံးပြုမည့် သင်္ဘောတစ်စင်းဖြင့်တင်ဆောင်လာသော သံလမ်းအချောင်းရေ ၂၃၈၅ ချောင်း ပါဝင်သည့် တန်ချိန် ၂၉၈၁ ဒသမ ၂၅ တန် ရောက်ရှိခဲ့ပြီးဖြစ်ကြောင်းသိရကာ ယခု ငါးကြိမ်မြောက် ဆိုက်ကပ်ခဲ့သည့် ပင်လယ်ကူးသင်္ဘောပေါ်၌ SPM Bangkok သင်္ဘောဖြင့် သံလမ်းအချောင်းရေ ငါးချောင်းပါ ၄၆၂ ထုပ်၊ သံလမ်းအချောင်းရေ ၂၃၁၀၊ သံလမ်းတန်ချိန် ၂၉၁၀ ထပ်မံရောက်ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ပွင့်သစ္စာ**



ဓာတ်ပုံ - စိုးမြင့်အောင်

## မြို့တွင်းရှိ CNG ဆိုင်အချို့ကို ပြောင်းရွှေ့ဖွင့်လှစ်ရန်စီစဉ်

**ရန်ကုန် စက်တင်ဘာ ၂၀**

မြို့တွင်းရှိ CNG ဆိုင်အချို့ကို မြို့ပြင်တွင် ပြောင်းရွှေ့ဖွင့်လှစ်ရန် စီစဉ်နေကြောင်း YRTA အဖွဲ့ဝင်၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာနမှ အထွေထွေမန်နေဂျာ ဦးလှဝင်းဒွေးက ပြောကြားသည်။

"ကျွန်တော်တို့က ဆိုင်တစ်ဆိုင်ကို ရွှေ့ရတော့မယ်ဆိုတာနဲ့ မြေနေရာလိုအပ်လာပါတယ်၊ မြေနေရာအပိုင်ရပြီးရင် အဲ့ဒီမြေနေရာကို လုံလောက်တဲ့ လုံခြုံတဲ့ဝင်းခတ်ပြီးပြီဆိုမှ ဆိုင်ပြောင်းလို့ရမှာ ဖြစ်ပါတယ်၊ အဓိကကတော့ ရန်ကုန်မြို့မှာရှိတဲ့ ဝင်ပေါက်ခုနစ်ခု ပေါ်မှာ YRTA အနေနဲ့ရော ခုန YBS ကုမ္ပဏီတွေအနေနဲ့ရော မြေနေရာရရှိရေး ပထမ ဆောင်ရွက်ရမှာဖြစ်ပါတယ်" ဟု ဦးလှဝင်းဒွေးက ပြောကြားသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ဌာန၏ စာရင်းများအရ ရန်ကုန်တိုင်းဒေသကြီးအတွင်း CNG သုံး YBS ယာဉ် အစီးရေ ၆၅၀၀ ခန့်ရှိသော်လည်း CNG ဆိုင်များသို့ နေ့စဉ်လာရောက်ဂက်စ်ဖြည့်သည့် ယာဉ်အစီးရေမှာ ၄၀၀၀ ခန့်ရှိကြောင်း သိရသည်။

CNG နေ့စဉ် သုံးစွဲမှုအနေဖြင့်လည်း ကုဗပေ ၂၄ ဒသမ ၁၄ သန်းရှိပြီး ယင်းအနက် YBS ယာဉ်များအနေဖြင့် ကုဗပေ ၁၃ ဒသမ ၄၁ သန်း သုံးစွဲလျက်ရှိကြောင်း သိရသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းသည် ရန်ကုန်မြို့တွင်းရှိ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် CNG စီမံကိန်းကို ၂၀၁၄ ခုနှစ်တွင် တိုးချဲ့ဖော်ဆောင်ခဲ့ပြီး ရန်ကုန်မြို့အတွင်း၌ CNG အရောင်းဆိုင် ၄၁ ဆိုင်ရှိကြောင်း သိရသည်။ **ငြိမ်းငြိမ်း**

## မြစိမ်းရောင်စီမံကိန်းသုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်

**ထီးချိုင့် စက်တင်ဘာ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် မြစိမ်းရောင်စီမံကိန်း ကျေးရွာ ၂၄ ရွာတို့၏ သုံးသပ်ဆွေးနွေးပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဘဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဝဏ္ဏထွန်းက စံပြမြစိမ်းရောင်ဆုချီးမြှင့်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီဝင်များက မိမိကျေးရွာများတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ အားနည်းချက်၊ အားသာချက်များကို အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ မြစိမ်းရောင်စီမံကိန်းကျေးရွာ ၂၄ ရွာမှ သတ်မှတ်ထားသော အရည်အသွေးပြည့်မီသောကြောင့် ပထမဆုရရှိသော မြတောင်အုပ်စု ဖုန်းကုန်းလေးကျေးရွာအား မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌက ချီးမြှင့်ပေးခဲ့ပြီး ဒုတိယဆုရရှိသော တည်တောကျေးရွာ၊ တတိယဆုရရှိသော ပျဉ်းစုကျေးရွာနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကော်မတီ စွမ်းဆောင်ရည်ဆုများကို ဌာနဆိုင်ရာအကြီးအကဲများက ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ရဲလင်းထွန်း ( ပြန်/ဆက်)**

## ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်-မိုင်းခုတ်- မိုင်းဖြတ်ကားလမ်း ရာသီမရွေးသွားလာနိုင်ရန် အဆင့်မြှင့်တင်



**ရန်ကုန် စက်တင်ဘာ ၂၀**

မိုင်းဆတ် - မိုင်းခုတ် - မိုင်းဖြတ်ကားလမ်းသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်ခရိုင်အတွင်း တည်ရှိပြီး မိုင်းဖြတ်မြို့မှ မိုင်းဆတ်မြို့သို့ ဆက်သွယ်ထားသော မြို့နယ်ချင်းဆက်လမ်းတစ်လမ်းဖြစ်ပြီး အရှည်အားဖြင့် ၁၉ ဒသမ ၃၁၂ ကီလိုမီတာ ရှိသည်။

အဆိုပါလမ်းသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းမကြီးငါးသွယ်အနက်တစ်ခုအပါအဝင်ဖြစ်သည်။

တာချီလိတ်ခရိုင် လမ်းဦးစီးဌာနနှင့် မိုင်းဖြတ်ခရိုင်လမ်းဦးစီးဌာနတို့ကတာဝန်ယူ၍ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်မှစ၍ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်အထိ ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၄၈၉၆ ဒသမ ၈၈၅ သန်း သုံးစွဲ၍ အဆင့်မြှင့်တင်ခဲ့ရာ ယခုအခါ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ ကျောက်ချော လမ်း၊ အမာခံလမ်းစသည်ဖြင့်အသီးသီးရောက်ရှိ သွားပြီဖြစ်၍ ရာသီမရွေး သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

**ခရမ်းစိုးမြင့်**

## လေယာဉ်မတော်တဆမှု အရေးပေါ်ကယ်ဆယ်ရေး သဏ္ဍာန်တူသရုပ်ပြလေ့ကျင့်

**နေပြည်တော် စက်တင်ဘာ ၂၀**

နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မီးသတ်ဦးစီးဌာနနှင့် Partial Emergency Exercise Co.,Ltd တို့ပူးပေါင်း၍ လေယာဉ်မတော်တဆ သဏ္ဍာန်တူဖြစ်စဉ်တွင် Partial Emergency Exercise ပြုလုပ်ခြင်းကို စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့သည်။

လယ်ဝေးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကောင်းမြတ်နောင်နှင့် မီးသတ်တပ်ဖွဲ့ဝင် ၁၁ ဦးတို့မှ ပိုလန်နိုင်ငံထုတ် Medium Fire Fighting and Rescue Vehicle (MFFR) တစ်စီးနှင့် ဒေါင်ဖန်းမီးငြိမ်းသတ်ယာဉ်တစ်စီး၊ လေဆိပ်မီးသတ်တပ်ဖွဲ့မှ သီးသန့်မီးသတ်တပ်ဖွဲ့ဝင် ၁၇ ဦး၊ လေယာဉ်မီးငြိမ်းသတ်ယာဉ်သုံးစီး၊ လူနာတင်ယာဉ် တစ်စီးတို့ဖြင့် မတော်တဆမှုဖြစ်သည့် လေယာဉ်ပေါ်ပါ ခရီးသည်များအား ကယ်ထုတ်ခြင်း၊ မီးငြိမ်းသတ်ခြင်းတို့ကို Pioneer Aerodrome Service Co.,Ltd မှ အထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများ၊ ပြည်တွင်း ပြည်ပလေကြောင်းလိုင်းမှ တာဝန်ရှိသူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



## ပုပ္ပားတောင်ကလပ် သန့်ရှင်းရေး ဆောင်ရွက်

**ကျောက်ပန်းတောင်း စက်တင်ဘာ ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ကလပ်တွင် (၆၇)ကြိမ်မြောက် ဘိုးတော်ထွက်ပွဲအပြီး ဘုရားဖူးလာပြည်သူများနှင့် ဈေးသည်များမှ စွန့်ပစ်ခဲ့သည့် အမှိုက်များကို စက်တင်ဘာ ၁၉ ရက် နံနက် ၇ နာရီက ငြိမ်းချမ်းရေး ပရဟိတအမှိုက်ကောက်အသင်းမှလူငယ်များက သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြသည်။

တောင်ကလပ် ငြိမ်းချမ်းရေးပရဟိတ အမှိုက်ကောက်အသင်းမှ အသင်းဥက္ကဋ္ဌ ဦးပြည့်ဖြိုးအောင်နှင့် အဖွဲ့ဝင် ၃၀ နှင့်တောင်ကလပ်ဈေးသည် ၂၀ စုစုပေါင်း အင်အား ၅၀ တို့သည် တောင်ကလပ် ပတ္တမြားစောင်းတန်းနှင့် ရွှေဂူချောင် ကျောင်းတိုက်အတွင်းတို့တွင် ဘုရားဖူးလာပြည်သူများ စွန့်ပစ်ခဲ့သည့် အမှိုက်များနှင့် ဈေးသည်များစွန့်ပစ်ခဲ့သည့် အမှိုက်များကို သိမ်းဆည်းခဲ့ကြောင်း သိရသည်။ **ကိုနေ(ကျောက်ပန်းတောင်း)**

## ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက်ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားခြင်းမရှိသေး

**ရန်ကုန် စက်တင်ဘာ ၂၀**

၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားအပ်နှံ၍ လူစီးယာဉ်တင်သွင်းခွင့်ထောက်ခံချက် ထုတ်ယူရန် YRTA သို့ လာရောက်တင်ပြထားခြင်းမရှိသေးကြောင်း ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ သိရသည်။

လက်ရှိ YBS ယာဉ်ထဲတွင် မြို့တော်အင်္ဂါရပ်နှင့် မညီသော စက်စွမ်းအားကျဆင်းပြီး ကြံ့ခိုင်မှုမရှိသည့်ယာဉ်များနှင့် လုပ်ငန်းမလည်ပတ်နိုင်သော ယာဉ်များဖြစ်သည့် ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကားများကို အပ်နှံပါက လူစီးယာဉ် တင်သွင်းခွင့်ထောက်ခံချက်ရရှိရေး အထူးကိစ္စရပ်တစ်ခုအနေဖြင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပြီးခဲ့သည့်လက ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ယာဉ်ပိုင်ရှင်က ဒီကားဟောင်းကြီးတစ်စီးကို သူ့အနေနဲ့ ညီညွတ်မျှတတဲ့ တန်ရာတန်ကြေးရဖို့ အဲဒီရတဲ့ငွေနဲ့ ကုမ္ပဏီမှာ ရှယ်ယာဝင်လို့ရမယ်၊ ဒါ သူ့ကို ရင်းနှီးမြှုပ်နှံဖို့အတွက် လမ်းကြောင်းဖော်ပေးတာ၊ အကယ်လို့ မဝင်ချင်တော့ဘူးဆိုရင်လည်း ညီညွတ်မျှတတဲ့ ယာဉ်အတွက် တန်ရာတန်ကြေးတစ်ခု သူ့ကိုရအောင် စီမံဆောင်ရွက်ပေးတာ၊ ဒါ့ကြောင့် အပ်နှံခွင့်ပေးတာတောင် အထူးကိစ္စတစ်ရပ်အနေဖြင့် အပ်နှံခွင့်ပေးတာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီးသယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA)မှ တွဲဖက်အတွင်းရေးမှူး ဦးလှအောင်က ပြောသည်။

အဆိုပါ အပ်နှံခွင့်နှင့်ပတ်သက်၍လည်း ယာဉ်လိုင်းများကို အသိပေးပြီးဖြစ်ပြီး လက်ရှိ စာရင်းများအရ ၁၉၉၉ မှ ၂၀၀၃ ခုနှစ်ထုတ် ဘတ်စ်ကား YBS အစီးရေမှာ ၇၀၀ ကျော်ရှိကြောင်း သိရသည်။

"CNG ဟာ ခရီးသွားပြည်သူလူထု သယ်ယူပို့ဆောင်ရေးအတွက် ပေးထားတာပါ။ ဒါ့ကြောင့် CNG ယာဉ်တွေပြောင်းရင်တော့ CNG အပ်နှံရမှာပါ။ဒါယခင်လည်း ကျင့်သုံးခဲ့တဲ့စနစ်ပါ။ အခု ၁၉၉၉-၂၀၀၃ ခုနှစ်အပ်လို့ လူစီးယာဉ်တင်သွင်းခွင့်ရတဲ့အတွက် အဲဒီယာဉ်တွေအားလုံးဟာ CNG ကို ပြန်လည်အပ်နှံခဲ့ရမှာ ဖြစ်ပါတယ်၊ ခရီးသွားပြည်သူလူထု သယ်ယူပို့ဆောင်ရေး မဟုတ်တဲ့ဟာ ပြောင်းလဲသွားရင် အဲဒီယာဉ်တွေအားလုံးသည် CNG အပ်ရပါမယ်" ဟု ဦးလှအောင်က ပြောသည်။

**ငြိမ်းငြိမ်း**

## တိုတိုထွာထွာဖတ်စရာ

### မော်လမြိုင်ကျွန်းမှ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့

**မော်လမြိုင်ကျွန်း**

မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်အထက်ရှိ သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေကျပ် သုံးသောင်းအား သုံးလတစ်ကြိမ် ထောက်ပံ့လျက်ရှိသည်။

စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကျုံလတာကျေးရွာနေ အသက် ၈၅ နှစ်ရှိ အဘွား ဒေါ်သန်းစိန်အား လူမှုရေးပင်စင်သုံးလစာအတွက် ထောက်ပံ့ငွေကျပ် သုံးသောင်းကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သွားရောက်ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

### ရှားတောတွင် စီမံကိန်းလုပ်ငန်းခွဲများလွှဲပြောင်း

**ရှားတော**

ရှားတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံး တတိယနှစ်စက်ဝန်းတွင် ဆောင်ရွက်ခဲ့သော စီမံကိန်းလုပ်ငန်းခွဲများကို သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်စုပေါင်းရုံးခန်းမ၌ ကျင်းပသည်။

လွိုင်ကော်-ရှားတောမြို့နယ် လူထုဗဟိုပြုစီမံကိန်းရုံးနည်းပညာအကြံပေးခေါင်းဆောင်ဒေါ်နော်ဂျူးလစ်က စီမံကိန်းလုပ်ငန်းခွဲများကို သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရှားတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမင်းဦးက စီမံကိန်းလုပ်ငန်းခွဲများကို လွှဲပြောင်းပေးအပ်ရာ ရှားတောမြို့နယ်ပညာရေးမှူး ဦးလှမြင့်က လက်ခံရယူခဲ့ကြောင်း သိရသည်။

**ထွန်းအောင်(ပြန်/ဆက်)**

### လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ် နှစ်လုံး ပျက်စီး

**အောင်လံ**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ထိန်အင်းကျေးရွာနှင့် ထမကန်ကျေးရွာတို့တွင် စက်တင်ဘာ ၁၈ ရက် ည ၈ နာရီမှစတင်၍ ၁၅ မိနစ်ခန့်အကြာ တိုက်ခတ်သောလေပြင်းကြောင့် နေအိမ် နှစ်လုံး အမိုးလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် အိမ်ထောင်စု နှစ်စုမှ လူဦးရေ ရှစ်ဦးတို့သည် နီးစပ်ရာဆွေမျိုးများနေအိမ်တွင် ခေတ္တယာယီနေရာချထားပေးထားကြောင်း သိရသည်။

**သိန်းလွင်(အောင်လံ)**

### မှုခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းကိုနှင့် တိုက်ကြီးမြို့မရဲစခန်းမှူး ဒု-ရဲမှူးမြင့်ဇော်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီခွဲက တိုက်ကြီးမြို့နယ် အထက (တာခွ)ကျောင်းရှေ့၌ မှုခင်းအသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**ကြေးမုံ**



ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့မရဲစခန်းမှူး ဒု-ရဲမှူးပိုထွန်းသည် စက်တင်ဘာ ၁၉ ရက် ည ၇ နာရီက အမှတ် (၈) ရပ်ကွက် အုပ်ချုပ်ရေးရုံး၌ မှုခင်းအသိပညာပေးဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ပွင့်သစ္စာ**

## ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲ ပျဉ်းမနားမြို့၌ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၀**
မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းစုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲကို ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက ကျင်းပသည်။

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲမြင့်ဆွေက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အမှာစကားပြောကြားပြီး ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်၏ဇနီး မြန်မာနိုင်ငံ ဝါးစိုက်ပျိုးရေးအသင်းနာယက ဒေါက်တာဒေါ်စိန်စိန်သိန်းက သဘာဝပတ်ဝန်းကျင်ရေးရာ သိကောင်းစရာများအကြောင်းနှင့် သစ်တောတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာစန်းဝင်းက ဝါးအကြောင်း သိကောင်းစရာများအကြောင်း အသီးသီးဟောပြောကြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်တာဝန်ရှိသူများသည် ဝါးလက်မှုအချောထည်ပစ္စည်းများ၊ ဝါးပရိဘောဂပစ္စည်းများနှင့် ဝါးထုတ်ကုန်ပစ္စည်းစုစုပေါင်း အရောင်းပြခန်း ၂၀၊ ဝါးထုတ်ကုန်ပစ္စည်း ၁၀၀ ကျော် ခင်းကျင်းပြသထားမှုကို ကြည့်ရှုအားပေးသည်။

မြန်မာနိုင်ငံဝါးစိုက်ပျိုးရေးအသင်းစုံညီပွဲတော်၊ ဝါးအချောထည်ပြပွဲနှင့် ဈေးရောင်းပွဲကျင်းပရသည့် ရည်ရွယ်ချက်မှာ ဝါးနှင့်ပတ်သက်၍ နိုင်ငံခြားဝင်ငွေရရှိစေရန်၊ တစ်နိုင်ငံလုံးရှိ ဝါးအသင်းသားများ ဝါးကိုချစ်မြတ်နိုးသူများ တစုတစည်းတည်း တွေ့ဆုံနိုင်ပြီး ဝါးနှင့်ပတ်သက်သည့် အသိပညာများဖလှယ်နိုင်ရန်၊ အခက်အခဲများဆွေးနွေးအဖြေရှာနိုင်ရန်၊ ကျေးလက်နေပြည်သူများ ဝါးမှ နေ့စဉ်ဝင်ငွေရရှိစေရန်၊ ဝါးကို ပလတ်စတစ်နှင့် စတီးနေရာများတွင် အစားထိုးနိုင်ရန် ရည်ရွယ်ကျင်းပခြင်းဖြစ်သည်။

**ဟိန်းထက်ဇော်**



ဓာတ်ပုံ - ဇော်ဘီ

## ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၄၀ အတွက် တီဗွီနှင့် sky net တစ်စုံစီ ပေးအပ်လှူဒါန်း




**မန္တလေး စက်တင်ဘာ ၂၀**
Yunnan International Non- Government Organization Society(INGOs)နှင့် ရန်ကုန် Nobel Language Center တို့ ပူးပေါင်းဆောင်ရွက်သည့် မန္တလေးမြို့တွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၄၀ အား တစ်ကျောင်းလျှင် ၄၃ လက်မအရွယ် LED TV တစ်လုံးနှင့် sky net တစ်စုံ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၉ ရက် နံနက် ၉ နာရီက ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက်ရှိမြတဘက်စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၌ ကျင်းပသည်။

ထို့နောက် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ် ဦးကျော်ရင်က မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရေးနှင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများတွင် ပညာသင်ကြားနေကြသည့် ကျောင်းသား ကျောင်းသူများ ပြင်ပသတင်းအချက်အလက်များကို ပိုမိုသိရှိနားလည်နိုင်စေရန်ရည်ရွယ်၍ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ အလှူရှင် INGOs မှ ရန်ကုန်ရုံးတာဝန်ခံ Ms Liu Jia ကလည်း အဆိုပါ အစီအစဉ်ဖြင့် ၂၀၁၇ ခုနှစ်မှစ၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းပေါင်း ၂၃၄ ကျောင်းအတွက် တီဗွီနှင့် sky net စက်များကို လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း၊ ယခု မန္တလေးတွင် ဆောင်ရွက်သည့် လှူဒါန်းမှု အစီအစဉ်ဖြစ်မြောက်ရေးအတွက် အားပေးကူညီကြသည့် တရုတ်-မြန်မာ နှစ်နိုင်ငံမှ သက်ဆိုင်ရာဌာနတာဝန်ရှိသူများအား ကျေးဇူးတင်ရှိပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မန္တလေးတိုင်းဒေသကြီး လျှပ်စစ်၊ စွမ်းအင်နှင့် ဆောက်လုပ်ရေးဝန်ကြီး ဦးဇာနည်အောင်နှင့် မန္တလေးမြို့အခြေစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်တို့က ဖောင်တော်ဦးဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော်အား တီဗွီနှင့် sky net တစ်စုံ ဆက်ကပ်လှူဒါန်းခဲ့ပြီး ကျန်ဘုန်းတော်ကြီးသင်ကျောင်းများအတွက်လည်း တီဗွီနှင့် sky net တစ်စုံတို့အား အလှူရှင်များမှ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဥပဒေဆိုင်ရာအထောက်အကူပေးရေး အသိပညာပေး

**ဘုတလင် စက်တင်ဘာ ၂၀**
စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့၏ ဥပဒေဆိုင်ရာ အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက ဘုတလင်မြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး မဟာဗန္ဓုလအစည်းအဝေးခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီး ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင်လေးမြင့်က ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ ဖွဲ့စည်းပုံအကြောင်းနှင့် အဖွဲ့ဝင် ဦးတင်မြင့်က ဥပဒေဆိုင်ရာအကြံဉာဏ်များ ကူညီပေးခြင်း၊ ဥပဒေဆိုင်ရာ အထောက်အကူများ တောင်းခံခွင့်ရှိသူများ အကြောင်းတို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာကြသူများ၏သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ရှင်းလင်း ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## ခေတ်မီစက်များဖြင့် ကယ်ဆယ်ရေးများ ဆောင်ရွက်နိုင်တော့မည်

**ကန်ကြီးထောင့် စက်တင်ဘာ ၂၀**
ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုများတွင် အသုံးပြုရန် ဧရာဝတီတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ထုတ်ပေးသော ခေတ်မီရှာဖွေကယ်ဆယ်ရေးစက်ပစ္စည်းကိရိယာများဖြင့် လုပ်ငန်းများကို ယခင် ထက်ပိုမိုထိရောက်စွာ ဆောင်ရွက်သွားနိုင်တော့မည်ဖြစ်ကြောင်း ကန်ကြီးထောင့်မြို့နယ် မီးသတ်ဦးစီးဌာနမှ သိရသည်။

“ရှာဖွေကယ်ဆယ်ရေး စက်ပစ္စည်းများတွင် မြင်းကောင်ရေ ၁၆ ကောင်၊ ဓာတ်ဆီအင်ဂျင်တပ် အရှည် ၁၄ ပေခန့်ရှိ Speed Boat တစ်စီး၊ ယာဉ်မတော်တဆမှုများ၊ အဆောက်အအုံ ပြိုကျမှုများတွင် ညပ်နေသူများ၊ ပိမိနေသူများ၊ ပိတ်မိနေသူများအား ကယ်ဆယ်ရာတွင် အသုံးပြုသည့် Hydraulic Spreader (လေဖိအားသုံး တွန်းကန်စက်)၊ Hydraulic Cutter (လေဖိအားသုံး ဖြတ်တောက်စက်)၊ Hydraulic ag (လေဖိအားသုံး ထောက်တိုင်တွန်းကန်စက်) စသည့် ခေတ်မီကယ်ဆယ်ရေးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများပါဝင်ပြီး မြို့နယ်အတွင်း မီးဘေး၊ ရေဘေး၊ လေပြင်းမုန်တိုင်းဘေး၊ ငလျင်ဘေး အစရှိသည့် ဘေးအန္တရာယ်များနှင့် ယာဉ်မတော်တဆမှုများ ဖြစ်ပေါ်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို အချိန်တိုအတွင်းထိရောက်စွာ ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း” မြို့နယ်မီးသတ်ဦးစီးမှူး ဦးမျိုးမြင့်စိုးက ပြောသည်။

**နန်းထိုက် (ပြန်/ဆက်)**



## ခေတ်မီမီးငြိမ်းသတ်ပစ္စည်း လက်တွေ့ကိုင်တွယ်အသုံးချနည်း သရုပ်ပြသပွဲကျင်းပ



**မုံရွာ စက်တင်ဘာ ၂၀**
ခေတ်မီမီးငြိမ်းသတ်ပစ္စည်းများနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများကို လက်တွေ့ကိုင်တွယ် အသုံးချနည်းသရုပ်ပြသပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မီးသတ်ဦးစီးဌာနများရှိ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ တစ်ဦးချင်း စွမ်းဆောင်ရည်များ တိုးတက်လာစေရန်၊ ခေတ်မီမီးငြိမ်းသတ်ယာဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန်၊ ၎င်းပစ္စည်းများ၏ စွမ်းရည်ကို ပြည်သူများသိမြင်ပြီး သဘာဝဘေးဖြစ်ပေါ်မှုများတွင် ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုအချိန်မီလုပ်ဆောင်နိုင်ရန် သရုပ်ပြပွဲ ကျင်းပရခြင်းဖြစ်ကြောင်း သိရသည်။

သရုပ်ပြပွဲ၌ ခေတ်မီမီးငြိမ်းသတ်ယာဉ်များနှင့် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကို လက်တွေ့ကိုင်တွယ် အသုံးပြုခြင်း၊ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၏ အထပ်မြင့်အဆောက်အအုံများအပေါ်မှ ကြိုးများဖြင့် အပြေးဆင်းခြင်း၊ ဇောက်ထိုးဆင်းခြင်း၊ အပြေးဒိုင်ဗင်ထိုးဆင်းခြင်း၊ အဖွဲ့လိုက် ရိုးရိုးဆင်းပြီး လူနာသယ်ခြင်းနှင့် အဖွဲ့လိုက် ဇောက်ထိုးဆင်းပြီး လူနာသယ်ခြင်းစွမ်းရည်များပြသခြင်း၊ အထပ်မြင့်အဆောက်အအုံများတွင် မီးလောင်မှုဖြစ်ပွားက အမြင့်တင်လှေကားယာဉ်ဖြင့် မီးငြိမ်းသတ်ခြင်း၊ ပိုလန်နိုင်ငံထုတ် Medium Fire Fighing and Rescue Vehicle ယာဉ်ဖြင့် မီးငြိမ်းသတ်မှု သရုပ်ပြသခြင်း၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် Heavy Rescue and Listing ယာဉ်ဖြင့် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြခြင်း၊ Leader Hasty ဖြင့် ပိတ်မိလူနာများ ကယ်ဆယ်မှု သရုပ်ပြခြင်း၊ ရှာဖွေကယ်ဆယ်ရေးဆောင်ရွက်စဉ် အဆောက်အအုံ ပြိုကျမှုဖြစ်နိုင်/မဖြစ်နိုင်ကို ထောက်လှမ်းသည့် Leader Sentry ကိရိယာအသုံးပြုခြင်းတို့ကို သရုပ်ပြလုပ်ခဲ့ကြောင်း သိရသည်။

သရုပ်ပြသပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သန်းထွန်းအောင်၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးနှင့် တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးမင်းစမ်းအေးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဝင်းဦး(ဧယျာတိုင်း)**

## ကျွန်းစု၌ ကျောင်းသွားကျောင်းပြန်အခက်အခဲရှိသူများကို စက်ဘီး ၆၂ စီး လာရောက်လှူဒါန်း



**ကျွန်းစု စက်တင်ဘာ ၂၀**
တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်တွင် အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက်(Orient Pearl Co.,Ltd)နှင့် Less Walk Organization တို့ ပူးပေါင်း၍ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသွား၊ ကျောင်းပြန် အခက်အခဲရှိသည့်အထက်တန်း ကျောင်းသား ကျောင်းသူများအတွက် စက်ဘီး ၆၂ စီး ပေးအပ်လှူဒါန်းခြင်းကို စက်တင်ဘာ ၁၉ ရက် မွန်းတည့် ၁၂ နာရီက ကျွန်းစုမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

Less Walk Organization မှ ဦးကြည်မင်းညိုက စက်ဘီးများလာရောက်လှူဒါန်းရခြင်း၏ ရည်ရွယ်ချက်နှင့် အရှေ့တိုင်း ပုလဲကုမ္ပဏီလီမိတက် (Orient Pearl Co., Ltd) နှင့် Less Walk Organization တို့ ပူးပေါင်း၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၁၅၉ ကျောင်းတို့မှ ကျောင်းသွားကျောင်းပြန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် စက်ဘီးစီးရေ ၁၀၀၀ အား ပေးအပ်လှူဒါန်းခဲ့ပြီး ကျွန်းစုမြို့နယ်ရှိ ကျောင်းများအတွက် စက်ဘီးစီးရေ ၆၂ စီးအား လာရောက်ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများထံသို့ စက်ဘီးများအား တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စည်သူရအောင်(ကျွန်းစု)**

## တိုတိုထွာထွာဖတ်စရာ

### မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ပူဇော်ပွဲကျင်းပမည်

**မိတ္ထီလာ**
မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက်၌တည်ထားကိုးကွယ်သော နဂါးရုံ မဟာဗောဓိစေတီတော်၌ (၄၉) ကြိမ်မြောက် မသိုးသင်္ကန်းရက်ပြိုင်ပွဲ၊ ပူဇော်ပွဲနှင့် ဆွမ်းသပိတ် ၁၀၀၀ ကျော် လောင်းလှူပွဲကို နိုဝင်ဘာ ၁၀ ရက်နှင့် ၁၁ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်သည်။

မသိုးသင်္ကန်းရက်ပြိုင်ပွဲနှင့် ပူဇော်ပွဲတွင် ရက်ကန်းစင်တော်ငါးစင်ဖြင့် နိုဝင်ဘာ ၁၀ ရက် ညနေ ၅ နာရီကစတင်ပြီး ပြိုင်ပွဲဝင်များက ယှဉ်ပြိုင်ရက်လုပ် ပူဇော်မည်ဖြစ်ပြီး ပင့်သံဃာတော် အပါး ၁၀၀၀ ကျော်တို့အား ဆွမ်းသပိတ် ၁၀၀၀ ကျော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်းတို့ကို အဆိုပါ စေတီတော်ပညာဓိကတန်ဆောင်းအတွင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ (မိတ္ထီလာ)**

### ပုဂံမြို့ဟောင်း ယွန်းပညာကောလိပ်၌ ခြင်ဆေးဖျန်း

**ညောင်ဦး**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းရှိ ယွန်းပညာကောလိပ်တွင် စက်တင်ဘာ ၁၉ ရက် မွန်းလွဲပိုင်းက ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ညောင်ဦးမြို့ အမှတ် (၅) နယ်မြေ အရန်မီးသတ်တပ်ဖွဲ့စုမှူး ဦးသန်းထိုက်အောင်နှင့် တပ်ဖွဲ့ဝင်များက ခြင်ခိုအောင်းနိုင်သည့် နေရာများ၊ စာသင်ကျောင်းဆောင်အခန်းများနှင့် နားနေဆောင်များအတွင်း ခြင်နိုင်ဆေးများ ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။
**ရဲဝင်းနိုင် (ညောင်ဦး)**

### မူခင်းကျဆင်းရေး အသိပညာပေး

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့မရဲစခန်းမှ ရဲအုပ်ဇင်ဗိုလ်ပိုင်သည် စက်တင်ဘာ ၁၇ ရက်က ချောင်းမကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ လည်းကောင်း၊ ဒလမြို့နယ် မီးသတ်ဦးစီးဌာနရုံး၌ လည်းကောင်း မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့သည်။

အလားတူ ကွမ်းခြံကုန်းမြို့နယ် တော်လန်းရဲကင်း ရဲစခန်းမှူး ဒု-ရဲအုပ်ဝင်းကိုကိုက စက်တင်ဘာ ၁၇ ရက် နံနက်တွင် စခန်းရုံးခန်းမ၌ ကျေးရွာပြည်သူများအား မူခင်းကျဆင်းရေး အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## တရားခံဖမ်းဆီးနည်း သင်တန်းဆင်းပွဲကျင်းပ

**ညောင်ဦး စက်တင်ဘာ ၂၀**
တရားခံများဖမ်းဆီးရာတွင် အန္တရာယ်ကင်းစွာစနစ်တကျ ဖမ်းဆီးတတ်စေရန်အတွက် ရည်ရွယ်ဖွင့်လှစ်သည့် တရားခံဖမ်းဆီးနည်း (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၁/၂၀၁၉) ဆင်းပွဲကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက ညောင်ဦးခရိုင် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညောင်ဦးခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒု-ရဲမှူးကြီးစိန်ဝင်းက အမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၉ ရက်မှ ၂၀ ရက်အထိ သင်ကြားပေးခဲ့ကြောင်းသိရပြီး သင်တန်းသား ၄၀ တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

## မော်လ်ဒိုက်၌ကျင်းပသည့် ကြက်တောင်ပြိုင်ပွဲတွင် သက်ထားသူဇာ ဆီမီးဖိုင်နယ် တက်ရောက်

**မော်လ်ဒိုက် စက်တင်ဘာ ၂၀**
မော်လ်ဒိုက်နိုင်ငံ၌ ကျင်းပလျက်ရှိသည့် International Future Series ကြက်တောင်ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဆက်လက်ကျင်းပရာ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ လက်စွမ်းပြကစားပြီး ဆီမီးဖိုင်နယ် တက်ရောက်သွားသည်။



သက်ထားသူဇာအား မြန်မာနိုင်ငံ၌ ကျင်းပသည့်ပြိုင်ပွဲတစ်ခုတွင် တွေ့ရစဉ်။

သက်ထားသူဇာသည် ယနေ့တွင် တစ်ဦးချင်းပြိုင်ပွဲအပြင် နှစ်ယောက်တွဲပြိုင်ပွဲပါ ယှဉ်ပြိုင်ခဲ့ပြီး နှစ်ယောက်တွဲပြိုင်ပွဲတွင် အရေးနိမ့်ခဲ့သော်လည်း တစ်ဦးချင်းပြိုင်ပွဲတွင် နောက်တစ်ဆင့် တက်ရောက်ခဲ့သည်။ သက်ထားသူဇာသည် ကွာတားဖိုင်နယ်တွင် သီရိလင်္ကာ ကစားသမား ပရာမိုဒီကာနှင့်တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။ သက်ထားသူဇာသည် လက်ရည်အသာဖြင့် ကစားကာ ၂၁-၁၅ မှတ်၊ ၂၁-၁၂ မှတ်ဖြင့် နှစ်ပွဲပြတ်အနိုင်ရခဲ့ခြင်း ဖြစ်သည်။

သက်ထားသူဇာသည် ယခုပြိုင်ပွဲတွင် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲအပြင် အမျိုးသမီး နှစ်ယောက်တွဲပြိုင်ပွဲတွင်လည်း မြန်မာကစားသမား လှိုင်မွန်ကြူနှင့်တွဲဖက်၍ ယှဉ်ပြိုင်ခဲ့ရာ ပထမအဆင့်တွင် သီရိလင်္ကာအတွဲကို ရှုံးနိမ့်ခဲ့သည်။

သက်ထားသူဇာသည် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲတွင် ဆီဒင် ၁ သတ်မှတ်ခံထားရပြီး ဆီမီးဖိုင်နယ်တွင် ဆီဒင် ၄ ရထားသည့် အိန္ဒိယကစားသမားနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ သက်ထားသူဇာသည် ဆီမီးဖိုင်နယ်တွင် အိန္ဒိယကစားသမား ရှုရုတီနှင့် တွေ့ဆုံနေပြီး စက်တင်ဘာ ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

**သတင်း - ရှိုင်းထက်ဇော်**
**ဓာတ်ပုံ - ဖိုးသော်ဇင်**

# တောင်ကိုရီးယားနိုင်ငံသား ယွန်ချန်မင်နဲ့ ယှဉ်ပြိုင်မယ့် ဖိုးသော်

*ဂျပန်နိုင်ငံ တိုကျိုမြို့မှာ One Champoinship ၏ One Century ပြိုင်ပွဲကြီးကို ၂၀၁၉ ခုနှစ် အောက်တိုဘာ ၁၃ ရက်မှာကျင်းပသွားမှာ ဖြစ်ပါတယ်။ အဲဒီပြိုင်ပွဲကြီးမှာ ဖိလစ်ပိုင်နိုင်ငံသား ဟဲဗီးဝိတ်ချန်ပီယံ ဘရန်ဒန်ဗီရာနှင့် အောင်လအန်ဆန် (မြန်မာ့စပါးအုန်း)တို့ ယှဉ်ပြိုင်ထိုးသတ်မည့်အပြင် မြန်မာနိုင်ငံသား ဖိုးသော်ကလည်း တောင်ကိုရီးယားနိုင်ငံသား ယွန်ချန်မင်နဲ့ ထိုးသတ်ကြမှာဖြစ်ပါတယ်။ ဖိုးသော်နှင့် တွေ့ဆုံမေးမြန်းခဲ့တာတွေကို ဖော်ပြလိုက်ပါတယ်။*



ဓာတ်ပုံ - အေးမင်းသူ

**အောက်တိုဘာလ တိုကျိုမှာ ကျင်းပမယ့်ပွဲအတွက် ကြိုတင်ပြင်ဆင်ထားမှုတွေကို ပြောပြပေးပါဦး။**

ဒီပွဲကို အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် လေ့ကျင့်နေပါတယ်။ ဂျပန်မှာ စောစောသွားရောက် စခန်းသွင်းလေ့ကျင့်နိုင်ဖို့ ပြင်ဆင်နေတယ်။ အဲကြားထဲမှာ Tiger မွေထိုင်း ဖူးခက်မှာ နှစ်ပတ်ကြာ လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ အခု မြန်မာနိုင်ငံမှာ Visa လျှောက်ဖို့အတွက် ပြန်ရောက်နေတဲ့အချိန်မှာလည်း လေ့ကျင့်မှုတွေ လုပ်သွားမယ်။ Visa ရရချင်းမှာလည်း ဂျပန်ကိုအစောဆုံးသွားပြီးတော့ လေ့ကျင့်မှုတွေ ပြုလုပ်သွားမှာပါ။ အဲဒီကနေပြီးတော့မှ ပြိုင်ပွဲဝင်မှာပါ။

**ထိုင်းနိုင်ငံမှာ သွားရောက်လေ့ကျင့်ခဲ့အတွက် အဲဒီလေ့ကျင့်မှုက ပြိုင်ပွဲအတွက် ဘယ်လောက်အထိ အထောက်အပံ့ဖြစ်မလဲခင်ဗျာ။**

ထိုင်းမှာ သွားလေ့ကျင့်ဖြစ်တာဆိုရင် မတူညီတဲ့ နယ်ပယ်အသီးသီးက နိုင်ငံတကာ ပရော်ဖက်ရှင်နယ်ဖိုက်တာတွေနဲ့ အတူတူ လေ့ကျင့်ခဲ့ရတယ်။ အတွေ့အကြုံတွေလည်း အများကြီးရပါတယ်။ ဒီပွဲမှာလည်း အကောင်းဆုံးကစားနိုင်မယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါတယ်။

**ဒီပွဲက ကိုဖိုးသော်ရဲ့ ပြည်ပဒုတိယမြောက်ပွဲဖြစ်တဲ့အတွက် အဲဒီပေါ်မှာ စိတ်လှုပ်ရှားမှုရှိရင်လည်း ပြောပြပေးပါဦး။**

ဒီပွဲက One Championship ရဲ့ ပွဲ ၁၀၀ မြောက် ထူးထူးခြားခြားလုပ်တဲ့ပွဲ ဖြစ်တယ်။ နိုင်ငံတကာက စောင့်ကြည့်နေတဲ့ ပွဲကြီးဖြစ်တဲ့အတွက် အဲဒီလိုပွဲမျိုးမှာ ပါဝင်ခွင့်ရတဲ့အတွက် ဂုဏ်ယူပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်တာ၊ ရှုံးတာကို အကောင်းဆုံး ပြင်ဆင်ပေးမယ့် အဓိကကျွန်တော်ပြချင်တဲ့ အရာက မြန်မာနိုင်ငံက ကစားသမားတွေ အကောင်းဆုံး ယှဉ်ပြိုင်နိုင်တယ်။ နိုင်ငံတကာအဆင့်မှာရှိတယ်။ စိတ်ဓာတ်ပြည့်ပြည့်ဝဝနဲ့ အရည်အချင်းမီတယ်။ ကစားနိုင်တယ်ဆိုတာကို အဓိကရည်ရွယ်ပြီးတော့ ကစားချင်တာပါ။

**ပြိုင်ဘက်နဲ့ပတ်သက်ပြီးရော ဘယ်လောက်အထိလေ့လာထားသလဲ။ ဘယ်လိုမျိုး အနိုင်ယူမယ်ဆိုတာ ပြောပြပေးပါဦး။**

သူ့မှာ အတွေ့အကြုံရှိတယ်။ ပြင်ပပွဲတွေ ကစားထားတာရှိတယ်။ ကျွန်တော့်ထက် အသက်အရွယ်ပိုင်းဆိုင်ရာ ငယ်ရွယ်တယ်။ ၁၀ နှစ်ဝန်းကျင်လောက် အသက်အရွယ် ကွာခြားမှုရှိတယ်။ သူက ဝိတ်တန်းအကြီးကနေ ဆင်းထိုးတယ်။ ကျွန်တော့်ထက် စာရင် အကောင်ကြီးတယ်။ ကြံ့ခိုင်မှုရှိတယ်။ ဒါတွေက သူ့ရဲ့အားသာချက်ပေ့ါ။ သူ့ရဲ့ အားသာချက်အပေါ်မှာ ကျွန်တော် အကောင်းဆုံး ကာကွယ်နိုင်အောင် ပြင်ဆင်ပြီးတော့ သူ့အားနည်းချက်အပေါ်မှာ ကျွန်တော်ကစားနိုင်အောင် ကြိုးစားသွားပါမယ်။

**တိုကျိုမှာ ထိုးမယ့်ပွဲအတွက် ပရိသတ်တွေကို ဘာများ စကားလက်ဆောင်ပါးချင်ပါသလဲ။**

ကျွန်တော်တို့ မြန်မာလူမျိုးတွေ နိုင်ငံတကာအဆင့်မီ အရည်အချင်းရှိတယ်ဆိုတဲ့ အရာရယ်။ မဖြစ်နိုင်ဘူးဆိုတာ ကျွန်တော့်ဘဝမှာ မရှိဘူးဆိုတာ သက်သေပြဖို့အတွက် အကောင်းဆုံးကြိုးစားနေပါတယ်။ အဲဒါကို တိုကျိုပြိုင်ပွဲမှာ ပရိသတ်ကြီး မြင်တွေ့ရမှာပါ။ ကျွန်တော့်ကို အားပေးပါ။ ကျွန်တော့်ဘက်ကလည်း တာဝန်ကျေအောင် ကြိုးစားနေပါတယ်။

**ဇာနည်မောင်**

# ချယ်လ်ဆီးလူငယ်ကစားသမား အိုဒိုအီ အသင်းနှင့် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆို



ချယ်လ်ဆီးအသင်းရဲ့ လူငယ်ကစားသမားတစ်ဦးဖြစ်တဲ့ အိုဒိုအီဟာ တစ်ပတ်လုပ်ခလစာပေါင် ၁၂၀၀၀၀ နဲ့ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ချုပ်ဆိုလိုက်ပြီ ဖြစ်ပါတယ်။

အခုချုပ်ဆိုလိုက်တဲ့စာချုပ်သစ်ဟာ အသက် ၁၈ နှစ်အရွယ်ရှိ အင်္ဂလန်လူငယ်တောင်ပံကစားသမား အိုဒိုအီရဲ့ အနာဂတ်ရှင်သန်ရေးအတွက် အထောက်အပံ့တစ်ခုလည်း ဖြစ်ပါတယ်။

အိုဒိုအီဟာ ဘိုင်ယန်မြူးနစ်အသင်းက နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ခေါ်ယူဖို့ပစ်မှတ်ထားခံခဲ့ရသူဖြစ်ပြီး ချယ်လ်ဆီးအသင်းက ရောင်းချဖို့ ငြင်းဆိုခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့် ဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်းမှာ ဘိုင်ယန်မြူးနစ်အသင်းအနေနဲ့ အိုဒိုအီကို ပြောင်းရွှေ့ကြေးပေါင် ၃၅ သန်းနဲ့ ခေါ်ယူဖို့လည်း ကမ်းလှမ်းထားတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းနည်းပြအဖြစ် ဖရန့်လမ်းပတ် စတင်တာဝန်ယူပြီးချိန်ကစလို့ ချယ်လ်ဆီးအသင်းရဲ့ လူငယ်ကစားသမားတွေဖြစ်တဲ့ မာဆင်မောင့်နဲ့ လိုတပ်ချိန်တို့လည်း စတမ်းဖို့ဒ်ဘရစ်ချ်မှာ ဆက်ရှိနေရေးအတွက် စာချုပ်သစ်တွေချုပ်ဆိုခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် စုစည်းသည်**



# လီဗာပူးအသင်းကစားသမား ဆာဒီယိုမာနေး အန်ဖီးလ်တွင် ဆက်ရှိရန် စာချုပ်သစ်ချုပ်ဆိုမည်

လီဗာပူးအသင်းရဲ့ အဓိကကစားသမားတစ်ဦးဖြစ်တဲ့ ဆာဒီယိုမာနေးဟာ ပြီးခဲ့တဲ့နိုဝင်ဘာလအတွင်းက တစ်ပတ်လုပ်ခလစာပေါင် ၁၅၀၀၀၀ နဲ့ ၂၀၂၃ ခုနှစ်အထိ ဆက်ရှိနေမယ့် စာချုပ်သစ်တစ်ရပ်ချုပ်ဆိုခဲ့ပြီး လက်ရှိမှာ လီဗာပူးအသင်းအနေနဲ့ နောက်ထပ်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ဆိုပါတယ်။

လီဗာပူးအသင်းအနေနဲ့ နည်းပြ ကလော့ရဲ့ လက်ထက်မှာ အရေးပါတဲ့ကစားသမားတစ်ဦး ဖြစ်လာခဲ့တဲ့ ဆာဒီယိုမာနေးကို အခြားအသင်းသို့ ရောင်းချရန်လည်း ဆန္ဒမရှိဘူးလို့ဆိုပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိမှာ ဆာဒီယိုမာနေးကို တစ်ပတ်လုပ်ခလစာပေါင် ၂၂၀၀၀၀ နဲ့စာချုပ်သစ်ချုပ်ဆိုဖို့ရှိနေပြီး စာချုပ်သစ်ချုပ်ဆိုခဲ့ပါက တစ်နှစ်လုပ်ခလစာပေါင် ၁၁ ဒသမ ၅ သန်း ရရှိမှာလည်းဖြစ်ပါတယ်။

လီဗာပူးအသင်းဟာ ဆာဒီယိုမာနေးကို စာချုပ်သစ်ချုပ်ဆိုခဲ့ပါက ငါးနှစ်ခွဲသက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုဖို့လည်း ရှိနေတယ်လို့သိရပါတယ်။

## အနုပညာ

# လော့စ်အန်ဂျလိစ်မှာ ပြန်လည်ဆုံစည်းခဲ့ကြတဲ့ ဆွမ်မန်းဒပ်စ်နဲ့ ကမ်မီလာကပ်ဘဲလို



ပေါ့ပ်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဆွမ်မန်းဒပ်စ်နဲ့ ကမ်မီလာကပ်ဘဲလိုတို့ဟာ ပြီးခဲ့တဲ့ရက်တွေအတွင်း ကိုယ်စီကိုယ်စီ တေးဂီတလှုပ်ရှားမှုတွေနဲ့ အလုပ်တွေများနေခဲ့ရာ လတ်တလောမှာ နှစ်ဦးသား လော့စ်အန်ဂျလိစ်မှာ အလည်အပတ်ထွက်ခဲ့ကြတာကို တွေ့ရကြောင်း မေးလ်အွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ စက်တက်ဘာ ၁၈ ရက်မှာ ဆွမ်မန်းဒပ်စ်နဲ့ ကမ်မီလာကပ်ဘဲလိုတို့ဟာ လော့စ်အန်ဂျလိစ်ရဲ့လမ်းတွေပေါ်မှာ အတူလက်တွဲကာ လျှောက်လှမ်းခဲ့ကြပါတယ်။ ဒီလို နှစ်ဦးသားတွေ့ဆုံပြီး မကြာမီ ကော်ဖီဆိုင်တစ်ဆိုင်မှာ အတူရှိခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

ပေါ့ပ်ကြယ်ပွင့်နှစ်ဦးဟာ အဝတ်အစားအသုံးအဆောင်တွေရောင်းတဲ့ ဆိုင်တစ်ဆိုင်အတွင်းကို အတူဝင်ရောက်ခဲ့ပြီး ပြန်ထွက်လာတဲ့အခါမှာတော့ မျက်နှာဖုံးတွေ ကိုယ်စီဝတ်ဆင်လာတာကို တွေ့ရပါတယ်။ ကြယ်ပွင့်စုံတွဲဟာ လာမယ့်ဟောလိုးဝင်းပါတီအတွက် အသုံးအဆောင်တွေ ဝယ်ခဲ့ကြတာဖြစ်ပြီး အဆိုပါနေ့တွေကို ဖြတ်သန်းဖို့ရာ အဆင်သင့်ဖြစ်နေပြီလို ဆိုရမှာပါ။

ဆွမ်မန်းဒပ်စ်ဟာ လက်ရှိမှာ နယ်လှည့်တေးဂီတဖျော်ဖြေပွဲတွေကို ပြုလုပ်နေတာဖြစ်ပြီး လာမယ့် စက်တင်ဘာ ၂၅ ရက်မှာ တောင်ကိုရီးယားမှာ သွားရောက်ဖျော်ဖြေဖို့ရှိပါတယ်။ ကမ်မီလာကပ်ဘဲလိုက သူ့ရဲ့တေးသီချင်းသစ်တွေအတွက် ပရိုမိုးရှင်းလုပ်ငန်းတွေ လုပ်ဆောင်နေတာဖြစ်တယ်လို့လည်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**



မီလန်ဖက်ရှင်သီတင်းပတ်အတွင်း စက်တင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့တဲ့ "Max Mara Spring-Summer 2020 collection"မှာ ပါဝင်လျှောက်လှမ်းခဲ့ကြတဲ့ ကန်းဒစ်ဆွင်းပူးလ်၊ ဂျီဂျီဟာဒစ်နဲ့ ဒစ်ဇန်ခရော့ဇ်( ဝဲမှယာ)။

# ဖျော်ဖြေပွဲအတွင်း လက်ကိုင်ဖုန်းမသုံးဖို့ ပရိသတ်တွေကို တားမြစ်လိုက်တဲ့ မက်ဒေါနား

ပေါ့ပ်ကြယ်ပွင့် မက်ဒေါနားက လာမယ့်ဖေဖော်ဝါရီလအတွင်း ပြုလုပ်သွားမယ့် သူ့ရဲ့လန်ဒန်ဖျော်ဖြေပွဲအတွင်း ပရိသတ်တွေအနေနဲ့ လက်ကိုင်ဖုန်းမသုံးဖို့ တားမြစ်ခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၁၅ ရက်တာ ကျင်းပသွားမယ့် ဖျော်ဖြေပွဲတွေအတွင်း မက်ဒေါနားက ပရိသတ်တွေကို လက်ကိုင်ဖုန်းမသုံးဖို့ရာ တားမြစ်ခဲ့တာ ဖြစ်ပါတယ်။ ယခုသီတင်းပတ်အတွင်း အမေရိကန်မှာ ပြုလုပ်ခဲ့တဲ့ ဖျော်ဖြေပွဲတွေအတွင်းမှာလည်း ဒီလို လက်ကိုင်ဖုန်း အသုံးပြုခြင်းကို တားမြစ်တဲ့သတ်မှတ်ချက်ကို မက်ဒေါနားက စတင်မိတ်ဆက်ခဲ့ကြောင်းလည်း သိရပါတယ်။



ဒီဖျော်ဖြေပွဲတွေမှာလည်း လက်ကိုင်ဖုန်းနဲ့ အခြား စမတ်နာရီ၊ အသုံးအဆောင်တွေ၊ ကင်မရာတွေနဲ့ အသံဖမ်းစက်တွေကို အသုံးပြုခွင့်မရှိကြောင်း ဖျော်ဖြေပွဲလက်မှတ် ဝယ်ယူစဉ်ကတည်းက အသိပေးခဲ့ပြီးဖြစ်ကြောင်းလည်း သိရပါတယ်။

# ထိုင်းရေဘေးအတွက် လှူဒါန်းခဲ့တဲ့ လီဆာ

တောင်ကိုရီးယားရဲ့ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BLACK PINK"ရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ လီဆာဟာ ထိုင်းလူမျိုးတစ်ဦးဖြစ်ပါတယ်။ သူဟာ လတ်တလော ထိုင်းမှာဖြစ်ပွားခဲ့တဲ့ ရေကြီးမှုဒဏ်ကို ခံစားနေရသူတွေအတွက် အလှူငွေတွေ ပေးအပ်ခဲ့ကြောင်း အီးအွန်လိုင်းဒေ့ါကွန်းရဲ့ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဘူရီရန်ပြည်နယ်မှာ ဖြစ်ပွားခဲ့တဲ့ ရေကြီးမှုတွေအတွက် လီဆာက ဘတ်တစ်သိန်း လှူဒါန်းခဲ့ပါတယ်။ ဒီပြည်နယ်ဟာ လီဆာရဲ့ဇာတိလည်းဖြစ်တာကြောင့် ယခုလို လှူဒါန်းခဲ့တာ ဖြစ်တယ်လို့လည်း သိရပါတယ်။

သာသနာရေးဝန်ကြီးဌာနမှုံးအဖွဲ့ ၄၅၂(မြိမ်း) ဦးမောင်မောင်မြင့် ဦးစီးသော
နာလန္ဒာ ဗုဒ္ဓဝါဒ ဘုရားဖူးအဖွဲ့
အိန္ဒိယ/နီပေါနိုင်ငံတို့ရှိ သံဝေဇနီယအဖြစ်ဓာတ်တလေးဌာနတို့သို့
ဘုရားဖူးပို့ဆောင်ပေးလျက်ရှိပါသည်။ အသက်သာလုံးစေရန်နှင့်
အကောင်းဆုံးသောဝန်ဆောင်မှုတို့ဖြင့် ဘုရားဖူးများ စိတ်အေးချမ်းသာစွာဖြင့်
သွားရောက် ဖူးမျှော်နိုင်ရန် စီစဉ်ထားပါသည်။ မိသားစုသီးသန့်ခရီးစဉ်များနှင့်
(၁၄)ညအိပ်(၁၅)ရက်ခရီး၊ (၁၁)ညအိပ်(၁၂)ရက်ခရီး၊ (၇)ညအိပ်(၈)ရက်ခရီးစဉ်များကို
ပို့ဆောင်ပေးပါသည်။ (၁၈)ဦးလျှင်(၁)ဦးအခမဲ့ပေးပါသည်။
ခရီးစဉ်တလျှောက်ဝန်ဆောင်မှုများမှာ စရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-(၂၂၃)မြေညီထပ်၊ဗိုလ်တထောင်စေျးလမ်း(သခင်ဖိုးခင်လမ်း)၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ဖုန်း-၀၉၄၂၀၈၂၂၅၇၊ ၀၉၄၁၁၀၃၈၀၈၈၊ ၀၉၇၃၁၃၁၃၅၁၃
၀၉၉၆၄၂၀၈၂၂ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

## မြစ်ကြီးနားကောလိပ် ၁၉၇၄-၇၅-၇၆ ပညာသင်နှစ်
## ကျောင်းသား / သူဟောင်းများ၏
## တတိယအကြိမ် အာစရိယပူဇော်ပွဲကျင်းပရေး

မြစ်ကြီးနားကောလိပ်တွင် ၁၉၇၄-၇၅-၇၆ထိ ပညာသင်ယူခဲ့ကြသော ကျောင်းသား/သူဟောင်းများ၏ တတိယအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၀၁၉ခုနှစ်၊ နိုဝင်ဘာလ ၂၉၊ ၃၀ ရက်များတွင် မန္တလေးမြို့ HOTEL QUEEN ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား/သူဟောင်းများအားလုံး တက်ရောက်နိုင်ကြပါရန် နှိုးဆော်အပ်ပါသည်။

**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**

ဘဏ်စာရင်းအမှတ် 12530206300084201 KBZဘဏ်ခွဲ MDY15။

| | | |
|---|---|---|
| ၁။ ဦးခင်မောင်ဝင်း(သချာၤ) | မန္တလေး | (09-975238285) |
| ၂။ ဦးထွန်းဝင်းအောင်(ရက္ခဗေဒ) | မန္တလေး | (09-2015895) |
| ၃။ ဦးခင်မောင်တင့်(သမိုင်း) | မန္တလေး | (09-2033462) |
| ၄။ ဦးချိုတူး(သတ္တဗေဒ) | မန္တလေး | (09-91009026) |
| ၅။ ဒေါ်ခင်ဆွေမြင့်(ရုက္ခဗေဒ) | ပြင်ဦးလွင် | (09-2009494) |
| ၆။ ဦးတက်ဝင်း(ရူပဗေဒ) | မုံရွာ | (09-2132517) |
| ၇။ ဦးသာဌေး(ရုက္ခဗေဒ) | မိုးညှင်း | (09-256351344) |
| ၈။ ဦးတင်မောင်ချို(သချာၤ) | ရန်ကုန် | (09-5018356) |
| ၉။ ဦးမျိုးမြင့်(သချာၤ) | ရန်ကုန် | (09-965049101) |

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၊ ပြည့်ဖြိုးမြစွမ်းအင်နှင့် ရေအားစက်ရုံများဌာန လက်အောက်ရှိ ကြီးအုံကြီးဝဓာတ်အားပေးစက်ရုံအတွက် အောက်ဖော်ပြပါပစ္စည်းအား (မြန်မာကျပ်ငွေ) ဖြင့် (DDP At Site) အရောက်ဝယ်ယူရန် **အိတ်ဖွင့်တင်ဒါ**ခေါ်ယူလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း |
|---|---|---|
| (က) | Tender No.30/ EPGE/2019-2020 | ကြီးအုံကြီးဝဓာတ်အားပေးစက်ရုံအတွက် Runner Assembly and Related Accessories (1) Set ဝယ်ယူခြင်း |

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်း အဆိုပြုလွှာ(Technical Proposal)နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal)တို့အား သီးခြားစီချိပ်ပိတ်၍ တင်ဒါပိတ်ရက် **၂၃-၁၀-၂၀၁၉ရက် ၁၄:၀၀နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်)** လာရောက်တင်သွင်းရမည်။

၃။ တင်ဒါပုံစံအား **၂၃-၉-၂၀၁၉ရက်**မှစတင်၍ ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာနဝက်ဘ်ဆိုဒ်(www.moee.gov.mm)တွင်လည်း ကြော်ငြာထားမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ(ဖုန်း-၀၆၇-၈၁၀၄၂၇၈၊ ၀၆၇-၈၁၀၄၂၇၉)**

KN tech Engineering Group
Air-Con
Ph: 09-400788135
09-762276128

ရောင်ခြည်ထစ်
အိမ်ခြောင်း/အိမ်ရှေ့လုပ်ငန်း
10',14',15' အားများဖြင့်
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773

## (၁၇-၉-၂၀၁၉)ရက်စွဲပါမြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၂၆)ပါ တရားလွှတ်တော် ရှေ့နေဒေါ်ရှိစလင်း၏ဒေါ်ခင်စန္ဒာလင်းနှင့် အများသိစေရန် ကြော်ငြာချက်အား ပြန်လည်ရှင်းလင်း အသိပေးကြော်ငြာခြင်း

[illegible]

[illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ကျော်ထွန်း LL.B, LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၁၆၃)
အမှတ်(၁၁၁/၁၁၃)၊ ဒုတိယထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၄၂၁၀၈၉၃၁၉

ATTOLLO TRAVEL အက်တို(လ်)လို
မြစ်ကြီးနား-အသုံးတောင် (၅ည/၆ရက်) VIP 2+1 OCT 10
ရှင်းပြည်နယ်-နတ်မောက်တောင်-စစစ (၄ည/၅ရက်) OCT 11
ယိုးဒယား-ဒီမောဆို-ကားလော (၄ည/၅ရက်) OCT 11
တောင်ကြီး-အင်းလေး-ပင်းတယ (၄ည/၅ရက်) OCT 11
မန္တလေး-ပြင်ဦးလွင်-မိုးကုတ် (၄ည/၅ရက်) OCT 11
မန္တလေး-စစ်ကိုင်း-အင်းဝ-မင်းကွန်း (၄ည/၅ရက်) OCT 11
ပုဂံ-ပုပ္ပါး-မစ္စတူ (၄ည/၅ရက်) OCT 11
01-381067, 09-32109138, 09-795418474

ဓါနိဝင်းနှင့်ရောင်းရင်းများ
သီတင်းကျွတ်လ အထူးခရီးစဉ်များ ကြိုတင်ဝယ်ယူနိုင်ပါပြီ
▲ တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင်(၄)ရက်၊ ရွှေ့ဖင်ကော်ပါ(၅)ရက်။
▲ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ ဝလေ (၄)ရက်။
▲ ပုဂံ၊ ပုပ္ပါး၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ၊ ကျောက်စိမ်း (၄)ရက်။
▲ မန္တလေး၊ ပြင်ဦးလွင်၊ ၇-မိုင်ကမ်းခြေ၊ ကျောက်စိမ်းဘုရား (၃)ရက်။
▲ ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ(၅)ရက်။
▲ မြစ်ကြီးနား၊ မြစ်ဆုံ၊ အင်းတော်ကြီး၊ ရွှေမျှ၊ ဝန်းမောက်ဝလုံတောင်(၅)ရက်။
▲ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲကမ်းခြေ၊ ဘားအံ၊ သမိုင်းဝင် ၇(၅)ဂူ။
▲ ကျိုက်ထီးရိုး(နေ့စဉ်) ▲ ပြည်၊ အကောက်တောင်(ဝနေ၊ ရုံပိတ်ရက်) ▲ ဝလွန်(တနင်္ဂနွေ)
Oct 10
နှင့် အပတ်စဉ် သောကြာနေ့တိုင်း ထွက်မည်။
ရုံးဖုန်းဆိုင်ရာနံပါတ်များ 09-780055553, 09-780055554, 01-249871, 01-255553




Taw Win Nan Htake Htar Travels & Tours
09- 4500 43394, 09-252630799, 09-787177990
Oct - 11,25
Nov - 8,20 , Dec -24,28







တော တောင် ခြောက် ခန်း လယ် ယာ နွမ်း ၏


အားလုံး အားလုံးပျော်ဖို့
HAPPY
ဘီစကစ်
ဝလာမပါ
ရွှေလမ်းငွေလမ်း
ပထမအကြိမ် ကံထူးရှင်များ
ကျပ်သိန်း (၁၀၀) ကံထူးရှင်
Samsung Note 10 ကံထူးရှင်
Hot Line - 09 264 566 047
www.facebook.com/HappyBiscuitsMyanmar


MNU
University of East London
Pearson
MYANMAR NOBLE UNIVERSITY
SEPT, OCT
INTAKE
MNU
MBA (International Business)
Bachelor Degree Top-Up
Higher National Diploma
HND Level-3 Diploma
•Engineering •Business •Information Technology
Aiming for Success
MNU
INTERNSHIP PROGRAM
ASSIGNMENT/ POWERPOINT/ SITE VISIT/ WORKSHOP
MBA
GET 10% OFF
TUITION FEE
EARLY BIRD PROMOTION
DISCOUNT
100,000 KS
Until 30th September

# ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာအမျိုးသားပြခန်းဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်စည်ပြခန်းဆောင်အတွင်း လှည့်လည်ကြည့်ရှု



ဒုတိယသမ္မတ ဦးမြင့်ဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီး ဦးဇော်မင်းတို့ မြန်မာအမျိုးသားပြခန်းဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နန်နင်း စက်တင်ဘာ ၂၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းမြို့၌ ရောက်ရှိနေသော ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အဖွဲ့ဝင်များနှင့်အတူ ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နန်နင်းအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပသည့် မြန်မာအမျိုးသားပြခန်းဆောင် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကုန်စည်ပြခန်းဆောင်အတွင်း လှည့်လည်ကြည့်ရှုသည်။

**ကြိုဆိုနှုတ်ဆက်**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် ဒေသစံတော်ချိန် နံနက် ၉ နာရီ မိနစ် ၂၀ တွင် မော်တော်ယာဉ်များဖြင့် ချင်းကျိုး (Qinzhou) မြို့ရှိ Free Trade Port Area Management Committee ရုံးသို့ရောက်ရှိရာ ချင်းကျိုးမြို့ ဒုတိယမြို့တော်ဝန် Mr. Liu Renshan နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ချင်းကျိုးမြို့ လွတ်လပ်သော ကုန်သွယ်မှုဆိပ်ကမ်းဇရိယာ (Free Trade Port Area) ပုံစံငယ်ကို ကြည့်ရှုလေ့လာရာ လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းဇရိယာ စီမံခန့်ခွဲမှုကော်မတီ ဒုတိယအကြီးအကဲ Mr. Huang Shanrong နှင့် လွတ်လပ်သောကုန်သွယ်မှုဆိပ်ကမ်းဇရိယာ စီမံခန့်ခွဲမှုကော်မတီ

**စာမျက်နှာ ၅ ကော်လံ ၁ သို့**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ UMFCCI Centennial International Expo 2019 ဖွင့်ပွဲအခမ်းအနား တက်ရောက်အမှာစကားပြောကြား




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ မြို့တော်ဝန် ဦးမောင်မောင်စိုးနှင့် အသင်းချုပ်ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က UMFCCI Centennial International Expo 2019 အခမ်းအနားအား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးကြစဉ်။

**ရန်ကုန် စက်တင်ဘာ ၂၀**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ သာကေတမြို့နယ် Fortune Plaza ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ နှစ်(၁၀၀) ပြည့် အထိမ်းအမှတ်အဖြစ် ကျင်းပသည့် UMFCCI Centennial International Expo 2019 ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ စက်မှုဝန်ကြီးဌာနနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ရှိသူများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် CEC, EC များ တက်ရောက်ကြသည်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့**

